# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက် | ၂၀၂၁ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၂၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၈/၂၀၂၁) MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာ ရှင်းလင်းပွဲ(၈/၂၀၂၁)ကို ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ယင်းသတင်းစာရှင်းလင်းပွဲကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MITV၊ MOI Website၊ MOI Youtube နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ် စရာ**

ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ဖိလစ်ပိုင်နိုင်ငံ) စာ - ၆

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်း၊ အမွေခွဲဝေခြင်းဆိုင်ရာ အခြေခံသဘောတရားများ စာ - ၁၀

ဒယ်လ်တာကိုဗစ်- ၁၉ မျိုးစိတ်သစ်ကူးစက်မှုမြင့်တက်လာတဲ့အတွက် လေးကြိမ်မြောက် ကိုရိုနာပိုင်းရပ်စ်အရေးပေါ်အခြေအနေကို ဂျပန်ပြဋ္ဌာန်း စာ - ၁၄


## ကိုဗစ် - ၁၉ ရောဂါကာကွယ်ဆေးများ ဒုတိယအကြိမ်ထိုးနှံရန် ဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၂၅

ကျန်းမာရေး ဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိသည်။

ဇူလိုင် ၂၆ ရက်မှစတင်၍ တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဝယ်ယူ/ လှူဒါန်းရရှိသည့် Sinopharm နှင့် Sinovac ကာကွယ်ဆေးများကို တိုင်းဒေသကြီး/ပြည်နယ်များတွင် ပထမအကြိမ်အဖြစ် ထိုးနှံခဲ့သည်။ ဒုတိယအကြိမ်


*စာမျက်နှာ ၃ ကော်လံ ၄* ❒




ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဒုတိယအကြိမ် ထိုးနှံနိုင်ရေးအတွက် ဝေးလံခက်ခဲဒေသများသို့ တပ်မတော်လေယာဉ်ဖြင့် ဖြန့်ဖြူးပေးနေစဉ်။


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင်
Digital Mobile Money-DMM(App) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများကိုထပ်မံရယူနိုင်ပါပြီ။
E-Commerce လုပ်ငန်းငွေပေးချေမှုများဆောင်ရွက်ခြင်း၊ e-Topup ဖုန်းဖြောခဖြည့်သွင်းခြင်း
နှစ်အတွင်းကာလတိုချေးငွေလျှောက်ထားခြင်း၊ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
နေပြည်တော် - ဖုန်း - ၀၉ ၃၁၀၀၀၇၇၇၊ ၀၉ ၆၉၈၄၈၄၉၈၄၊ ၀၉ ၂၅၃၈၆၇၅၂၀
ရန်ကုန် - ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁၊ ၀၉ ၃၁၀၀ ၁၁၂၂၊ ၀၉ ၃၁၀၀ ၁၁၃၃
မန္တလေး - ဖုန်း - ၀၉ ၆၉၃၁၁၁၃၃၂၊ ၀၉ ၆၆၉၁၃၄၁၉၇
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

# ကြီးမြတ်သည့် နိုင်ငံတော်ကို တည်ဆောက်မည့် နိုင်ငံသားကောင်း

နိုင်ငံရေးအစွန်းရောက်မှုများက နိုင်ငံကို မည်မျှပျက်စီးစေနိုင်ကြောင်းကို ပစ္စုပ္ပန်ကာလ မိမိတို့ဖြတ်သန်းနေကြရသည့် သမိုင်းဝင်ဖြစ်ရပ်များတွင် တွေ့မြင်နိုင်သည်။ မိမိတို့နိုင်ငံသည် ဒီမိုကရေစီသက်တမ်းနုသေးသည့် နိုင်ငံတစ်နိုင်ငံသာဖြစ်သည်။ နိုင်ငံဟူသည့် အနက်အဓိပ္ပာယ်တွင် နိုင်ငံသားမပါဘဲမပြည့်စုံ။ ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံအဖို့ ဉာဏ်အမြော်အမြင်ရှိသော၊ မိမိကိုယ်ကိုယ် ထိန်းသိမ်းစောင့်စည်းတတ်သော၊ စည်းကမ်းဥပဒေကို ရိုသေလေးစားလိုက်နာတတ်သော၊ အညီအညွတ် ပူးပေါင်းဆောင်ရွက်တတ်သော၊ နှီးကြွထကြွလုံ့လနှင့် ပြည့်စုံသော နိုင်ငံသားများ အင်ပြည့်အားပြည့်ရှိနေဖို့လိုအပ်သည်။

ကြီးမြတ်သော နိုင်ငံတော်ကို ဖိုးသုညများဖြင့် တည်ဆောက်၍မရနိုင်။ နိုင်ငံတစ်နိုင်ငံ၏ ကြီးမြတ်ခြင်းကို ဉာဏ်အမြော်အမြင်နှင့် စိတ်ဓာတ်မြင့်မားသည့် နိုင်ငံသားများဖြင့်သာ ရယူနိုင်သည်။ တွေးခေါ်မြော်မြင်မှုနိမ့်ကျပြီး အများယောင်၍ လိုက်ယောင်၊ ဟိုလူပြော ဟုတ်နိုးနိုး၊ ဒီလူပြော ဟုတ်နိုးနိုးနှင့် ဆင်ခြင်တွေးဆနိုင်မှုစွမ်းအားကင်းမဲ့သူများမှာ နိုင်ငံကို ကြီးမြတ်အောင် တည်ဆောက်ရန်မဆိုထားဘိ မိမိကိုယ်ကိုယ်ပင် တည်ဆောက်နိုင်မည်မဟုတ်ပေ။

ထို့နည်းတူစွာပင် မိမိကိုယ်ကိုယ် ထိန်းသိမ်းစောင့်စည်းနိုင်သူသည် ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်သဘောထားကြီးခြင်း၊ စည်းကမ်းလိုက်နာခြင်း၊ ရိုသေလေးစားတတ်ခြင်း စသည့်ကိုယ်နှုတ်နှလုံးသုံးပါးသော အရည်အချင်းတို့နှင့် ပြည့်စုံသူများဖြစ်ကြသည်။ မိမိ၏အကျိုးနှင့် အများ၏အကျိုးတို့ ယှဉ်လာလျှင် မိမိ၏ အကျိုးကိုစွန့်လွှတ်နိုင်သော စိတ်ဓာတ်၊ လူမှုရေးရာပြဿနာများကို အခြေခံကျကျ ရှုမြင်နိုင်စွမ်းရှိပြီး ပြဿနာများကို ဖြေရှင်းနိုင်ရန် ရေရှည်မျှော်တွေးနိုင်သည့် စွမ်းရည်များက နိုင်ငံသားကောင်းတို့၏ စွမ်းရည်များပင်ဖြစ်သည်။

နိုင်ငံဟူသည် နိုင်ငံသားများ ပါဝင်ဖွဲ့စည်းထားသည့် လူ့အဖွဲ့အစည်းကြီးပင် ဖြစ်သည့်အလျောက် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေတို့နှင့် ချည်နှောင်ဖွဲ့စည်းထားရသည်။ စည်းကမ်း၊ ဥပဒေဆိုသည်တို့မှာ အများအကျိုး၊ တစ်ဦးချင်းတို့၏ အကျိုးများ ပါဝင်နေသည့်အတွက် နိုင်ငံသားတိုင်းက ရိုသေလေးစားလိုက်နာကြရမည်သာ ဖြစ်သည်။ မိမိကိုယ်ကျိုးအတွက် ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ခြင်းသည် နိုင်ငံသားတစ်ယောက်၏ တာဝန်ပျက်ကွက်ခြင်းသာမက စာရိတ္တပျက်ယွင်းခြင်းပင်ဖြစ်ပြီး နိုင်ငံသားတိုင်း ပြည်သူ့တာဝန်ကို ကျေပွန်ကြရမည်ဖြစ်သည်။ ပြည်သူ့တာဝန်ဟုဆိုရာတွင် နိုင်ငံ၏ အကျိုးစီးပွားကို ပျက်ပြားစေမည့် အတွင်းရန်၊ အပြင်ရန်တို့ကို တွန်းလှန်ဖြိုဖျက်မည်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး သာယာဝပြောရေးအတွက် မိမိစွမ်းဆောင်နိုင်သည့်ဘက်မှ ဝင်ရောက်ဆောင်ရွက်မည်ဟူသည့် သန္နိဋ္ဌာန်မျိုးရှိသင့်ကြသည်သာဖြစ်သည်။ နိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံ့တာဝန်ကို နားလည်မှုမရှိ၊ ကျေပွန်မှုလည်းမရှိ၊ ထမ်းဆောင်လိုသည့် ဆန္ဒလည်းမရှိပါက နိုင်ငံသားအဖြစ် ထိုက်တန်တော့မည် မဟုတ်ပေ။

အညီအညွတ်ပူးပေါင်းဆောင်ရွက်ခြင်းက မိမိတို့နိုင်ငံကဲ့သို့သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံအဖို့ ပို၍ပင်အရေးကြီးသည်။ အညီအညွတ် ပူးပေါင်းဆောင်ရွက်ခြင်းကသာ အကျိုးရလဒ်ကောင်းဖြစ်ထွန်းစေနိုင်သည်။ အများနှင့်အတူ ပူးပေါင်းဆောင်ရွက်ရာတွင် သဘောထားသေးသိမ်ခြင်း၊ မယုံကြည်ခြင်း၊ မနာလိုဝန်တိုခြင်း၊ ရိုးဖြောင့်မှုမရှိခြင်းတို့က ဖယ်ရှားပစ်ရမည့် အယုတ်တရားများဖြစ်ကြသည်။ ဖြူစင်သော စေတနာ၊ မှန်ကန်သောလုပ်ငန်းစဉ်တို့ကို နိုးကြားထကြွ လုံ့လနှင့် ပြည့်စုံစွာ အညီအညွတ် စုပေါင်းလုပ်ဆောင်ကြခြင်းဖြင့် နိုင်ငံသည် ကြီးမြတ်သည့် နိုင်ငံတော်ဖြစ်လာမည်ဖြစ်ပြီး ရေမြင့်ပါက ကြာတင့်သည့် သဘောသဖွယ်ပင် နိုင်ငံသားတိုင်းသည်လည်း ကြီးမြတ်သည့် နိုင်ငံသားများအဖြစ် ရောက်ရှိလာမည်ဖြစ်သည်ကို သတိမူကြကာ နိုင်ငံသားတိုင်းက နိုင်ငံသားကောင်းဖြစ်ရေး အားထုတ်နိုင်ကြပါစေကြောင်း။ ။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၁၇၅ / ၂၀၂၁
၁၃၈၃ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်
(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ် ခွန်သန့်ဇော်ထူး အား နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင် ကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေမည်။ မိုး/ဇလ

## ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ငဝန်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားတက်ရောက်




ပုသိမ် ဩဂုတ် ၂၅

ပုသိမ်မြို့နယ် ငဝန်မြစ်အတွင်း ငါးသားပေါက်များ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ရေလုပ်သားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ငါးထုတ်လုပ်မှု တိုးတက်စေရန်၊ ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ သားစဉ်မြေးဆက် ငါးစားသုံးနိုင်စေရန်အတွက် ငဝန်မြစ်အတွင်း ငါးသားပေါက်များ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျန်းမာရေး ဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့် အညီ ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ပုသိမ်ငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀၀ နှင့် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀၊ စုစုပေါင်း ကောင်ရေ ၅၀၀၀၀၀ အား ငဝန်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပုသိမ်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနမှူး၊ ငါးလုပ်ငန်းကြီးကြပ်မှုကော်မတီအဖွဲ့နှင့် ပုသိမ်မြို့နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံတို့က ပုသိမ်မြို့နယ် အမှတ်(၁၂)နယ်မြေ သရောင်းချောင်းမျိုးသန့် ခြံအတွင်းရှိ ဆင့်ပွားမျိုးစေ့ ပေါ်ဆန်းဘေးကြား စိုက်ခင်းအတွင်း ငါးခုံးမ ကြီးကောင်ရေ ၁၁၇၅၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဝသာန်မိုးရာသီ တေးသီချင်းများဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ပြသမည်

နေပြည်တော် ဩဂုတ် ၂၅

ဝသာန်မိုးရာသီ တေးသီချင်းများ ဖျော်ဖြေပွဲ၏ ပွဲစဉ်(၁၃)ကို ဩဂုတ် ၂၇ ရက် သောကြာနေ့ ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၌ ထုတ်လွှင့်ပြသမည် ဖြစ်သည်။

ယင်းအစီအစဉ်ကို ဂီတချစ်သူများ တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် တက္ကသိုလ်ကိုကိုဇော်၊ ထက်မြက်စိုး၊ အံ့ကျူးမောင်၊ ထက်အာကာကျော်၊ ရဲရင့်ဝေလွင်၊ မေထူးကျော်၊ စုလှိုင်မျိုးသိန်း၊ ဝင့်နဒီထက်နှင့် ဘိုမတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် ဩဂုတ် ၂၅

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၂၉)ကို ဩဂုတ် ၂၇ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။ အဆိုပါ ပွဲစဉ် (၂၉)၏ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ထူးပြည့်အောင်နှင့် ဆုမြလှိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဩဂုတ် ၂၇၊ ၂၈၊ ၂၉ ရက်နေ့များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချသွားရမည်

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှဖန်တီးပေးသော အသုံးချနိုင်သည့် အထင်ကရမြစ်ကြီးများ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်ရှိကြောင်း၊ သဘာဝအလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့် ဒေသနေပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လိုကြောင်း၊ ဒေသအလိုက် မြစ်ချောင်းများကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး တစ်ဖက်မှလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသယံဇာတများရှိ၍ စက်ရုံများ၏ စွမ်းအင်လိုအပ်ချက်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိအောင် ချိန်ဆ၍ နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချသွားရမည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၀-၈-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅



**အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management –AHA Centre)က ပေးအပ်မည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ (Task Force) ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရောဝတီခန်းမ၌ ကျင်းပသည်။** (ယာပုံ)

အစည်းအဝေးသို့ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အာဆီယံခေါင်းဆောင်ကြီးများ အစည်းအဝေးတွင် သဘောတူညီခဲ့ကြသည့် တူညီဆန္ဒ (၅)ချက်အနက် စတုတ္ထအချက်အား အကောင်အထည်ဖော်သည့်အနေဖြင့် အာဆီယံဝင်နိုင်ငံများ၊ ဆွေးနွေးဖက် ဆက်ဆံရေးနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်ဆက်ဆံရေးနိုင်ငံများထံမှ စာနာထောက်ထားမှုအကူအညီများ ပေးအပ်ရာတွင် ထိထိရောက်ရောက်နှင့် စီမံခန့်ခွဲလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဤလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အာဆီယံမှ ပေးအပ်မည့် အကူအညီများအနေဖြင့် မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ စတင်ရောက်ရှိလာကြတော့မည်ဖြစ်ပါကြောင်း၊ အဆိုပါဆေးဝါးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား သယ်ယူပို့ဆောင်ဖြန့်ဖြူးရာတွင် အခက်အခဲမရှိစေရေး အာဆီယံ AHA Centre၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အာဆီယံနှင့် မိတ်ဆွေနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး ထိရောက်စွာလုပ်ဆောင်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပံ့ပိုးမှုလုပ်ငန်းကို ကာလတို (Phase–1) နှင့် ကာလရှည် (Phase–2) အဆင့်(၂)ဆင့်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဆွေနိုင်ငံများမှ ကာကွယ်ဆေးနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းမှုအခြေအနေများ၊ ပစ္စည်းများရောက်ရှိမည့် အခြေအနေများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်ကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက်မြန်မာနိုင်ငံသို့ အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီများကို (AHA Centre)မှတစ်ဆင့် ပေးအပ်မည့်အခြေအနေများနှင့်စပ်လျဉ်း၍ နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




❒ ***ရွှေဖုံးမှ***

ကာကွယ်ဆေးများ ထိုးနှံနိုင်ရေးအတွက် ဩဂုတ် ၂၁ ရက်မှစတင်၍ မြေပြင်ခရီးလမ်းကြောင်းမှ ဖြန့်ဖြူးပေးလျက်ရှိသည့်အပြင် ဝေးလံခက်ခဲဒေသများသို့ တပ်မတော်(လေ)နှင့် မြန်မာ့လေကြောင်းတို့၏အကူအညီဖြင့် လေကြောင်းခရီးမှလည်း ဖြန့်ဖြူးပေးလျက်ရှိသည်။

ဩဂုတ် ၂၅ ရက်အထိ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။

**ဖြန့်ဖြူးပေး**

အဆိုပါကာကွယ်ဆေးများထိုးနှံရာတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးများရှိ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများကို ထိုးနှံပေးရန်အတွက်လည်း ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မော်တော်ယာဉ်များဖြင့် ဖြန့်ဖြူးပေးနေမှုကို တွေ့ရစဉ်။**

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲသည့် မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် အပြီးသတ်ဆွေးနွေးညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan- MERP) အပြီးသတ်ညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ Virtual စနစ်ဖြင့် ကျင်းပသည်။**

အစည်းအဝေးသို့ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (Myanmar Economic Recovery Plan- MERP) အပြီးသတ်ညှိနှိုင်းသည့် အစည်းအဝေးကို Virtual စနစ်ဖြင့် ကျင်းပစဉ်။

## ပြောင်းလဲဆောင်ရွက်

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ယခုရေးဆွဲထားသည့် မြန်မာနိုင်ငံ စီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက်သည် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သော နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးဦးတည်ချက်များနှင့်အညီ မိမိနိုင်ငံ၏ ပကတိလိုအပ်ချက်များအပေါ် အခြေခံကာ ကမ္ဘာ့ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်၊ မဟာမဲခေါင်ဒေသဖွံ့ဖြိုးရေးအစီအစဉ်၏ ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး စီမံချက် (၂၀၂၁-၂၀၂၃) တို့နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရန်အချက်များကို ပြုစုရေးဆွဲထားခြင်းဖြစ်ပါကြောင်း၊ စီမံချက်သည် လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၂၇ ခု၊ လုပ်ငန်းစဉ် ၄၀၇ ခုတို့ဖြင့် ရေးဆွဲထားသည့် Framework တစ်ခုသာဖြစ်ကြောင်း၊ စီမံချက်တွင်ပါရှိသည့် လုပ်ငန်းအစီအစဉ်များနှင့် လုပ်ငန်းစဉ်များကို အခြေအနေပေါ်မူတည်၍ ပြောင်းလဲဆောင်ရွက်သွားရန် စီမံထားရှိမည်ဖြစ်ကြောင်း။

## ထုတ်ပြန်ဆောင်ရွက်သွားမည်

သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မည့် ဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် အပြောင်းအလဲများရှိပါက ပြန်လည်ပြင်ဆင်ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းစဉ်များသည် ကာလတိုနှင့် ကာလလတ်စီမံချက်များဖြစ်သော်လည်း အချို့သော လုပ်ငန်းစဉ်များမှာမူ ကာလရှည်အမျိုးသားအဆင့် စီမံကိန်းနှင့်ချိတ်ဆက်၍ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စီးပွားရေးပြန်လည်ဦးမော့စေရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရာတွင် ဦးဆောင်မည့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဆိုပါဝန်ကြီးဌာန၏ လိုအပ်ချက်အရ ဆက်စပ်ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်သည့် အခြားသောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် လိုအပ်သလိုပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ရာတွင် မျှော်မှန်းထားသည့်ရလဒ်များပြည့်မီမှုအခြေအနေကိုသိရှိနိုင်ရန် သက်ဆိုင်ရာကဏ္ဍအသီးသီးအတွက် ညွှန်ကိန်းများ (Key Performance Indicator-KPI) သတ်မှတ်၍ အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်အကဲဖြတ်ခြင်း (Monitoring and Evaluation) များ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ညွှန်ကိန်းများ သတ်မှတ်ဆောင်ရွက်ရေးကိုလည်း သက်ဆိုင်ရာ အကောင်အထည်ဖော်ဆောင်မည့် ဝန်ကြီးဌာနများနှင့် ဆက်လက်တိုင်ပင်၍ ထုတ်ပြန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဝါဝါမောင်က စီမံချက်ပါလုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြခဲ့ပြီး အစည်းအဝေးတက်ရောက်လာကြသူများက စီမံချက်မူကြမ်းအပေါ် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးကာ စီမံချက်အား ဆက်လက်အတည်ပြုရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ်၌ ကုန်ထုတ်တံတားဖွင့်ပွဲကျင်းပ



**ဘားအံ ဩဂုတ် ၂၅**

သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဘားအံမြို့နယ် မိကရင်ကျေးရွာ ကုန်ထုတ်တံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက အဆိုပါတံတားတည်နေရာ၌ ကျင်းပသည်။

ကုန်ထုတ်တံတားဖွင့်ပွဲတွင် ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမျိုးမျိုးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် မိကရင်ကုန်ထုတ်တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိကရင်ကျေးရွာ ဒေသခံပြည်သူများအတွက် ပါးစပ်နှင့်နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူးတို့က မိကရင်ကုန်ထုတ်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး (ယာပုံ) ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြကာ အဆိုပါ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

မိကရင်ကုန်ထုတ် တံတားသည် အရှည် ပေ ၈၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ၁၄ ပေရှိ လက်ရန်းပါ သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေ ၁၀၀ ဒသမ ၈၈ သန်းဖြင့် ငွေစင်ဆန်းသစ်ကုမ္ပဏီ လီမိတက်က တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်ကာ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေ၍ ကျေးလက်ဒေသ လယ်ယာထုတ်ကုန်များအား ဈေးကွက်သို့ အချိန်တို အတွင်း သယ်ယူပို့ဆောင်ရောင်းချ နိုင်တော့မည်ဖြစ်ရာ ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်တော့မည်ဖြစ်သည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

# သတ်မှတ်နယ်မြေကျော်လွန်မှုဖြင့် တရုတ်နိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီး ပြန်လည်လွှတ်မြောက်လာသူများအား နေရပ်အသီးသီးသို့ ပြန်လည်စေလွှတ်

**ချင်းရွှေဟော် ဩဂုတ် ၂၅**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့နယ်စပ်ဂိတ်တွင် ပြန်လည်လွှဲပြောင်းပေးအပ်လာသည့် သတ်မှတ်နယ်မြေကျော်လွန်မှုဖြင့် တရုတ်နိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီး ဩဂုတ် ၁၀ ရက်က ပြန်လည်လွှတ်မြောက်လာသူ မြန်မာနိုင်ငံသား အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၄ ဦးနှင့် ဩဂုတ် ၁၁ ရက်က ပြန်လည်လွှတ်မြောက်လာသူ မြန်မာနိုင်ငံသား အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၉ ဦးတို့အား ရပ်ကွက်(၃) ချင်းရွှေဟော်မြို့ အခြေခံပညာအထက်တန်းကျောင်း Facility Quarantine Centre တွင် ထားရှိသည်။

အထက်ပါ နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ RDT Test Kit ဖြင့် ကျန်းမာရေးဝန်ထမ်းများက ဓာတ်ခွဲစမ်းသပ်စစ်ဆေးခဲ့ရာ ရောဂါပိုးတွေ့ရှိမှု မရှိကြောင်းနှင့် Facility Quarantine Centre တွင် ၁၄ ရက်ပြည့်မြောက်ပြီဖြစ်သဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နေရပ်အသီးသီးသို့ ဩဂုတ် ၂၄ ရက်က ပြန်လည်စေလွှတ်ခဲ့ကြောင်း မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်ထံမှ သိရသည်။

အဆိုပါနေရပ်ပြန် ၄၉ ဦးသည် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေထိုင်သူများဖြစ်ကြောင်း သိရှိရသည်။

**စည်သူမောင်မောင်**

**(ပြန်/ဆက်)**

# အရှေ့တောင်အာရှဒေသဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေး အမေရိကန်စင်တာ ဖွင့်ပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့်ကျင်းပသည့် အရှေ့တောင်အာရှဒေသဆိုင်ရာ ရောဂါကာကွယ်ထိန်းချုပ်ရေး အမေရိကန်စင်တာ (U.S. CDC, Southeast Asia Regional Office) ဖွင့်ပွဲအခမ်းအနားတက်ရောက်စဉ်။

**နေပြည်တော် ဩဂုတ် ၂၅**
ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ JW Marriott Hanoi တွင် ယနေ့မွန်းလွဲ ၃နာရီက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည့် U.S. Health Engagement in Southeast Asia: Launch of U.S. Centers for Disease Control and Preventions၊ Southeast Asia Regional Office ဖွင့်ပွဲ အခမ်းအနားကျင်းပရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mr. Pham Binh Min နှင့် အမေရိကန်နိုင်ငံ၊ ဒုတိယသမ္မတ Ms. Kamala Harris၊ ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီး၊ U.S. Secretary of Health and Human Services၊ အာဆီယံနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ အင်ဒိုနီးရှားနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးနှင့် U.S. CDC မှ ညွှန်ကြားရေးမှူးတို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် အတူ အာဆီယံ နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ပါပူဝါနယူးဂီနီနိုင်ငံမှ ကျန်းမာရေးဝန်ကြီး၊ U.S. CDC မှ တာဝန်ရှိသူများ၊ ဒေသအတွင်းရှိ အမေရိကန်သံရုံးများမှ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ U.S. Centers for Disease Control and Preventions, Southeast Asia Regional Office သည် အမေရိကန်ပြည်ထောင်စု U.S. Centers for Disease Control and Preventions နှင့် အာဆီယံနိုင်ငံများအကြား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်ရေး၊ ကပ်ရောဂါဗေဒဆိုင်ရာ လက်တွေ့သင်တန်းများပေးခြင်း(Field Epidemiology Training Program)၊ ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ကူးစက်ရောဂါများ ဖြစ်ပွားမှုစောင့်ကြပ်ကြည့်ရှုခြင်း၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သံလွင်တံတား(တာကော်) တည်ဆောက်မှု ၂၀၂၃ခုနှစ် စက်တင်ဘာလတွင် ပြီးစီးရန်ခန့်မှန်း

**ကွန်ဟိန်း ဩဂုတ် ၂၅**
ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့နယ် မိတ္ထီလာ-တောင်ကြီးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းရှိ ကျိုင်းတုံ-တာချီလိတ်လမ်းပေါ်ရှိ တံတားအမှတ် (၅/၂၈၂) သံလွင်တံတား(တာကော်)သို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်လှမိုးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၄ ရက် မွန်းလွဲ ၂နာရီခွဲက တံတားတည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။(ယာပုံ)

ရှေးဦးစွာ တည်ဆောက်ရေး အဖွဲ့(၃)တံတားအထူးအဖွဲ့(၁၂) သံလွင်တံတား (တာကော်) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသူရဇော်က တံတားနှင့်ဆိုင်သည့် ကိစ္စရပ်များ ရှင်းလင်းတင်ပြသည်။

အဆိုပါ တံတားသည် သံကူကွန်ကရစ်တံတားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ တံတားအရှည်မှာ ၃၅၁မီတာ (၁၁၅၁ ဒသမ ၆၃၁ပေ)၊ တံတားအကျယ်မှာ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် ၁ ဒသမ ၇၅ မီတာ၊ တံတားခံနိုင်ဝန် ၇၅ တန်ဖြစ်ကာ လုပ်ငန်းစတင်ရက်မှာ ၂၀၁၈ခုနှစ် ဧပြီ ၁ရက်ဖြစ်ပြီး လုပ်ငန်းပြီးစီးမည့်ရက်မှာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက် ခန့်မှန်း၍ တံတားခန့်မှန်း စီမံကိန်းတန်ဖိုးငွေကျပ် ၂၆၃၅၀ ဒသမ ၀၀၀ သန်း၊ တံတားတစ်စင်းလုံးပြီးစီးမှုရာခိုင်နှုန်းမှာ ၂၅ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့် ပြည်နယ်ဝန်ကြီးများသည် သဘာဝဘေးကြောင့် ပျက်စီးသွားသော ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် MTKT လမ်း ၉ မိုင်တံတားမှ ခမ်းမိုက်ဆော့-ပိန်းကောက်-မိုက်မော်-ကတ်ကျန့်-ပန်မုန့် လမ်းပေါ်မိုင်တိုင်(၀/၀-၀/၁)ကြားတွင် တောင်ကျရေဖြင့် ပျက်စီးသွားသော ပေ(၁၂၀ x ၁၄) ပလောင်ကုန်းဆာ ကွန်ကရစ်တံတားအား ယာယီဘေလီတံတား တည်ဆောက်မည့်နေရာအား သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြပြီး ပြည်နယ် ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ(လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**
ဒုတိယအကြိမ် တရုတ် (လင်ချန်း) – မြန်မာ (လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းမြို့ပြည်သူ့အစိုးရတို့က ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်၊ ရန်ကုန်၊ တောင်ကြီး၊ လားရှိုးနှင့် တရုတ်နိုင်ငံ လင်ချန်းမြို့တို့တွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ်နှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေ တရုတ်နိုင်ငံမှ ယူနန်ပြည်နယ် လင်ချန်းမြို့ ကွန်မြူနစ်ဗဟိုကော်မတီအတွင်းရေးမှူး၊ မစ္စတာယန်ဟောက်သုံး၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး မစ္စတာထန်ဆုဖူနှင့် ယူနန်ပြည်နယ် စီးပွားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာဝမ်ရှောင်ဟွာတို့က မိန့်ခွန်းပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များမှ ဒုတိယအကြိမ်တရုတ်(လင်ချန်း)-မြန်မာ (လားရှိုး)နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲကို ဖွင့်လှစ်ပေးကြသည်။

ကုန်စည်ပြပွဲကို ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပလျက်ရှိသော တရုတ်-တောင်အာရှကုန်စည်ပြပွဲ၏ တောင်/အရှေ့တောင်အာရှ အွန်လိုင်းကုန်စည်ပြခန်းဆောင်တွင် သီးသန့်ပြခန်းဆောင် တည်ဆောက်ကျင်းပသွားမည်ဖြစ်ပြီး ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ICT နည်းပညာဝန်ဆောင်မှုလုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများကို မြန်မာ၊ တရုတ်ကုမ္ပဏီပေါင်း ၂၀၀ ခန့်မှ ပါဝင်ပြသကြမည်ဖြစ်သည်။

ဒုတိယအကြိမ် တရုတ်(လင်ချန်း)-မြန်မာ(လားရှိုး) နယ်စပ်စီးပွားရေးနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်လိုသည့် မြန်မာနိုင်ငံမှ ကုန်သည်လုပ်ငန်းရှင်များ အနေဖြင့် ဩဂုတ် ၂၅ ရက်မှ ၂၉ ရက်အထိ website :http://www.csa-expo.com တွင် Register လုပ်၍ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မင်းဘူးမြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်

**မင်းဘူး ဩဂုတ် ၂၅**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ် (၄) ရပ်ကွက်ရှိ ဖြဟ္မစိုရ် လူမှုကူညီရေး အသင်းဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု မှာ ၇၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံမှာ ၃၀ လီတာကျ အမျိုးအစားဖြစ်ပြီး တစ်နေ့လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ထွက်ရှိမည်ဖြစ် ကြောင်း၊ ယင်းအောက်ဆီဂျင်စက်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေး၍ စက်တင်ဘာလထဲတွင် ရောက်ရှိမည်ဖြစ်ကာ မကြာမီ စက်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ဘဏ္ဍာငွေရှာဖွေရေး ကော်မတီအဖွဲ့ထံမှ သိရသည်။

ထိုသို့ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့် မြေနေရာကို ဖြဟ္မစိုရ် လူမှုကူညီရေးအသင်းက စက်ရုံလည်ပတ် ဆောင်ရွက်နေသည့် ကာလတစ်လျှောက်အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပြီး ထရန်စဖော်မာအတွက် ငွေကျပ်သိန်း ၃၀၀ အလှူရှင်မှာ မင်းဘူးမြို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအောင်ဆန်းဝင်း -ဒေါ်မြင့်မြင့်အေးနှင့် ထရန်စဖော်မာသွယ်တန်း တပ်ဆင်ခြင်းများကို ကိုသန်းဇော်မန်းသီတာ ကျောက်တိုင်လုပ်ငန်းမှ ငွေကျပ်သိန်း ၅၀ လှူဒါန်း၍ တပ်ဆင်ပေးသွားမည်ဖြစ်ကာ စက်ရုံ၏ အဆောက်အအုံအလှူရှင်မှာ မင်းဘူးမြို့ ရွှေရောင်မြေကုန်စုံဆိုင် မိသားစုတို့က ပံ့ပိုးလှူဒါန်းပေးခြင်း ဖြစ်သည်။

**ဇေယျာထက် (မင်းဘူး)**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း

## ဖိလစ်ပိုင်နိုင်ငံ

ကော်ရယ်လ်ခိုင်

**နိဒါန်း**

ဖိလစ်ပိုင်သမ္မတနိုင်ငံသည် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်းတွင် တည်ရှိသော ကျွန်းပေါင်း ၇၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အရှေ့ဘက်တွင် ဖိလစ်ပိုင်ပင်လယ်၊ အနောက်ဘက်တွင် တောင်တရုတ်ပင်လယ်၊ အနောက်တောင်ဘက်တွင် ဆဲလဘီပင်လယ် (Celebes Sea) တို့က ဝန်းရံလျက်ရှိပြီး မြောက်ဘက်တွင် ထိုင်ဝမ်၊ အနောက်ဘက်တွင် ဗီယက်နမ်နိုင်ငံ၊ တောင်ဘက်တွင် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံ၊ အရှေ့ဘက်တွင် ပလောင်းနိုင်ငံတို့ တည်ရှိပါသည်။ ကမ္ဘာပေါ်တွင် ပဉ္စမမြောက်ကမ်းရိုး တန်းအရှည်ဆုံးနိုင်ငံဖြစ်ပြီး လူဇွန်း (Luzon)၊ ဗီဆားယပ် (Visayas)၊ မက်ဒါနော်င်း (Mindanao) ဟူ၍ အဓိကအပိုင်းကြီး သုံးပိုင်း ခွဲခြားထားပါသည်။ နိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ စတုရန်းကီလိုမီတာ ၃၀၀၀၀၀ခန့် ကျယ်ဝန်းသည်။

**လူဦးရေနှင့်ဘာသာစကား**

လက်ရှိတွင် လူဦးရေ သန်း ၁၁၀ခန့်ရှိပြီး မှတ်ပုံတင်ထားသည့် မဲဆန္ဒရှင်ဦးရေမှာ ၂၀၁၉ ခုနှစ် စာရင်းအရ ၆၃၆၆၅၉၂၃ ဦး ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်စာရင်းအရ ကမ္ဘာပေါ်တွင် အဋ္ဌမမြောက် လူဦးရေအများဆုံး နိုင်ငံဖြစ်ပြီး လူဦးရေသိပ်သည်းဆမှာ တစ်စတုရန်းကီလိုမီတာလျှင် ၃၆၃ ဦး ဖြစ်ပါသည်။ ရုံးသုံးဘာသာမှာ ဖိလစ်ပိုင်နှင့် အင်္ဂလိပ်ဘာသာစကားဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတွင် ဒေသကြီး (Region) ၁၇ ခု၊ ပြည်နယ် (Province) ၈၁ ခု၊ မြို့ (City) ၁၄၆ ခု၊ ဒေသန္တရအုပ်ချုပ်ရေး နယ်မြေ (Municipality) ၁၄၈၈ ခုနှင့် Barangay (ဖိလစ်ပိုင်နိုင်ငံတွင် အသေးဆုံးနယ်မြေဒေသအဆင့်) ၄၂၀၄၆ ခု ရှိပါသည်။

**နိုင်ငံရေးစနစ်**

ဖိလစ်ပိုင်နိုင်ငံသည် ၁၅၆၅ ခုနှစ်မှ ၁၉၄၆ ခုနှစ်အတွင်း စပိန်၊ အမေရိကန်နှင့် ဂျပန်တို့၏ လက်အောက်ခံကိုလိုနီ ဖြစ်ခဲ့ရပြီး ၁၉၄၆ ခုနှစ် ဇူလိုင်လ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များစွာဖြင့် တွေ့ကြုံခံစားခဲ့ရသော ဖိလစ်ပိုင်နိုင်ငံသည် လက်ရှိတွင် ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတစနစ် ကျင့်သုံးပါသည်။ သမ္မတသည် နိုင်ငံ၏အကြီးအကဲနှင့် အစိုးရအဖွဲ့၏ခေါင်းဆောင် ဖြစ်ပါသည်။ သမ္မတနှင့် ဒုတိယသမ္မတကို မဲအများဆုံးရရှိသူ အနိုင်ရသည့်စနစ် (First-past-the-post System/ FPTP) ဖြင့် ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပြီး သက်တမ်းမှာ ခြောက်နှစ်ဖြစ်ပါသည်။ သမ္မတရာထူးအတွက် တစ်သက်တွင် တစ်ခါသာ ထမ်းဆောင်ခွင့်ရှိပြီး ဒုတိယသမ္မတရာထူးအတွက် တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခွင့်မရှိပါ။ လက်ရှိသမ္မတမှာ H.E. Mr. Rodrigo Duterte ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံ၏ ၁၆ ယောက်မြောက်သမ္မတ ဖြစ်ပါသည်။

ဖိလစ်ပိုင် ဥပဒေပြုရေးလွှတ်တော် (Congress of the Philippines)ကို အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (House of Representatives)ဟူ၍ လွှတ်တော် နှစ်ရပ်ဖြင့် ဖွဲ့စည်းထားပါသည်။ အထက်လွှတ်တော် ရွေးကောက်ပွဲအတွက် Pularity-at-large Voting System (Block Voting) ကို ကျင့်သုံးပါသည်။ အောက်လွှတ်တော် ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းကို မဲအများဆုံးရရှိသူ အနိုင်ယူစနစ် (FPTP) နှင့် ကျန် ၂၀ ရာခိုင်နှုန်းကို အချိုးကျကိုယ်စားပြုသည့်စနစ် (Party- List Proportional Representation/ Close Party List )ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။

**ဖိလစ်ပိုင်နိုင်ငံတစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး အနိမ့်ဆုံးရရှိရမည့် ထောက်ခံမဲရာခိုင်နှုန်း (threshold) ၂ ရာခိုင်နှုန်းရရှိပါက လွှတ်တော်တွင် နေရာတစ်နေရာရရှိမည် ဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ရရှိသည့် ထောက်ခံမဲရာခိုင်နှုန်းပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်နေရာများ အပိုထပ်ဆောင်း ရရှိမည် ဖြစ်ပါသည်။ သို့သော် မည်သည့်နိုင်ငံရေးပါတီကမျှ နိုင်ငံရေးပါတီ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်နေရာ သုံးနေရာထက်ပို၍ ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်မရှိ**

လွှတ်တော်ရွေးကောက်ပွဲ၊ ဒေသန္တရရွေးကောက်ပွဲများကို ၁၉၉၂ ခုနှစ်မှ စတင်၍ သုံးနှစ်လျှင် တစ်ကြိမ်၊ သမ္မတရွေးကောက်ပွဲကို ခြောက်နှစ်လျှင် တစ်ကြိမ် မေလ၏ဒုတိယမြောက် တနင်္လာနေ့တွင် ကျင်းပ ပါသည်။

**အထက်လွှတ်တော် (Senate of the Philippines/ Senado ng Pilipinas)**

အထက်လွှတ်တော်သည် ၁၉၈၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်လည်အသက်သွင်းထားခြင်း ဖြစ်ပါသည်။ ယင်းမတိုင်မီ သမ္မတဖာဒီနန်မားကို့စ်သည် ၎င်း၏သမ္မတသက်တမ်းကုန်ဆုံးခါနီး အချိန်၌ပင် ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ကို ကြေညာခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်ကို ဖျက်သိမ်းပြီး လွှတ်တော်တစ်ရပ်သာ ထားရှိခဲ့ပါသည်။ ၁၉၈၆ ခုနှစ်တွင် သမ္မတမားကို့စ်ကို ဆန့်ကျင်သော တော်လှန်ရေးတစ်ရပ်( People Power Revolution) ပေါ်ပေါက်ခဲ့ပြီး မားကို့စ်အစိုးရ ပြုတ်ကျသွားခဲ့ပါသည်။ ယင်းနောက်တွင် ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထက်လွှတ်တော်သည် ပြန်လည်အသက်ဝင်ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

အထက်လွှတ်တော်တွင် ကိုယ်စားလှယ် ၂၄ ဦး ပါဝင်ပြီး လွှတ်တော်ကိုယ်စားလှယ်သက်တမ်းမှာ ခြောက်နှစ် ဖြစ်ပါသည်။ အထက်လွှတ်တော် ကိုယ်စားလှယ်အဖြစ် တစ်ဆက်တစ်စပ်တည်း နှစ်ကြိမ်ထက်ပို၍ ရပ်တည်ပိုင်ခွင့်မရှိပါ။ လွှတ်တော်ကိုယ်စားလှယ်နေရာအားလုံးကို တစ်ပြိုင်နက်တည်း ရွေးကောက်တင်မြှောက်ခြင်းမျိုးမဟုတ်ဘဲ ၁၂ နေရာအတွက်ကိုသာ သုံးနှစ်လျှင် တစ်ကြိမ် ရွေးကောက်ပွဲကျင်းပခြင်းဖြစ်ပါသည်။ ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြန်လည်အသက်သွင်းထားသည့်အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၂၄ ဦးသည် ၁၉၉၂ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်းနောက် ၁၉၉၂ ခုနှစ် ရွေးကောက်ပွဲတွင် ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ် ၁၂ ဦးကို ၁၉၉၈ ခုနှစ်အထိလည်းကောင်း၊ ကျန်ကိုယ်စားလှယ် ၁၂ ဦးကို ၁၉၉၅ ခုနှစ်အထိလည်းကောင်း တာဝန်ထမ်းဆောင်စေခဲ့ပါသည်။ ထို့နောက်တွင် အထက်လွှတ်တော်ကိုယ်စားလှယ်များသည် ခြောက်နှစ် သက်တမ်းကို အပြည့်အဝထမ်းဆောင်ခွင့် ရရှိခဲ့သည်။

အထက်လွှတ်တော်ဥက္ကဋ္ဌ (Senate President) ကို လွှတ်တော်သက်တမ်းအစတွင် ကိုယ်စားလှယ် ၂၄ ဦးအနက်မှ ရွေးချယ်ခြင်းဖြစ်ပြီး လက်ရှိအထက်လွှတ်တော်ဥက္ကဋ္ဌမှာ H.E. Mr. Tito Sotto ဖြစ်ပါသည်။

ရွေးကောက်ပွဲတွင် အထက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုပါက ဖိလစ်ပိုင်နိုင်ငံသားတစ်ဦး ဖြစ်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံး အသက် ၃၅နှစ် ပြည့်ပြီးသူ၊ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားသူ၊ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ဆက်တစ်စပ်တည်း နှစ်နှစ် ဖိလစ်ပိုင်အခြေချနေထိုင်သူဖြစ်ရန် လိုအပ်ပါသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲလက်မှတ်ပေါ်တွင် မိမိတို့နှစ်သက်ရာ အထက်လွှတ်တော်ကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်နိုင်ပါသည်။ သို့သော် ၁၂ ဦး ထက်ပို၍ ဆန္ဒပြုပါက ပယ်မဲအဖြစ် သတ်မှတ်ခြင်းခံရမည် ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတစ်ခုလုံးကို မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ခြင်း ဖြစ်သဖြင့် ဆန္ဒမဲအများဆုံးရရှိသည့်ကိုယ်စားလှယ်လောင်း ၁၂ ဦးက အနိုင်ရရှိမည်ဖြစ်ပါသည်။

**အောက်လွှတ်တော် (House of Representatives of the Philippines/ Kapulungan ng mga Kinatawan ng Pilipinas)**

အောက်လွှတ်တော်၏ သက်တမ်းမှာ သုံးနှစ်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အောက်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်လိုပါက ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးဖြစ်ရမည်ဖြစ်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အနည်းဆုံး အသက် ၂၅ နှစ် ပြည့်ပြီးသူ၊ မဲဆန္ဒရှင်စာရင်းတွင် မှတ်ပုံတင်ထားသူ၊ ရွေးကောက်ပွဲနေ့မတိုင်မီ တစ်ဆက်တစ်စပ်တည်း တစ်နှစ် ဖိလစ်ပိုင်အခြေချနေထိုင်သူဖြစ်ရန် လိုအပ်ပါသည်။ အောက်လွှတ်တော်ကိုယ်စားလှယ်အဖြစ် တစ်ဆက်တစ်စပ်တည်း သုံးကြိမ်ထက်ပို၍ ရပ်တည်ပိုင်ခွင့်မရှိပါ။

ဖိလစ်ပိုင်နိုင်ငံ၏ အောက်လွှတ်တော် ရွေးကောက်ပွဲများအတွက်မူ မဲဆန္ဒနယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ (Congressional District Representative)အတွက် မဲအများဆုံးရရှိသူအနိုင်ယူစနစ် (FPTP)နှင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (Party-List Representative) များအတွက် အချိုးကျကိုယ်စားပြုသည့်စနစ် (PR) နှစ်မျိုးစလုံးကို ရောနှောကျင့်သုံးပါသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်အရေအတွက်မှာ အတိအကျမရှိပါ။

မဲဆန္ဒနယ် ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာများကို ပြည်နယ်၊ မြို့နှင့် မက်ထရိုမနီလာဧရိယာအလိုက် နေထိုင်သည့် လူဦးရေအပေါ်အခြေခံ၍ မဲဆန္ဒနယ် (Congressional District) သတ်မှတ်ခြင်းဖြစ်သဖြင့် ကိုယ်စားလှယ်အရေအတွက်မှာ တစ်ကြိမ်နှင့် တစ်ကြိမ် မတူညီပါ။ ပြည်နယ်အားလုံးနှင့် အနည်းဆုံး လူဦးရေ ၂၅၀၀၀၀ ရှိသော မြို့များသည် မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာ တစ်နေရာရရှိပါသည်။ ခရိုင်(Legislative District) တစ်ခုထက်ပိုသည့် ပြည်နယ်များတွင်မူ ခရိုင် (Legislative District) အရေအတွက်အတိုင်း မဲဆန္ဒနယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာများကို ရရှိမည်ဖြစ်ပါသည်။ သို့သော် ၁၉၈၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အောက်လွှတ်တော်ကို မဲဆန္ဒနယ်ကိုယ်စားပြုသော ၂၅၀ ထက် မပိုသည့် ကိုယ်စားလှယ်များ (Congressional District Representative)နှင့် မဲဆန္ဒနယ်အရေအတွက်အပေါ်မူတည်၍ ၄ : ၁ ( ၂၀ ရာခိုင်နှုန်း ) ဖြင့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (Party-List Representative) များဖြင့် ဖွဲ့စည်းရန် ပြဋ္ဌာန်းထားပါသည်။

နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် (Party-List Representative) များကိုမူ မဲဆန္ဒရှင်များသည် တိုက်ရိုက်ရွေးချယ်ရခြင်းမျိုး မဟုတ်ဘဲ မိမိတို့ နှစ်သက်ရာနိုင်ငံရေးပါတီကိုသာ ဆန္ဒပြုရသည့် (Close List PR) စနစ်ဖြစ်ပါသည်။ ဖိလစ်ပိုင်နိုင်ငံတစ်ခုလုံးကို မဲဆန္ဒနယ် တစ်နယ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်ပြီး အနိမ့်ဆုံးရရှိရမည့် ထောက်ခံမဲရာခိုင်နှုန်း(threshold) ၂ ရာခိုင်နှုန်းရရှိပါက လွှတ်တော်တွင် နေရာတစ်နေရာ ရရှိမည်ဖြစ်ပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ရရှိသည့် ထောက်ခံမဲရာခိုင်နှုန်းပေါ်မူတည်၍ လွှတ်တော်ကိုယ်စားလှယ်နေရာများ အပိုထပ်ဆောင်း ရရှိမည်ဖြစ်ပါသည်။ သို့သော် မည်သည့် နိုင်ငံရေးပါတီကမျှ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာ သုံးနေရာထက်ပို၍ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်မရှိပါ။ အကယ်၍ သတ်မှတ်ထားသည့် နိုင်ငံရေးပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်အရေအတွက် မပြည့်မီပါက အနိမ့်ဆုံးထောက်ခံမဲ ၂ ရာခိုင်နှုန်းအောက်ဖြစ်သော်လည်း နေရာမရသည့်နိုင်ငံရေးပါတီများအကြားတွင် ထောက်ခံမဲအများဆုံးရရှိသည့်နိုင်ငံရေးပါတီများက လစ်လပ်နေသည့်နေရာများကို ဖြည့်တင်းရန် တစ်ပါတီလျှင် တစ်နေရာစီရရှိမည် ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် အောက်လွှတ်တော်ရွေးကောက်ပွဲတွင် FPTP စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ်ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ် (Congressional District Representative)၂၄၃ဦး၊ PR စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ် (Party-List Representative) ၆၁ဦး စုစုပေါင်း ၃၀၄ ဦး ဖြစ်ပါသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

လက်ရှိတွင် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်(Party–List Representative) အတွက် တွက်ချက်ပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(၂) ဖိလစ်ပိုင်နိုင်ငံတွင် အနည်းဆုံး တစ်နှစ် အခြေချနေထိုင်ပြီး ရွေးကောက်ပွဲ မကျင်းပမီ ဆန္ဒမဲပေးလိုသည့် အရပ်ဒေသတွင် အနည်းဆုံး ခြောက်လ နေထိုင်သူ။

နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်အရေအတွက် = (မဲဆန္ဒနယ်အရေအတွက် / ၀.၈) × ၀.၂

နိုင်ငံရေးပါတီတစ်ခုက ရရှိမည့်ထောက်ခံမဲရာခိုင်နှုန်း = (ရရှိသည့်ထောက်ခံမဲစုစုပေါင်း / PR ဆန္ဒမဲစုစုပေါင်း) × ၁၀၀% (၂% နှင့်အထက်ရရှိပါကနေရာ ၁ နေရာ ရရှိမည်)

အကယ်၍သတ်မှတ်ထားသော နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်ဦးရေထက်လျော့နည်းနေပါက–

ထပ်ဆောင်းရရှိမည့် နေရာအရေအတွက် = (နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်အရေအတွက် − ခွဲဝေရရှိထားပြီးဖြစ်သော ကိုယ်စားလှယ်အရေအတွက်) × နိုင်ငံရေးပါတီတစ်ခုကရရှိသည့် ထောက်ခံမဲရာခိုင်နှုန်း

ဒုတိယအကြိမ်ခွဲဝေပြီးသည့်တိုင် သတ်မှတ်ထားသော နိုင်ငံရေးပါတီကိုယ်စားပြုကိုယ်စားလှယ်ဦးရေ မပြည့်မီသေးပါက အနိမ့်ဆုံးထောက်ခံမဲ ၂ ရာခိုင်နှုန်းမရှိ သည့် နိုင်ငံရေးပါတီများအနက် ထောက်ခံမဲအများဆုံးရရှိသည့် နိုင်ငံရေးပါတီများက လွှတ်တော်ကိုယ်စားလှယ် ၁ နေရာစီ ခွဲတမ်းရရှိမည် ဖြစ်ပါသည်။

ကျန်ရှိသည့်နေရာ = (နိုင်ငံရေးပါတီကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်အရေအတွက် − ပထမအကြိမ်ခွဲဝေရရှိထားပြီးဖြစ်သော ကိုယ်စားလှယ်အရေအတွက် − ဒုတိယအကြိမ်ခွဲဝေရရှိထားပြီးဖြစ်သော ကိုယ်စားလှယ်အရေအတွက်)

### နမူနာတွက်ချက်ခြင်း

၂၀၁၀ ပြည့်နှစ် အောက်လွှတ်တော် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်နေရာ ၅၇နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများအနက် ၁၂ပါတီမှာ ထောက်ခံမဲ ၂ရာခိုင်နှုန်းနှင့်အထက်ရရှိပြီး တစ်နိုင်ငံလုံး ဆန္ဒမဲပေးသည့် အရေအတွက် စုစုပေါင်း ၂၉၃၁၁၂၉၄ ဖြစ်ပါသည်။

မဲဆန္ဒရှင်စာရင်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပြည်တွင်းမဲဆန္ဒရှင်များသည် မိမိတို့နေထိုင်ရာဒေသရှိရွေးကောက်ပွဲကော်မရှင်ရုံးခွဲသို့ ကိုယ်တိုင်သွားရောက်ပြီး မဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုသည့် လျှောက်လွှာကို ဓာတ်ပုံနှင့်တကွ တင်သွင်းခြင်း၊ လက်ဗွေနှင့် လက်မှတ် (Digital Signature) မှတ်တမ်းတင်ခြင်း စသည်တို့ကို မဖြစ်မနေ

| စဉ် | ပါတီအမည် | ပထမအကြိမ်ခွဲဝေခြင်း | | ဒုတိယအကြိမ်ခွဲဝေခြင်း | |
|---|---|---|---|---|---|
| | | ထောက်ခံမဲ | ထောက်ခံမဲ% | ထပ်ဆောင်းရရှိသည့်နေရာ (ဒသမကိန်းများကိုထည့်သွင်းစဉ်းစား ခြင်း မပြု) | ရရှိသည့်လွှတ်တော်ကိုယ်စားလှယ် နေရာစုစုပေါင်း |
| ၁ | Ako Bicol | ၁၅၂၄၀၀၆ | ၅.၂ (threshold ၂% အထက်ဖြစ် သဖြင့် နေရာ ၁ နေရာ ရရှိ) | (၅၇– ၁၂) ×၅.၂ % = ၂ | ၁ +၂ = ၃ |
| ၂ | Akbayan Citizens' Action | ၁၀၆၁၉၄၇ | ၃.၆၂ (threshold ၂% အထက်ဖြစ် သဖြင့် နေရာ ၁ နေရာ ရရှိ) | (၅၇– ၁၂) ×၃.၆၂ % = ၁ | ၁+၁=၂ |
| ၃ | Alagad | ၂၂၇၂၈၁ | ၀.၇၈ (threshold ၂% အောက် ဖြစ် သဖြင့် နေရာ မရှိပါ) | (၅၇– ၁၂) × ၀.၇၈ % = ၀ | ပထမနှင့် ဒုတိယအကြိမ် ခွဲဝေခြင်း၌ နေရာမရရှိသည့်တိုင် သတ်မှတ်ထားသည့်ကိုယ်စားလှယ် ဦးရေ မပြည့်မီ သေးသည့်အတွက် နေရာ ၁ နေရာ ရရှိ။ |

### မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ခြင်း

အောက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသူများသည် အမျိုးသမီး၊ အမျိုးသားမရွေး၊ ဘာသာမရွေး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်–

(၁) ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေနှင့် မဆန့်ကျင်သည့် ဖိလစ်ပိုင်နိုင်ငံသား၊

ဆောင်ရွက်ရပါသည်။ လျှောက်လွှာတင်သွင်းရာတွင် မဲဆန္ဒရှင်များအနေဖြင့်နိုင်ငံသားစိစစ်ရေးကတ် (Identity Card) နှင့် ဓာတ်ပုံကို ယူဆောင်လာရမည် ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းမှတ်ပုံတင်ထားပြီးဖြစ်သည့် မဲဆန္ဒရှင်အနေဖြင့် Voter ID Card ကို ရရှိမည်ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*



## ရခိုင်ပြည်နယ်အတွင်း ကျေးလက်လမ်းများ အဆင့်မြှင့်တင်

**စစ်တွေ ဩဂုတ် ၂၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းသည် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက ပြည်နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပြီး ကျေးလက်လမ်းများ အဆင့်မြှင့်တင်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကျေးလက်လမ်း ဖွံ့ဖြိုးရေး ဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးမှူးများနှင့် တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းက ရခိုင်ပြည်နယ်အနေဖြင့် ကိုဗစ်–၁၉ရောဂါသည် ကူးစက်မှုနှုန်း အထိုက်အလျောက် ကျဆင်းလာသည့်အတွက် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တတ်နိုင်သလောက်ဆောင်ရွက်ရမည့် အချိန်ဖြစ်ပါကြောင်း၊ ဌာန ဝန်ထမ်းများ အနေဖြင့်လည်း မိမိတို့ဌာန၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ဘဏ္ဍာရေး အခြေအနေများ၊ ဝန်ထမ်းများ၏ အခြေအနေများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းလင်းမော်က ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဘဏ္ဍာငွေရရှိမှု အခြေအနေ၊ ပြည်နယ်အတွင်း ကျေးလက်လမ်း၊ တံတားများ ဆောင်ရွက်နေမှု၊ ပြီးစီးနေမှု၊ ဆောင်ရွက်ဆဲ လမ်း တံတားများ၊ မဟာဗျူဟာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် လမ်းများအဆင့်မြှင့်တင် ဆောင်ရွက်နေမှုနှင့် လမ်းများ မွမ်းမံဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အကြံပြုဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် စစ်တွေ–ပလ္လင်ပြင်ကျေးရွာသွားလမ်း (စစ်တွေတက္ကသိုလ် သွားလမ်း) ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)** စစ်တွေ–ပလ္လင်ပြင် လမ်းသည် အလျား ၁၅ ဒသမ ၆၈၈ ကီလိုမီတာရှည်ပြီး ယခု ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ခွင့်ပြုငွေကျပ်သန်း ၂၁၈ ဒသမ ၈၀၅ သန်းဖြင့် အရှည် ၀ ဒသမ ၇၁ ကီလိုမီတာအား အကျယ် ၅ ဒသမ ၄၉ မီတာ၊ အမြင့် ၁၇၅ မီလီမီတာရှိသော ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နောင်ချိုမြို့နယ်အတွက် လီတာ ၄၀ ဆံ့ အရည်ဖြည့်ပြီး အောက်ဆီဂျင်အိုးကြီး ၃၂ လုံး ထပ်မံရောက်ရှိ

**နောင်ချို ဩဂုတ် ၂၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်း ကိုဗစ်စင်တာများရှိ ကိုဗစ်–၁၉ ပိုးတွေ့လူနာများ အသုံးပြုရန် လားရှိုးမြို့မှ လီတာ ၄၀ဆံ့ အရည်ဖြည့်ပြီး အောက်ဆီဂျင်အိုးကြီး ၃၂ လုံး ဩဂုတ် ၂၂ ရက် ညပိုင်းက ထပ်မံရောက်ရှိလာကြောင်း ပရဟိတ အဖွဲ့များထံမှ သိရသည်။

အဆိုပါ အောက်ဆီဂျင်အိုးများကို Resources(Myanmar) က ဖြည့်ဆည်းလှူဒါန်းပေးပြီး နောင်ချိုမြို့နယ်မှ ပရဟိတလူငယ်များက သွားရောက်သယ်ယူခဲ့ကာ နောင်ချိုမြို့နယ်မှ ပရဟိတအသင်းများအနေဖြင့် မြို့နယ်အတွက်လိုအပ်သော အောက်ဆီဂျင်များကို လိုအပ်သည့် အချိန်တွင် ပြည်သူများ အချိန်မီသုံးစွဲနိုင်ရန် ကြိုတင်စုဆောင်းလျက်ရှိသည်။

ထို့ပြင် အောက်ဆီဂျင် လိုအပ်သောလူနာများ အောက်ဆီဂျင်အချိန်မီ လုံလောက်စွာ ရရှိသုံးစွဲနိုင်ရန်အတွက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ မြို့နယ်မှ တာဝန်ရှိသူများ၊ ပရဟိတအသင်းများ၊ အလှူရှင်များ ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း ပရဟိတ အဖွဲ့များထံမှ သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**



## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဩဂုတ် ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပ မြို့နယ်အတွင်းရှိ သံဃာတော်များ၊ ၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၂၀၀ တို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ကိုးမြို့နယ်အတွင်းမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၆၃၇ ဦးတို့ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ(ဝဲပုံ)နှင့် ပြည်သူ စုစုပေါင်း ၇၈၅၁ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့် ပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၅

**ရမည်းသင်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဆွမ်းဆန်တော်၊ ဆီနှင့် ပဲ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ရမည်းသင်းမြို့ ရန်အောင်မင်းကျောင်း ပရိယတ္တိစာသင်တိုက် သာသနဗိမာန်၌ ကျင်းပသည်။**



အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ရမည်းသင်းမြို့နယ် နဘူးကျင်း ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ အမှူးပြုသော ဆရာတော်ကြီး သုံးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ရမည်းသင်းမြို့နယ် နဘူးကျင်း ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တာသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုတော်မူကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ရန်အောင်မင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အလားတူ နံနက် ၁၀ နာရီတွင် ပျော်ဘွယ်မြို့ ရာပြည့်ခန်းမ၌ ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့်ပဲ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ဆက်လက်ကျင်းပသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပျော်ဘွယ်မြို့ရှိ မှန်ကျောင်းဆရာတော် ဦးဇောတိက တည်ထောင်ဖွင့်လှစ်ထားသော ဓမ္မစကူးလ်ကျောင်း တည်ဆောက်ပြီးစီးမှုကို လှည့်လည်ကြည့်ရှုကြသည်။ ကိုဗစ်-၁၉ မတိုင်ခင်ကာလတွင် အဆိုပါ ဓမ္မစကူးလ်ကျောင်း၌ ကျောင်းသား ၃၅၀ ခန့်ရှိပြီး ယဉ်ကျေးလိမ္မာနှင့် ဘာသာရေးဆိုင်ရာများကို စနေ၊ တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်သင်ကြားပေးကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတွင် ရမည်းသင်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၄၉ ပါးနှင့် သီလရှင် ခုနစ်ကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော သီလရှင် ၅၉ ပါးကို ဆွမ်းဆန်တော် ၁၀၂ အိတ်၊ ဆီ ၃၀၅ ပိဿာ၊ ပဲ ၃၁ အိတ်၊ ပျော်ဘွယ်မြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၃ ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၅၅၆ ပါးနှင့် သီလရှင် ၅၂ ပါးကို ဆွမ်းဆန်တော် ၁၂၂ အိတ်၊ ဆီ ၃၆၅ ပိဿာ၊ ပဲ ၃၇ အိတ် စုစုပေါင်း ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၉၄ ကျောင်းတို့တွင် သီတင်းသုံးလျက်ရှိသော ရဟန်း၊ သာမဏေ၊ သီလရှင် ၁၁၁၆ ပါးအတွက် ဆွမ်းဆန်တော် ၂၂၄ အိတ်၊ ဆီ ပိဿာ ၆၇၀ ၊ ပဲ ၆၈ အိတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်အလွန်ကာလ သနပ်ခါးမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ဆိုင်ခန်းများဖွင့်၍ ရောင်းချမည်

အရာတော် ဩဂုတ် ၂၅

ကိုဗစ်အလွန်ကာလတွင် မြန်မာ့သနပ်ခါးပင်များမှ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ဆိုင်ခန်းများ ဖွင့်လှစ်၍ ခရီးသွားပြည်သူများကို ရောင်းချပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ သနပ်ခါးအသင်း ဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်ရောဂါကြောင့် သနပ်ခါး စိုက်ပျိုးထုတ်လုပ်သူများသည် တင်ပို့ရောင်းချရခြင်း မရှိသည့်အတွက် ထိခိုက်နစ်နာမှုများနှင့် ကြုံတွေ့နေကြောင်း၊ ယင်းတို့ကို ကုစားပေးသည့်အနေဖြင့် ကိုဗစ်အလွန်ကာလတွင် သနပ်ခါးမှ တန်ဖိုးမြင့်ထုတ်ကုန်များဖြစ်သည့် ပုတီး၊ ခေါင်းဘီး၊ လက်ပတ်၊ ရုပ်ပွားစေတီတော်၊ သနပ်ခါးမျက်နှာသစ်ဆပ်ပြာ၊ သနပ်ခါးအရွက်ခေါင်းလျှော်ရေ၊ ပေါင်ဒါ၊ လိုရှင်း စသည်တို့နှင့် သနပ်ခါးတိုင်းရင်းဆေးများ ထုတ်လုပ်ပြီး ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနိုင်ရန် အရာတော်သနပ်ခါးအသင်းမှ စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

ကိုဗစ်အလွန်ကာလတွင် အရာတော်သနပ်ခါးပွဲရုံရှေ့၌ ဆိုင်ခန်းများ ဖွင့်လှစ်ပြီး သနပ်ခါးတန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ကာ ရောင်းချသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် ဒေသမှ ထုတ်လုပ်သည့်သူများလည်း တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိကြမည်ဖြစ်သည့်အပြင် ခရီးသွားပြည်သူများလည်း အဆိုပါ သနပ်ခါး တန်ဖိုးမြင့်ထုတ်ကုန်များကို လွယ်လင့်တကူဝယ်ယူရရှိကြမည်ဖြစ်ကာ သနပ်ခါးစိုက်တောင်သူများလည်း အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှာင်မြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဩဂုတ် ၂၄ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)ရွှာင်မြို့နယ်အတွင်းရှိ ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းကုန်းကော်ဖီခြံသို့ရောက်ရှိပြီး ရွှာင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၃ ရွာ၊ အသင်းသား ၃၃၉ ဦးရှိကောင်းထက်ဟိန်းကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကော်ဖီကြိတ်ခွဲစက်ရုံကို ကြည့်ရှုစစ်ဆေးရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကောင်းထက်ဟိန်းကော်ဖီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကော်ဖီအသင်း၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံ၍ JICA (ODA) Loan ဖြင့် ရွှာင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရွှာင်မြို့ မြို့ရေပေးရေးအတွက် ဆောင်ရွက်ထားသော ရေစုကန်တည်ဆောက်နေမှုကို လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်အသက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေ မြှင့်တင်ရေးစီမံကိန်း (ERLIP) ဖြင့် ဆောင်ရွက်ခဲ့သည့် ဆင်နက်ချောင်ကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၊ ရွာတွင်း မီးလိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို လည်းကောင်း၊ ဝွေးပင်-ဆတ်ခြံ-တောင်ဦး ကျေးရွာသုံးရွာ အိမ်ခြေ ၃၂၂ ၊ လူဦးရေ ၂၀၀၀ ကျော် အကျိုးပြုသည့် အရှည် ၁၄ မိုင် ၄ ဖာလုံ စုပေါင်း စိမ့်စမ်းရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများအား တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်းနှင့် စံပြကျေးရွာများ ဖြစ်ပေါ်လာစေရေး၊ အခြေခံအဆောက်အအုံ လိုအပ်ချက်များ၊ စီးပွားရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။ **သတင်းစဉ်**

## ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၅**

ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ ပင်လုံရပ်ကွက်ရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၁၈၀ တို့အတွက် ဆန်အိတ်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနေ ပြည်သူ အိမ်ထောင်စု ၁၅၀ နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတော ကုန်းကျေးရွာနေ ပြည်သူ အိမ်ထောင်စု ၈၀ တို့အတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး သော့ချက်အား ဖွင့်လှစ်ခြင်း

မောင်သစ္စာ (ရန်ကင်း)

**ကုန်သွယ်ရေးတင်းမာမှုများတိုးပွားလာခြင်း၊ နိုင်ငံစုံစနစ် (Multilateralism) ဆုတ်ယုတ်လာခြင်း၊ လက်ရှိ ဖြစ်ပွားလျက်ရှိတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါရဲ့ သက်ရောက်မှုဟာ နိုင်ငံတကာနဲ့ ဒေသဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးများအပေါ် ကြီးမားစွာ ရိုက်ခတ်လာခြင်းစတဲ့ အခြေအနေများကြောင့် အာရှနဲ့ ပစိဖိတ်ဒေသ အတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှု/ ပြင်ပသို့ စီးဆင်းမှုများအပေါ် ထိခိုက်မှုများစွာ ဖြစ်ပွားခဲ့ရပါတယ်။**

ဒီလိုထိခိုက်မှု များစွာဖြစ်ပွားမှုများအပေါ် ကုစားနိုင်ဖို့အတွက် အာဆီယံဒေသတွင်းနိုင်ငံများအပါအဝင် နိုင်ငံအသီးသီးက မူဝါဒ အမျိုးမျိုး ချမှတ်ခြင်း၊ ချဉ်းကပ်မှုအမျိုးမျိုးနဲ့ ကိုင်တွယ်ဖြေရှင်းခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ရန်ပုံငွေများထူထောင်ပြီး ငွေကြေးမက်လုံးများပေးခြင်း (Financial Incentives)၊ ငွေကြေးနဲ့ သက်ဆိုင်မှုမရှိတဲ့ အခြားမက်လုံးများပေးခြင်း (Non-Financial Incentives)၊ အခွန်ဆိုင်ရာမက်လုံးများပေးခြင်း (Tax Incentives)၊ အခွန်ကင်းလွတ်ခွင့်အပြင် မြေအခွင့်အလမ်း၊ အခြေခံအဆောက်အအုံ အခွင့်အလမ်းများပေးခြင်းကဲ့သို့သော မက်လုံးများပေးခြင်း (Non Tax Incentives) စတဲ့နည်းလမ်းများအပြင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့စေဖို့ လုပ်ထုံးလုပ်နည်းများ ဖြေလျှော့ပေးခြင်း၊ ရှင်းလင်းအောင် ပြင်ဆင်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြပါတယ်။

ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေဖို့ ဆောင်ရွက်ခဲ့တဲ့နိုင်ငံတွေထဲမှာ ထင်ရှားတဲ့ဥပမာကတော့ အင်ဒိုနီးရှားနိုင်ငံပဲဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးနဲ့ လိုင်စင်/ ပါမစ်ဆိုင်ရာ လိုအပ်ချက်များ လျှော့ချနိုင်ရေးအတွက် ရည်ရွယ်ပြီး အလုပ်သမားဥပဒေ၊ စီးပွားရေးဇုန်ဥပဒေ၊ မြေယာဥပဒေ၊ အစိုးရစီမံခန့်ခွဲမှုဥပဒေ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးဥပဒေ၊ ပြစ်မှုနှင့် ပြစ်ဒဏ်ဆိုင်ရာဥပဒေစတဲ့ ဥပဒေအားလုံးမှာ ပြင်ဆင်/ ဖြည့်စွက်စရာရှိတဲ့ ပြဋ္ဌာန်းချက်တွေကို တစ်ပေါင်းတစ်စည်းတည်း ပြင်ဆင်/ ဖြည့်စွက်ပြီး ဥပဒေပေါင်းချုပ် (Omnibus Law) အဖြစ် ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီ ဥပဒေဟာ ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ အာဏာသက်ဝင်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့လည်း ကိုဗစ်အလွန် စီးပွားရေးပြန်လည်ဦးမော့လာစေဖို့ လုပ်သာကိုင်သာရှိတဲ့ စီးပွားရေးဝန်းကျင်တစ်ရပ် ဖန်တီးပြီး ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနဲ့ လွယ်ကူချောမွေ့ရေးဆိုင်ရာအစီအမံတွေကို ဆောင်ရွက်ဖို့လိုအပ်လာပါတယ်။ မြန်မာနိုင်ငံအတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာမှာ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ အတားအဆီးတွေထဲက လုပ်ငန်းနဲ့ ပတ်သက်တဲ့ **လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေထံက ရယူတဲ့နေရာမှာ အောက်ဖော်ပြပါအချက်တွေကလည်း နှောင့်နှေးကြန့်ကြာမှုများရဲ့ အဓိကအကြောင်းအရင်းများအဖြစ် လုပ်ငန်းရှင်တွေ၊ ပြည်တွင်းပြည်ပစီးပွားရေးအသင်းအဖွဲ့တွေက မကြာခဏ ထုတ်ဖော်ပြောကြားလေ့ရှိပါတယ်-**

(၁) လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုနှင့် ရိုးရှင်းလွယ်ကူမှု မရှိခြင်း/ ရှေ့နောက် ညီညွတ်မှု အားနည်းခြင်း။

(၂) လုပ်ငန်းအဆင့် များပြားခြင်းကြောင့် ဆောင်ရွက်ရတဲ့ အချိန်ကြာမြင့်ခြင်း။

(၃) တင်ပြရတဲ့ အထောက်အထား စာရွက်စာတမ်းများ များပြားခြင်း။

(၄) ဆောင်ရွက်မဲ့လုပ်ငန်းနဲ့ တိုက်ရိုက်သက်ဆိုင်မှုမရှိတဲ့ ဌာန/ အဖွဲ့အစည်းများထံမှ ထောက်ခံချက်များ၊ သဘောထားများ ရယူရခြင်း။

(၅) လူကိုယ်တိုင် စာရွက်စာတမ်းများဖြင့် လျှောက်ထားရသည့်စနစ် (Manual System) ဖြင့်သာ အများစုဆောင်ရွက်နေခြင်းကြောင့် နှောင့်နှေးကြန့်ကြာမှုရှိခြင်း။

> **“ကနဦး သုံးသပ်တွေ့ရှိချက်အရ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း စုစုပေါင်း ၁၆ ခုက ခွင့်ပြုပေးတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့သက်ဆိုင်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် စုစုပေါင်း ၂၉၉ မျိုးရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်/ အတည်ပြုမိန့် ရယူဆောင်ရွက်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်နေတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၇၇ မျိုးရှိကြောင်း တွေ့ရှိရ”**

ဒါကြောင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာမှာ အဟန့်အတားတွေသဖွယ်ဖြစ်နေတဲ့ အခက်အခဲတွေကို လျှော့နည်းသွားအောင် ဆောင်ရွက်စေနိုင်ဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်လာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနအနေနဲ့ စီးပွားရေးနဲ့သက်ဆိုင်တဲ့ အစိုးရဌာန/အဖွဲ့အစည်း ၁၆ ခုက ခွင့်ပြုပေးလျက်ရှိတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များနဲ့စပ်လျဉ်းပြီး အခြေခံတဲ့ဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ဆောင်ရတဲ့ ကြာမြင့်ချိန်တို့ကို ကနဦး သုံးသပ်မှု ဆောင်ရွက်ခဲ့ပါတယ်။ ဒီ ကနဦး သုံးသပ်တွေ့ရှိချက်အရ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနနဲ့ အဖွဲ့အစည်း စုစုပေါင်း ၁၆ ခုက ခွင့်ပြုပေးတဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့သက်ဆိုင်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် စုစုပေါင်း ၂၉၉ မျိုးရှိပြီး မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်/ အတည်ပြုမိန့် ရယူဆောင်ရွက်ခြင်းနှင့် တိုက်ရိုက် ဆက်စပ်နေတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၇၇ မျိုး ရှိကြောင်း တွေ့ရှိရပါတယ်။ ဒ့ါအပြင် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေ ထူထောင်လုပ်ကိုင်ရာမှာ လိုအပ်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များရယူတဲ့အခါ ကြုံတွေ့နေရတဲ့နှောင့်နှေးကြန့်ကြာမှုများနဲ့ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခက်အခဲတွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးနိုင်ရေးအတွက် ပြန်လည်သုံးသပ်ရေးအဖွဲ့ ကို ဖွဲ့စည်းတာဝန်ပေးပြီး ဆောင်ရွက်ဖို့ လိုအပ်ကြောင်း တွေ့ရှိခဲ့ရပါတယ်။ ဒါကြောင့် လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များနဲ့ စပ်လျဉ်းတဲ့ ပြန်လည်သုံးသပ်စိစစ်ရေးအဖွဲ့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၁၀၈/ ၂၀၂၁ နဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။

အဆိုပါအဖွဲ့ကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးကော်မတီများမှ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တွဲဖက် အတွင်းရေးမှူးအဆင့်ရှိ အရာရှိကြီးများ အပါအဝင် စုစုပေါင်းအဖွဲ့ဝင် ၁၆ ဦးနဲ့ ဖွဲ့စည်းပေးခဲ့ပါတယ်။

အဖွဲ့အနေနဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) ကို အဖွဲ့ရဲ့ အတွင်းရေးမှူးရုံးအနေနဲ့ ဆောင်ရွက်စေပြီး စီးပွားရေးနဲ့သက်ဆိုင်တဲ့ လိုင်စင်တွေ ထုတ်ပေးလျက်ရှိတဲ့ ဝန်ကြီးဌာန/ စည်ပင်သာယာရေးကော်မတီများနဲ့ စုစည်း ဖိတ်ကြား၍လည်းကောင်း၊ ဝန်ကြီးဌာန/ စည်ပင်သာယာရေးကော်မတီ တစ်ခုချင်းအလိုက်လည်းကောင်း၊ ညှိနှိုင်းအစည်းအဝေးများပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ သဘောထားများ ရယူခြင်း၊ စိစစ်ခြင်းတို့ကို တစ်လအတွင်း ပြီးစီးအောင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာ လိုင်စင်၊ ပါမစ်ထုတ်ပေးတဲ့ ဝန်ကြီးဌာနများနဲ့ စည်ပင်သာယာရေးအဖွဲ့အစည်းများက တာဝန်ရှိသူများကလည်း အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ခဲ့ကြပါတယ်။

အဲဒီလို ပူးပေါင်းညှိနှိုင်း စိစစ်ဆောင်ရွက်မှုရဲ့ ရလဒ်တွေကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) လျှောက်ထားရသည့် ကြာမြင့်ချိန်ကို လျှော့ချခြင်း။

(၂) ပူးတွဲတင်ပြရသည့် စာရွက်စာတမ်းများ လျှော့ချခြင်း။

(၃) Onlineစနစ်အပြည့်အဝ ဆောင်ရွက်ပေးခြင်း သို့မဟုတ် လူကိုယ်တိုင်နှင့် Online တွဲဖက်၍ ဆောင်ရွက်ခြင်း။

(၄) သဘောသဘာဝတူညီသည့် လုပ်ငန်းများအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းအတွင်း ဌာနများအချင်းချင်း သို့မဟုတ် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်း၍ Package စနစ်ဖြင့် တစ်ပေါင်းတည်း ခွင့်ပြုပေးခြင်း။

### လျှောက်ထားရသည့် ကြာမြင့်ချိန်ကို လျှော့ချခြင်း

စိစစ်သုံးသပ်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၁၇၇ မျိုးအနက် သက်ဆိုင်ရာဝန်ကြီးဌာန၊ ကော်မတီများကထုတ်ပေးတဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက် ၉၉ မျိုးရဲ့ စိစစ်ခွင့်ပြုရန် ကြာမြင့်ချိန်များကို **အနည်း ဆုံး ၁ ရက်မှ အများဆုံး ၃၃၅ ရက်အထိ** လျှော့ချဖို့ ဆောင်ရွက်နိုင် ခဲ့ပါတယ်။ ဥပမာအားဖြင့် “ပြည်တွင်းရင်းနှီးမြှုပ်နှံမှုဖြင့် မုတ်ကောင် ဖမ်းဆီးခြင်း/ ရောင်းချခြင်းလုပ်ငန်းလုပ်ကိုင်ရန်ခွင့်ပြုမိန့်” ဆိုရင် ယခင်ကခွင့်ပြုမိန့်ထုတ်ပေးဖို့စိစစ်တဲ့ ကြာချိန်(၃၆၅) ရက်ရှိခဲ့ရာမှ ယခု ညှိနှိုင်း ဆောင်ရွက် တဲ့ အစီအစဉ်အရ (၃၀) ရက်သာ ကြာမြင့်တော့မှာဖြစ်ပါတယ်။ ပုဂ္ဂလိက အထွေထွေရောဂါကု ဆေးရုံ/ အထူးကုဆေးရုံ လုပ်ငန်းတွေအတွက် လိုင်စင်တွေကို ခွင့်ပြုပေးဖို့အတွက်လည်း ယခင်က ရက်ပေါင်း (၉၀) ကြာမြင့်ခဲ့ရာကနေ အခု ရက်ပေါင်း (၃၀) အတွင်း ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။

### ပူးတွဲတင်ပြရသည့် စာရွက်စာတမ်းများ လျှော့ချခြင်း

လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်တွေ လျှောက်ထားရာမှာ ပူးတွဲပြီးတင်ပြရမယ့် စာရွက်စာတမ်း အထောက်အထားတွေအနေနဲ့ကတော့ လိုင်စင်၊ ပါမစ် ၄၂ ခုရဲ့ ပူးတွဲတင်ပြရမယ့် စာရွက်စာတမ်းတွေကို **၁ မျိုးကနေ ၁၄ မျိုးအထိ** လျှော့ချပေးနိုင်ခဲ့ပါတယ်။ ဥပမာအားဖြင့် **ယစ်မျိုးလိုင်စင် (လက်လီ / လက်ကားလိုင်စင်- ၂၂ မျိုး)** ဆိုရင် ယခင်က ပူးတွဲတင်ပြရတဲ့ စာရွက်စာတမ်း ၂၇ မျိုးကနေ အခုဆိုရင် စာရွက်စာတမ်း ၁၃ မျိုးကိုပဲ ပူးတွဲတင်ပြရတော့မှာဖြစ်တဲ့အတွက် စာရွက်စာတမ်း ၁၄ မျိုး လျှော့ချပေးနိုင်ခဲ့ပါတယ်။ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းအတွက်ကိုလည်း ယခင် စာရွက်စာတမ်း ၁၄ မျိုးကနေ ယခု ၁၀ မျိုးသာ ပူးတွဲတင်ပြရမှာဖြစ်တဲ့အတွက် ၄ မျိုးကိုလျှော့ချပေးနိုင်ခဲ့ပါတယ်။

### Online စနစ် အပြည့်အဝဆောင်ရွက်ခြင်း သို့မဟုတ် လူကိုယ်တိုင်နှင့် Online တွဲဖက်၍ ဆောင်ရွက်ခြင်း

ဝန်ကြီးဌာနများနဲ့ ကော်မတီများအနေနဲ့ Fully Online / Semi Online/ (Hybird) တို့နဲ့ လိုင်စင်၊ ပါမစ်အချို့ကို လျှောက်ထားမှုလက်ခံပေးခြင်း၊ စိစစ်ခွင့်ပြုပေးခြင်းများကို တိုးချဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ပြီး လာမယ့်နှစ်နှစ်ကျော်ကာလအတွင်း ဝန်ကြီးဌာနခြောက်ခုက လိုင်စင်၊ ပါမစ်ပေါင်း ၃၉ ခု အတွက် လုပ်ငန်းစဉ်များကို Online က ဆောင်ရွက်နိုင်တော့မှာ ဖြစ်ပါတယ်။

### ဝန်ကြီးဌာနအဖွဲ့အစည်းအတွင်း ဌာနများအချင်းချင်း (သို့မဟုတ်) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ အချင်းချင်းပူးပေါင်း၍ Package စနစ်ဖြင့် တစ်ပေါင်းတည်း ခွင့်ပြုပေးခြင်း

အချို့လိုင်စင်၊ ပါမစ်တွေဟာ လုပ်ငန်းသဘာဝအရ ရင်းနှီးမြှုပ်နှံသူက တစ်ပြိုင်နက်လျှောက်ထားနိုင်တာမျိုး၊ သက်ဆိုင်ရာဌာနကလည်း တစ်ပေါင်းတစ်စည်းတည်း စစ်ဆေးနိုင်တာမျိုးနဲ့ ခွင့်ပြုရာမှာလည်း ပေါင်းစည်းခွင့်ပြုသွားနိုင်တဲ့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များကို Package စနစ်နဲ့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် အောက်ဖော်ပြပါဇယားကို ဖော်ပြလိုက်ရပါတယ်-

*စာမျက်နှာ ၁၁ သို့*

# မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်း၊ အမွေခွဲဝေခြင်းဆိုင်ရာ အခြေခံသဘောတရားများ

ဦးကျော်ကျော် (တရားရေး)

အမွေခွဲဝေပေးစေလိုမှုတွင် အဓိကရည်ရွယ်ချက်မှာ အမွေရထိုက်သူတို့အား အမွေခွဲဝေပေးရန်ဖြစ်ပေရာ ကွယ်လွန်သူ၏အမွေကို မည်သူမည်ဝါတို့က ဆက်ဆံခွင့်ရှိသည်။ တရားလိုသည် အမွေဝေစု မည်ရွေ့မည်မျှရထိုက်သည်၊ ကွယ်လွန်သူ ကျန်ရစ်သောအမွေပစ္စည်းများသည် မည်သည့် ပစ္စည်းများဖြစ်သည်၊ ကွယ်လွန်သူပေးရန်၊ ရရန်ရှိသော ကြွေးမြီများ မည်ရွေ့မည်မျှရှိသည် စသည်တို့ကို စိစစ်ဆုံးဖြတ်ပြီး တရားလိုနှင့် ဝေစုရလို၍ ရုံးခွန်ထမ်းဆောင်သော တရားပြိုင်တို့အား အမွေခွဲဝေပေးရန်ဖြစ်သည်။ တရားလိုသည်အမွေရထိုက်ခွင့်ရှိမရှိ စိစစ်ရာ၌ ၎င်းကချုပ်ဆိုခဲ့သော စွန့်လွှတ်စာတမ်းသည် တရားဝင်သည် မဝင်သည်ကို အမွေမှုတွင်ပင် အဆုံးအဖြတ်ပေးနိုင်သည်။ ထိုနည်းတူ ကွယ်လွန်သူ၏ အမွေပစ္စည်းများကို စိစစ်ရာ၌ ပစ္စည်းတစ်ရပ်သည် ကွယ်လွန်သူ ကျန်ရစ်သောပစ္စည်း ဟုတ်မဟုတ် အဆုံးအဖြတ်ပေးခွင့်ရှိသည့်အလျောက် ကွယ်လွန်သူတစ်ချိန်က ပိုင်ဆိုင်ခဲ့သောပစ္စည်းကို ကွယ်လွန်သူကလွှဲပြောင်းပေးခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ အမွေမှုတွင် အဆုံးအဖြတ်ပေးနိုင်သည်ဟု ကောက်ယူရပေမည်။ **(ဦးသိန်းဟန်နှင့် မငွေပါ၂၊ ၁၉၈၇ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ-၈၇)**

## အမွေခံအစီအစဉ်

မြန်မာ့ဓလေ့ထုံးတမ်း အမွေခန်းဥပဒေတွင် လူတစ်ယောက်ကွယ်လွန်ပါက ၎င်း၏အမွေပစ္စည်းများကို အမွေခံအစီအစဉ်အရ မည်သူမည်ဝါတို့သည် အမွေခံအမွေစားဖြစ်ရမည်။ ၎င်းတို့၏ အမွေဝေစုသည် မည်၍မည်မျှဖြစ်ရမည် စသဖြင့် အတိအကျသတ်မှတ်ပြီးဖြစ်ပေသည်။ ထို့ကြောင့် အမွေရှင်သေဆုံးသည်နှင့် တစ်ပြိုင်နက် ဆက်ခံခွင့်ရရှိသည်။ အမွေဆက်ခံသူ၏ အဆိုပါအခွင့်အရေးကိုလည်း "အပြီးအပိုင်ရရှိသည့် အကျိုးခံစား ခွင့်" (Vested Right) ဟု ခေါ်ဆိုပေသည်။ **(ဦးအောင်ခင်နှင့် ဒေါ်ရင်လှပါ ၆၊ ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၈၁)**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေသတစ်ရပ်မှာ ကွယ်လွန်သူနှင့် ဆွေမျိုးဆက်နီးသူက ဝေးသူအား အမွေမှပယ်ထုတ်ခြင်းဖြစ်သည်။ **(မနီလာမော်နှင့် ဒေါ်သန်းသန်းပါ ၁၈၊ ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၁၉)**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေခံအမွေစားများသည် အမွေပုံပစ္စည်းတွင် အတူပိုင်ဆိုင်သူများဖြစ်ကြသော်လည်း ပူးတွဲပိုင်ရှင်များ မဟုတ်ကြပေ။

သားသမီးများသည် မိဘတို့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများ သာမက "ကုန်အမှတ်တံဆိပ်" အသုံးပြုခွင့်ကိုပါ အညီအမျှ အမွေဆက်ခံခွင့်ရှိကြသည်။ **(မသန်းပါ ၃နှင့် ဦးချစ်ဆွေ၊ ၁၉၆၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ (လွှတ်တော်ချုပ်)၊ စာမျက်နှာ-၁၃၆)**

မြန်မာ့ဓလေ့ထုံးတမ်းအရ မိဘတစ်ဦးဦး ကွယ်လွန်ပြီးနောက် ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုလျှင် သားသမီးများသည် ကျန်ရစ်သူ မိဘထံမှ အမွေတောင်းခွင့်ရှိပေသည်။ အကယ်၍ ထိုကဲ့သို့ တောင်းခံခဲ့ခြင်းမရှိလျှင် မိရင်းဖရင်း သေဆုံးသောအခါ မိထွေး ပထွေးထံမှ အမွေတောင်းခွင့် ရှိပေသည်။ အကြောင်းမူ ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုသည်ကို အကြောင်းပြုပြီး သားသမီးတို့က ထိုမိဘထံမှ အမွေတောင်းခံခြင်းမှာ ကွယ်လွန်သူအမိ သို့မဟုတ် အဖ၏ အမွေစား အမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်သည်။ မိရင်းဖရင်းသေဆုံးသွား၍ မိထွေး ပထွေးထံမှ အမွေတောင်းခံခြင်းမှာမူ ကွယ်လွန်သွားသည့် မိရင်းဖရင်း၏ အမွေစား အမွေခံအဖြစ်ဖြင့် တောင်းခံခြင်းဖြစ်ပေသည်။ **(ဒေါ်ခင်မာချိုနှင့် ဦးညွန့်အောင် အမှု၊ ၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၆)**

## နှုတ်ဖြင့် ခွဲဝေနိုင်

အမွေပုံကိုနှုတ်ဖြင့် သဘောတူခွဲဝေနိုင်သည်။ သို့သော် အမွေခွဲဝေယူမှုကို စာဖြင့်ရေးသားထားပြီး ထိုသဘောတူချက်စာတမ်းတွင် တန်ဖိုးငွေကျပ် ၁၀၀ (ယခုကျပ်တစ်သိန်း) ထက်ပိုသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းပါဝင်နေပါမူ ထိုစာတမ်းကို မှတ်ပုံတင်အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လိုပေသည်။ **(ဦးအောင်ညွန့်နှင့် မောင်အုန်းမြင့်၊ ၁၉၈၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၂၁)**

မိသားစုစီမံမှုဖြင့် အမွေခွဲဝေရာတွင် စာဖြင့်ရေးသားထားပါက ထိုစာတမ်းတွင် တန်ဖိုးငွေကျပ်တစ်ရာထက်ပိုသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပါဝင်နေလျှင် ထိုစာတမ်းကို မှတ်ပုံတင်ရန်လိုအပ်သည်။ ယခုအမှုတွင် တင်ပြထားသော ကတိ စာချုပ်များကို စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေနှင့်အညီ မှတ်ပုံတင်ထားကြောင်း မတွေ့ရပေ။ ထို့ပြင်ပစ္စည်းသည် ကန့်ကွက်သူ၏ လက်ဝယ်ရှိမရှိပြဿနာကို အမွေထိန်းစာ ထုတ်ပေးစေလိုမှု၌ ဆုံးဖြတ်ရန် မလိုအပ်သောကြောင့် အမွေကျန်ပစ္စည်းများကို ခွဲဝေလက်ရှိရယူပြီးကြောင်း ချေပချက်ကို လက်ခံရန် မသင့်ပေ။ **(ဒေါ်တိုးတိုးညွန့်နှင့် ဦးတင်ရွှေပါ ၃၊ ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၅၅)**

အဆိုပါစီမံမှုကို စာတမ်းရေးသားထားပြီး တန်ဖိုးငွေကျပ်တစ်ရာထက်ပိုသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းပါနေလျှင် မှတ်ပုံတင်ဥပဒေအရ မှတ်ပုံတင်ရန် လိုပေသည်။ **(မရှုမွေးနှင့် ဒေါ်ကျေးမျှင်၊ ၁၉၅၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ လွှတ်တော်စာမျက်နှာ ၁၁၁)**

နီးစပ်ရာ ဆွေမျိုးသားချင်းများသည် အဆိုပါ ပစ္စည်းများမှာ သေသူနှစ်ဦးပိုင်ပစ္စည်းများဖြစ်သည်ဟု ယုံကြည်လက်ခံပြီး မိသားစုပြေငြိမ်းမှု (Family Settlement) ကို ဖန်တီးသည့်အနေဖြင့် ခွဲဝေရယူကြရန် သဘောတူညီကြဟန် ရှိသည်။ ယင်းသို့ မိသားစုပြေငြိမ်းမှုဖန်တီးသည်ကို တရားရုံးများကအားပေးလိုက်လျောလက်ခံအတည်ပြုလေ့ရှိကြလေသည်။ **(မပန်းစီ(ခ)ဒေါ်ရင်ရင်နှင့် မလှရင်ပါ ၆၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံး၊ စာမျက်နှာ ၈၀၀ (၈၀၈))**

မိသားစုစီမံခန့်ခွဲမှု စာချုပ်စာတမ်းများကို မှတ်ပုံတင်လိုက တင်နိုင်သော စာချုပ်စာတမ်း အမျိုးအစားအဖြစ် ပြဋ္ဌာန်းထားသည်။ **(စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေပုဒ်မ ၁၇(စ))**

> **" အမွေပုံကို မိသားစုစီမံခန့်ခွဲမှုအရ ညှိနှိုင်းခွဲဝေယူကြရာတွင် အမွေဆိုင်အချင်းချင်း သဘောတူညီညွတ်မှုကအဓိကဖြစ်ကြောင်း၊ အမွေဆိုင်တို့သည် တစ်ရပ်တစ်ကျေးစီတွင် သီးခြားနေထိုင်ကြရာဝယ် တစ်နေရာတည်း၌ စုစည်းဆုံတွေ့ကြရန် လွယ်ကူမည်မဟုတ်ပေ။ ထိုသို့ တညီတညွတ်တည်း စုံစည်းဆုံတွေ့မှသာ မိသားစုစီမံမှု အထမြောက်မည်ဆိုလျှင် အထမြောက်သည့် မိသားစုစီမံမှုတစ်ခုဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။ သို့ဖြစ်၍ အမွေဆိုင်အစုံအလင်ပါဝင်ရမည်ဆိုရာတွင် ၎င်းတို့အားလုံး၏ ဆန္ဒသဘောထားများ ပါဝင်ရမည် "**

## ဆန္ဒသဘောထားများပါဝင်

အမွေပုံကို မိသားစုစီမံခန့်ခွဲမှုအရ ညှိနှိုင်းခွဲဝေယူကြရာတွင် အမွေဆိုင်အချင်းချင်း သဘောတူညီညွတ်မှုကအဓိကဖြစ်ကြောင်း၊ အမွေဆိုင်တို့သည် တစ်ရပ်တစ်ကျေးစီတွင် သီးခြားနေထိုင်ကြရာဝယ် တစ်နေရာတည်း၌ စုစည်းဆုံတွေ့ကြရန် လွယ်ကူမည်မဟုတ်ပေ။ ထိုသို့ တညီတညွတ်တည်းစုံစည်းဆုံတွေ့မှသာ မိသားစုစီမံမှု အထမြောက်မည်ဆိုလျှင် အထမြောက်သည့် မိသားစုစီမံမှုတစ်ခုဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။ သို့ဖြစ်၍ အမွေဆိုင်အစုံအလင်ပါဝင်ရမည်ဆိုရာတွင် ၎င်းတို့အားလုံး၏ ဆန္ဒသဘောထားများပါဝင်ရမည်ကို ဆိုလိုခြင်းဖြစ်သည်ဟု ကောက်ယူသင့်သည်ဟူ၍ **ဦးထွန်းရင်ပါ၂ နှင့် မဝင်းရီပါ ၈ အမှု၊ ၁၉၉၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၇၄** တွင် ထုံးပြုထားသည်။

မိဘတစ်ဦးဦးကွယ်လွန်ပြီး ကျန်ရစ်သူ မိဘ နောက်အိမ်ထောင်ပြုသည့်အခါ ကွယ်လွန်သူနှင့် ရရှိခဲ့သော သားသမီးများသည် ကျန်ရစ်သူမိဘထံမှ ကွယ်လွန်သူမိဘအစုကို ရရှိသည်။ ယင်းဝေစုကို အမွေယူခဲ့ပါလျှင် ထိုကျန်ရစ်သူ မိဘကွယ်လွန်သောအခါ အမွေတောင်းခွင့်မရှိတော့ပေ။ သို့ရာတွင် အမွေတောင်းခံခဲ့ခြင်းမရှိခဲ့ပါမူ ကျန်ရစ်သူမိဘကွယ်လွန်သောအခါ မိထွေး၊ ပထွေးထံမှ အမွေတောင်းခံခွင့်ရှိသည်။ **(ဦးမြတ်စိုးပါ၄ နှင့် ဒေါ်တင်ကြည် အမှု၊ ၂၀၀၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၄၂)**

## ပစ္စည်းများကို ခွဲဝေပေးခွင့်ရှိ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦး မသေမီ သားသမီးများဖြစ်ကြသည့် အမွေစားအမွေခံတို့၏ သဘောတူချက်ဖြင့် အမွေပုံပစ္စည်းများကို ခွဲဝေပေးခွင့်ရှိသည်။ ထိုသို့ပြုလုပ်ခြင်းမှာ မိသားစုစီမံမှုဟု ခေါ်သည်။ **(မောင်ခွေးသိုး (ဒေါ်ထပ်ကြီး၏ တရားဝင်ကိုယ်စားလှယ်) နှင့် ဒေါ်မှတ်ကြီး အမှု၊ ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၉၂)**

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိသားစုစီမံမှုဆိုသည်မှာ ပစ္စည်းရှင်မသေဆုံးမီ ပစ္စည်းရှင်နှင့် မိသားစုဝင်တို့၏ သဘောတူညီမှုဖြင့် ပစ္စည်းရှင်သေဆုံးသည့်အခါ အမွေပစ္စည်းများကို မည်သို့ခွဲဝေယူကြမည်ဆိုသည့်စီမံမှုကို ခေါ်သည်။ မိသားစုစီမံမှုပြုလုပ်ရာတွင် အမွေပစ္စည်း၌ အခွင့်အရေးရှိသူများ အားလုံးပါဝင်ရန် လိုသည်။ **(ဒေါ်ငွေလှိုင်ပါ ၈၊ မောင်ကျော်ဝိန် (ခ) မောင်ကျော်စိန်ပါ ၂ နှင့် ဦးလှဆောင်ပါ ၃၊ ဒေါ်ငွေလှိုင်ပါ ၉ အမှု၊ ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၅၀)**

## ငြင်းဆိုခွင့်မရှိ

အမွေခံတို့၏ သဘောတူညီချက်ဖြင့် ပြုလုပ်သည့် မိသားစုစီမံမှုအတိုင်း ပစ္စည်းခွဲဝေပြီးပါက ထိုစီမံမှုကို ဖောက်ဖျက်ခွင့်မရှိ၊ ထိုစီမံမှုသည် တရားဥပဒေအရ တည်မြဲခိုင်မာခြင်း မရှိဟု သက်သေခံအက်ဥပဒေပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့် မရှိတော့ပေ။ **(ဦးဘမင်းနှင့် ဒေါ်မြမြပါ ၂ အမှု၊ ၂၀၀၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၇၅)**

အမွေဆိုင်မြေ၌ အမွေဆိုင်တစ်ဦးက ၎င်းတစ်ဦးတည်းပိုင်သည့် နှစ်ထပ်တိုက်ခံအိမ်ဆောက်လုပ်ပြီး အိမ်ငှားထားကာ အိမ်လခများကိုနှစ်ပေါင်း ၄၀ ကျော် တစ်ဦးတည်းခံစားခဲ့ခြင်းသည် အခြားအမွေဆိုင်များအား ဆန့်ကျင်လက်ရှိထားခြင်း ဖြစ်သည်။ **(ဒေါ်သစ်သစ် နှင့် ဒေါ်ရီရီမြင့်၊ ၁၉၉၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၁၂၁(၁၂၇) (စုံညီ))**

အမွေဆိုင်တစ်ဦးက အမွေပုံပစ္စည်းကို လက်ရှိထားရာတွင် သာမန်အားဖြင့်ဆိုပါက ထိုပစ္စည်းကို အမွေဆိုင်အားလုံးအတွက် လက်ရှိထားသည်ဟု မှတ်ယူရမည်ဖြစ်သည်။ (မမြကြင်နှင့် မအေးတင်၊ ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ ၉၈၃)

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သေတမ်းစာပြုလုပ်၍ ပစ္စည်းလွှဲပြောင်းပေးခြင်း မပြုလုပ်နိုင်ပေ။ **(ဒေါ်မယ်သင်နှင့် ဦးငွေထိန်ပါ ၈ အမှု၊ ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ – ၅၃)**

မြန်မာဗုဒ္ဓဘာသာတို့အတွက် အမွေထိန်းစာ မထုတ်ဘဲ မနေရဟု ဥပဒေကမဆိုပေ။ ထုတ်ပေးရန်မလိုလျှင် ထုတ်မပေးခြင်းက ပို၍တရားမျှတမှန်ကန်၏။

## ဆက်ခံခွင့်ရှိ

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၊ အမွေခန်းဥပဒေအရ ကွယ်လွန်သူတွင် ခင်ပွန်း သားသမီး မြေးမြစ် အစရှိသော တိုက်ရိုက်အဆက်အနွယ်များ၊ ကိတ္တိမ သားသမီး၊ လင်ပါမယားပါသမီးနှင့် ကိဋ္ဌိတ သားသမီး အစရှိသောသူများမရှိလျှင် ထိုသူ၏ အမွေပစ္စည်းများကို (၁) ညီအစ်ကိုမောင်နှမများ၊ (၂) မိဘများ၊ (၃) ဘိုးဘွားများ၊ (၄)တူ၊ တူမများ၊ (၅) ဘကြီး ဘထွေး၊ ဦးရီး (ဦးကြီး)၊ ဦးလေး၊ အရီးကြီး၊ အရီးလေး၊ မိကြီး မိထွေး၊ (၆) တူ၊ တူမများ၏ သားသမီးများက ဦးစားပေးအစီအစဉ်အတိုင်း ဆက်ခံခွင့်ရှိကြပါသည်။ **(ဦးမြင့်စိုးနှင့် ဦးသန်းစိုးပါ ၄၊ ၂၀၀၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာမျက်နှာ ၈၄)**

*စာမျက်နှာ ၁၁ သို့*

# ကင်းတားရေလှောင်တမံမှ ယခုနှစ် မိုးစပါး နှင့် အခြားသီးနှံများအား လျာထားချက်ပြည့်မီအောင် ဆည်ရေပေးဝေလျက်ရှိ

မြစ်သား ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ကင်းတားရေလှောင်တမံမှ ယခုနှစ် (၂၀၂၁) ခုနှစ်တွင် ကန်တွင်း ရေဝင်ရောက်မှုနည်းသော်လည်း မိုးစပါးနှင့် အခြားသီးနှံများကို သတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ကင်းတားရေလှောင်တမံမှ မြစ်သား၊ ဝမ်းတွင်း၊ ကျောက်ဆည်နှင့် တံတားဦးမြို့နယ်တို့အထိ စိုက်ပျိုးရေနှင့် သောက်သုံးရေ နှစ်စဉ် ပေးဝေလျက်ရှိကြောင်း အဆိုပါ လေးမြို့နယ်အတွင်းရှိ ၂၀၂၁-၂၀၂၂ မိုးစပါး ၁၀၉၁၃၂ ဧက နှင့် အခြားသီးနှံ ၂၇၂၇၂ ဧက ကို စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

ယခုနှစ် ရေဝင်ရောက်မှုမှာ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်တို့ထက် လျော့နည်းနေသော်လည်း ဆည်ရေကို အလေအလွင့်နည်းစွာနှင့် တောင်သူလယ်သမားတိုင်း ရေသွင်းစိုက်ပျိုးသည့် ဧကအလိုက် အချိုးကျအညီအမျှ ဆည်ရေရရှိ စိုက်ပျိုးနိုင်ရန် ညွှန်ကြားရေးမှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ လမ်းညွှန်ချက်များနှင့်အတူ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများမှ ရေစီမံခန့်ခွဲမှု (Water Management) နည်းလမ်းများအတိုင်း ရေအလေအလွင့်နည်းပါးစွာဖြင့် စိုက်ကွင်းများဆီသို့ စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

ကင်းတားရေသောက်တောင်သူ အများစုမှာ မနောသုခ၊ ရောမင်း၊ ရွှေမနော်၊ ရွှေသွယ်ရင်၊ ဆင်းသုခ စသည့် စပါးမျိုးများကို အဓိကစိုက်ပျိုးလျက်ရှိကြောင်းလည်း သိရသည်။ ကင်းတားရေသောက် စနစ်တွင် ယခုချိန်အထိ မိုးစပါး ၅၂၀၅၇ ဧကနှင့် အခြားသီးနှံ ၁၅၄၉ ဧကခန့် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သတ်မှတ်လျာထားဧကများ ပြည့်မီအောင် ဆည်ရေဆက်လက်ပေးဝေသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မောင်မွေး**



ကင်းတားလက်ဝဲမြောင်းမကြီး လက်တံ(၁၂)မှ ဆည်ရေဖြင့် မိုးစပါးရေပေးဝေနေစဉ်။

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

မြစ်သား ဩဂုတ် ၂၅

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၉ မှ*

| စဉ် | ဝန်ကြီးဌာန | Package စနစ်ဖြင့် ပေါင်းစည်းပေးအပ်မည့် လိုင်စင်/ပါမစ် အမျိုးအစား |
|---|---|---|
| (၁) | ပြည်ထဲရေးဝန်ကြီးဌာန | - အဆောက်အအုံ မဆောက်မီ မီးဘေးလုံခြုံရေး အကြံပြုချက်ထုတ်ပေးခြင်း<br>- မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်ထုတ်ပေးခြင်း။ |
| | နှင့် | |
| | စက်မှုဝန်ကြီးဌာန | -ပုဂ္ဂလိကစက်မှုလုပ်ငန်းများ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း<br>-ဘွိုင်လာ အသုံးပြုခွင့်လက်မှတ်ထုတ်ပေးခြင်း။<br>-လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း<br>- ဂျင်နရေတာ စစ်ဆေးခြင်းနှင့် အသုံးပြုမှု မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း။ |
| (၂) | စက်မှုဝန်ကြီးဌာန နှင့် | -ဓါတ်လှေကား အသုံးပြုခွင့်<br>-စက်လှေ ကား အသုံးပြုခွင့် |
| | ဒေသဆိုင်ရာခရီးသွားလာရေးလုပ်ငန်းကော်မတီ | -ဟိုတယ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းအတွက် ကြိုတင်ခွင့်ပြုချက် |
| (၃) | ကျန်းမာရေးဝန်ကြီးဌာန | -ဆေးဝါးတင်သွင်းခြင်း လုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်<br>-ဆေးဝါးရောင်းချခွင့်လိုင်စင် |
| (၄) | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | -အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်<br>-ခြံစည်းရိုးကာရံခွင့် |

အထက်ဖော်ပြပါ ပြန်လည်သုံးသပ်ချက်ရလဒ်များအတိုင်း ကြာမြင့်ချိန်များလျှော့ချခြင်း၊ စာရွက်စာတမ်းများလျှော့ချခြင်း၊ Online ဖြင့် ပြောင်းလဲဆောင်ရွက်ခြင်းနဲ့ Package စနစ်နဲ့ ခွင့်ပြုပေးခြင်းတို့ဟာ New-normal ကာလမှာ နှောင့်နှေးကြန့်ကြာနေတဲ့ စီးပွားရေးလုပ်ငန်းတွေ မြန်ဆန်စွာ စတင် ဆောင်ရွက်လာစေဖို့၊ ရပ်ဆိုင်း/တံ့ဆိုင်းလျက်ရှိတဲ့ လုပ်ငန်းတွေလည်း ပြန်လည်လည်ပတ်နိုင်ဖို့ တစ်ထောင့်တစ်နေရာမှ များစွာ အထောက်အကူ ဖြစ်လာစေမှာ သေချာပါတယ်။

ဒါ့အပြင် ဝန်ကြီးဌာန၊ ကော်မတီများအနေနဲ့ လတ်တလော ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့ ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့စေရေးအတွက် လုပ်ဆောင်ချက်များကိုလည်း ဆက်လက်ဆောင်ရွက်သွားဖို့ရှိပါတယ်။ အဲဒါတွေကတော့ လိုင်စင်၊ ပါမစ်၊ ထောက်ခံချက်များ လျှောက်ထားခြင်း၊ ခွင့်ပြုခြင်းတို့ကို အီလက်ထရောနစ် နည်းလမ်းတစ်မျိုးမျိုးနဲ့ ဆောင်ရွက်ဖို့နဲ့ လိုင်စင်ကြေး ဒါမှမဟုတ် ဝန်ဆောင်စရိတ်များ ပေးသွင်းခြင်းတွေကိုလည်း Online မှ ပေးချေနိုင်စေဖို့ မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များ လိုအပ်သလို ချိတ်ဆက်ဆောင်ရွက်သွားပြီး Internet Banking System ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

လက်ရှိမှာ လုပ်ငန်းလုပ်ကိုင်ခွင့်သဘောသဘာဝချင်းတူညီတဲ့ လိုင်စင်တွေကို အစိုးရဌာန/ အဖွဲ့အစည်းနှစ်နေရာကနေ လျှောက်ထားရယူနေရတာမျိုးတွေရှိပါတယ်။ အဲဒီလိုကိစ္စရပ်တွေမှာ ရင်းနှီးမြှုပ်နှံသူအနေနဲ့ လိုင်စင်တစ်မျိုးတည်းသာ လျှောက်ထားနိုင်ရေး ဆောင်ရွက်ခြင်း ဒါမှမဟုတ် အစိုးရအဖွဲ့အစည်းများအကြား လုပ်ပိုင်ခွင့်ရှင်းလင်းအောင် ခွဲဝေ သတ်မှတ်ခြင်းနဲ့ သက်ဆိုင်ရာဥပဒေများ ပြင်ဆင်/ ဖြည့်စွက်ခြင်းများ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် စီးပွားရေးနဲ့သက်ဆိုင်တဲ့ ဥပဒေများအကြား ရှေ့နောက်မညီညွတ်မှုနဲ့ ဒွိဟဖြစ်ဖွယ်၊ အငြင်းပွားဖွယ်ပြဋ္ဌာန်းချက်များကိုလည်း ကိုက်ညီဆီလျော်မှု ရှိအောင် ပြင်ဆင်ခြင်း၊ ပစ္စည်းတင်သွင်း/ တင်ပို့သည့်ကိစ္စရပ်များမှာလည်း တင်သွင်းမယ့် ပစ္စည်းနဲ့ သက်ဆိုင်တဲ့ အစိုးရဌာန/ အဖွဲ့အစည်းကို ထောက်ခံချက်များတောင်းတာနဲ့ ပတ်သက်ပြီး ဝန်ထုပ်ဝန်ပိုးလျော့နည်းစေမယ့် နည်းလမ်းများ ဆောင်ရွက်နိုင်ရေး တို့ကိုလည်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထက်ဖော်ပြပါ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်း/ ဌာနအလိုက် ဆောင်ရွက်တဲ့နည်းတူ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ ကိုးကားနိုင်ဖို့၊ ပွင့်လင်းမြင်သာစေဖို့၊ ကြိုတင်ခန့်မှန်းသိမြင်နိုင်ဖို့နဲ့ လွယ်ကူချောမွေ့စေနိုင်ဖို့အတွက် "စီးပွားရေးနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၏ စံချိန်စံညွှန်းမီလုပ်ထုံးလုပ်နည်းများ (SOPs)" ကိုပြုစုထားပြီး ဖြစ်သလို တိုင်းဒေသကြီး/ပြည်နယ်တွေကို လုပ်ပိုင်ခွင့်တွေ ခွဲဝေပေးထားတဲ့ ဝန်ကြီးဌာန/အဖွဲ့အစည်းတွေအနေနဲ့ "တိုင်းဒေသကြီး/ ပြည်နယ်များ လိုက်နာကျင့်သုံးရမည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (SOPs)" များကိုလည်းကောင်း အမြန်ဆုံးရေးဆွဲထုတ်ပြန်သွားဖို့ စီစဉ်ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရအနေနဲ့ ကိုဗစ်ကာလနဲ့ သဘာဝကပ်ဘေးအလွန်ကာလများမှာ နိုင်ငံ့စီးပွားရေးကို ဦးမော့လာစေဖို့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေလည်း အများအပြားရှိနေဦးမှာပါ။ ဒီလုပ်ငန်းစဉ်တွေထဲက လုပ်ထုံးလုပ်နည်းဆိုင်ရာပြုပြင်ပြောင်းလဲမှု (Regulatory Reform) ကို စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်တဲ့အတွက် မြန်မာနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနဲ့ လွယ်ကူချောမွေ့စေရေးမှာ အရေးပါလှတဲ့ခြေလှမ်းတစ်ခုကို စတင်လျှောက်လှမ်းလိုက်ပါကြောင်း ဖော်ပြလိုက်ရပါတယ်။ ။

*စာမျက်နှာ ၁၀ မှ*

### သက်သာခွင့်ကို ခွင့်ပြု

သာမန်ဥပဒေသမှာ အမှုသည်တို့၏ အခွင့်အရေးကို အမှုစွဲဆိုသည့်နေ့၌ တည်ရှိသည့်အတိုင်း ဆုံးဖြတ်ရန်ဖြစ်သည်။ အမှုစွဲဆိုပြီးမှ ရရှိသောအခွင့်အရေးများအပေါ်အခြေခံ၍ အဆုံးအဖြတ်ပေးရန် မဟုတ်ပေ။ သို့ဖြစ်ရာ တရားစွဲဆိုစဉ်က တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးလျှင် တရားစွဲဆိုပြီးမှ ပေါ်ပေါက်သည့် တရားစွဲဆိုနိုင်ရန် အကြောင်းကို အခွင့်ကောင်းယူကာ သက်သာခွင့်တောင်းခြင်းကို သာမန်အားဖြင့် ခွင့်ပြုမည်မဟုတ်ချေ။ သို့ရာတွင် အခြေအနေများ ပြောင်းလဲလာခြင်းကြောင့် မူလတောင်းဆိုသော သက်သာခွင့်မှာ မဆီလျော်တော့လျှင် သို့မဟုတ် အမှုဆိုင်ခြင်းကို တိုတောင်းစေရန်ဖြစ်စေ၊ အမှုသည်များအကြား တရားမျှတမှု အပြည့်အဝဖြစ်စေရန်ဖြစ်စေ ပြောင်းလဲလာသော အခြေအနေများအရ တရားရုံးက အဆုံးအဖြတ်ပေးရန် လိုအပ်လျှင် တရားရုံးသည် အထက်ပါဥပဒေသမှ သွေဖည်ကာ ပြောင်းလဲလာသော အခြေအနေများအပေါ်အခြေခံ၍ သက်သာခွင့်ကို ခွင့်ပြုရန်ဖြစ်သည်။ မူလရုံးက ပဏာမဒီကရီ ချမှတ်ပြီးနောက် အထူးအယူခံမတိုင်မီတွင် ဦးညွန့်မောင် ကွယ်လွန်သွား၍ အခြေအနေပြောင်းလဲသွားခဲ့သည့် မအေးအေးထိုက်တို့၏ ရပိုင်ခွင့်ဝေစုတိုးသွားသည်။ ဤအခြေအနေတွင် မအေးအေးထိုက်တို့နှင့် ဒေါ်ခင်အေးကြည်တို့အကြား **အမှုတိုးပွားခြင်းကို ရှောင်လွှဲရန်နှင့် အမှုသည်အကြား ပြီးပြည့်စုံသည့် တရားမျှတမှုဖြစ်စေရန် တရားရုံးသည် ပြောင်းလဲသွားသည့် အခြေအနေနှင့် ကိုက်ညီသည့် သက်သာခွင့်ကို ခွင့်ပြုမှသာလျှင် မှန်ကန်မျှတမည် ဖြစ်သည်။** **(မအေးအေးထိုက်ပါ ၂ နှင့် ဒေါ်ခင်အေးကြည် (ကွယ်လွန်သူ ဦးညွန့်မောင်၏ တရားဝင်ကိုယ်စားလှယ်)၊ ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာမျက်နှာ-၄၈၀(၄၈၁))**

သို့ဖြစ်ရာ ဆွေမျိုးရင်းခြာများအကြား မလိုလားအပ်သော အငြင်းပွားမှုများဖြင့် အချိန်ကုန်ငွေကုန် အမွေပုံကုန်မှုပြီး မဖြစ်ကြရလေအောင် အမွေမှု၏ အခြေခံသဘောတရားများကို အလွယ်တကူ လေ့လာအသုံးပြုနိုင်စေရန် ရေးသားတင်ပြအပ်ပါသည်။

## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၂၅-၈-၂၀၂၁)ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Price in Kyats(Retail) | Company Name |
|---|---|---|---|
| Antibiotics | | | |
| 1 | PO – Azithromycin 500 mg | 4000 | Rammawaddy |
| 2 | P.O – Cefalexin 500 mg | 6100 | Aorta |
| 3 | P.O – Levofloxacin 500 mg | 7000 | Shwe Htay Min |
| 4 | P.O.Cefixime | 3600 | Aorta |
| 5 | P.O Amoxicillin+ Clavulanic Acid | 1800 | Aorta |
| 6 | Injection – Levofloxacin 500 mg | 3000 | Yadanar |
| 7 | Injection – Ceftriazone 1G | 700 | KCL |
| 8 | Injection – Cefoperazone and Sulbactam 1G | 4900 | Ready Medicine |
| 9 | Injection – Cefoperazone and Sulbactam 2G | 9300 | Ready Medicine |
| 10 | Injection – Meropenam | 10000 | AA Medical |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## ဘားအံမြို့၌ ငွေကျပ် ၂၆၇ သန်းကျော်ဖြင့် ဆောက်လုပ်ခဲ့သော ဇာသပြင်ဈေးသစ် ဖွင့်လှစ်

**ဘားအံ ဩဂုတ် ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်စည်ပင်သာယာရေး အဖွဲ့၏ ဇာသပြင်ဈေးသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ဇာသပြင်ကျေးရွာရှိ အဆိုပါဈေးသစ် တည်နေရာ၌ ကျင်းပသည်။

ဈေးသစ်ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကား ပြောကြားပြီး ဇာသပြင်ဈေးသစ် ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပတ်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်၊ စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူတို့က ဇာသပြင်ဈေးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ဈေးအတွင်း ဈေးသူ၊ ဈေးသားများ၏ ရောင်းဝယ်ဖောက်ကားနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(အောက်ပုံ)**

ဇာသပြင်ဈေးသည် ယခင်က လမ်းဘေး နှစ်ဖက်တွင်သာ တည်ခင်းရောင်းချခဲ့ကြပြီး လမ်းသွားလမ်းလာ မော်တော်ယာဉ်များနှင့် ကျဉ်းမြောင်းစွာ ဈေးရောင်းဈေးဝယ် ပြုလုပ်ကြရသည့်အတွက် ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၆၇ ဒသမ ၈၄ သန်းဖြင့် ဈေးရုံလေးရုံ၊ ဆိုင်ခန်းပေါင်း ၁၅၂ ခန်း ပါဝင်သည့် ဈေးသစ်ကြီးကို သံလွင်ဖားစည်မြေကုမ္ပဏီက တာဝန်ယူ တည်ဆောက်ပေးကာ တစ်ပိုင်တစ်နိုင်ရောင်းချသူများ အဆင်ပြေစေရန် ပျံကျဈေးကွက် နေရာ ၁၀၀ ကျော် ပါဝင်၍ ကုန်စိမ်း၊ ကုန်ခြောက်၊ သား၊ ငါး၊ အဝတ်အထည် အစရှိသည့် ကုန်မျိုးစုံကို ဈေးအင်္ဂါရပ်များနှင့်အညီ ရောင်းချနိုင်ရေး ဆောက်လုပ်ပေးထားခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် ဘားအံမြို့နယ် သံလွင်အနောက်ခြမ်း ကျောက်တစ်လုံး (ဝင်းဒရယ်) ကျေးရွာအုပ်စု ကြာအင်းပေါ်တော်မူ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒသာရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘိလပ်မြေအိတ် ၃၀၀ နှင့် ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ပါးစပ်နှင့်နှာခေါင်းစည်းများ၊ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၅**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဘီးလင်းမြို့တွင် ၈ ဒသမ ၆၆ လက်မ၊ ပိုင်ကျုံမြို့တွင် ၇ ဒသမ ၂၉ လက်မ၊ ကော့သောင်းမြို့တွင် ၅ ဒသမ ၀၀ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ဘားအံမြို့တွင် ၄ ဒသမ ၂၁ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၈၆ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၈၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၂၇ လက်မ၊ မိုးကောင်းမြို့တွင် ၂ ဒသမ ၈၃ လက်မနှင့် ပူတာအိုမြို့တွင် ၂ ဒသမ ၇၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

*❊ ကျောဖုံးမှ*

ငွေကျပ် ၁၀၀၀ နှုန်းဖြင့် တိုင်းဒေသကြီးအတွင်း ဆန်အိတ်ပေါင်း ၂၀၀၀၀ ကို ကိုဗစ်-၁၉ စည်းကမ်းချက်နှင့်အညီ ရပ်ကွက်/ကျေးရွာများအတွင်း လှည့်လည်ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် အခြေခံစားကုန်များဖြစ်သည့် ဆီနှင့် ကြက်သွန်၊ ငရုတ်သီးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

**❍ ကျောဖုံးမှ**

လက်တွဲအပြီး ထိုးသတ်ထားသည့် သုံးပွဲစလုံး အနိုင်ရထားသူဖြစ်ပြီး ဆောင်မင်ဂျောင်မှာလည်း ပွဲ ၂၀ မြောက်ထိုးသတ်ခြင်းဖြစ်ကာ ထိုးသတ်ပြီးသည့် ၁၉ ပွဲတွင် ၁၁ ပွဲနိုင်၊ ရှစ်ပွဲရှုံးနိမ့်ထားသည်။ ထီရယ်လ်ထန်သည် ၂၀၁၉ ခုနှစ်တွင် ONE Championship အဖွဲ့အစည်းနှင့် စတင်လက်တွဲခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လတွင် ကမ္ဘောဒီးယားနိုင်ငံသားဆာရော့သ်၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာတွင် တောင်ကိုရီးယားနိုင်ငံသား ကင်မ်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီတွင် ပေါလ်လူမီဟီတို့နှင့် ထိုးသတ်ခဲ့ရာ သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။

Battleground III အမည်ရ MMA ပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် ဆစ်သီချိုင်း (ထိုင်း) နှင့် သာဝမ်ချိုင်း (ထိုင်း)၊ အခြားစိန်ခေါ်ပွဲများအဖြစ် ဒီဂျီဒမ်ရောင် (ထိုင်း) နှင့် ဘန်မာ (တရုတ်)၊ ဒေဟွမ်ကင်မ် (တောင်ကိုရီးယား) နှင့် ရှီဝေ (တရုတ်)၊ ထီရယ်လ်ထန် (မြန်မာ) နှင့် ဆောင်မင်ဂျောင် (တောင်ကိုရီးယား)၊ ပူရော့ဗ် (မွန်ဂိုလီးယား) နှင့် ဘင်ရိုလီ (အင်္ဂလန်)၊ အမျိုးသမီးတွဲဆိုင်းအဖြစ် ဘီငုယင် (ဗီယက်နမ်/အမေရိကန်) နှင့် အိုလီဆင်မ် (ဖိလစ်ပိုင်) တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံလုပွဲများမပါဝင်ဘဲ စိန်ခေါ်ပွဲများသာ ပြုလုပ်မည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-ONE Championship**

## ပီအက်စ်ဂျီ တိုက်စစ်ကစားသမား အမ်ဘတ်ပီကို ကမ်းလှမ်းမှုပြုလုပ်လိုက်သည့် ရီးရဲမက်ဒရစ်



လာလီဂါနာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ တိုက်စစ် ကစားသမား အမ်ဘတ်ပီကို ခေါ်ယူစာချုပ်နိုင်ရန်အတွက် ယူရို သန်း ၁၆၀ (ပေါင် ၁၃၇သန်း) ဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ပီအက်စ်ဂျီအသင်း အနေဖြင့် အဆိုပါ ကမ်းလှမ်းမှုနှင့်ပတ်သက်ပြီး တုံ့ပြန်မှုတစ်စုံတစ်ရာ မရှိသေးကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ်ရှိ အမ်ဘတ်ပီသည် ပြီးခဲ့သည့်လများအတွင်း ပီအက်စ်ဂျီအသင်း၏ သက်တမ်းတိုး ကမ်းလှမ်းမှုသုံးကြိမ်ကို ပယ်ချထားသူ ဖြစ်သည်။ သို့သော်လည်း ၎င်းနှင့် ပီအက်စ်ဂျီအသင်းတို့ ချုပ်ဆိုထားသော စာချုပ်သက်တမ်းမှာ တစ်နှစ် ကျန်ရှိနေသေးကြောင်း သိရသည်။

အမ်ဘတ်ပီအနေဖြင့်ပီအက်စ်ဂျီအသင်းသို့ ဘာစီလိုနာ တိုက်စစ်မှူး လီယွန်နယ် မက်ဆီ ပြောင်းရွှေ့ရောက်ရှိလာသော်လည်း ရီးရဲမက်ဒရစ်အသင်းထံသို့ ပြောင်းရွှေ့ကစားရန် စိတ်အား ထက်သန်နေခြင်း ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အသင်းဘဏ္ဍာရေး ထိခိုက်ခံစားခဲ့ရသောကြောင့် ယခုနှစ်အပြောင်းအရွှေ့ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ခံစစ်ကစားသမား ဒေးဗစ်အလာဘာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်သာ ခေါ်ယူထားနိုင်သေးသည်။

သို့သော်လည်း ရီးရဲမက်ဒရစ်အသင်းသည် အပြောင်းအရွှေ့ကာလတွင် အသင်းမှ လုပ်ခလစာ အများဆုံးပေးချေရသည့် ရာမို့စ်ကို ပီအက်စ်ဂျီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုခဲ့သလို ဗာရာနီကိုလည်း မန်ယူအသင်းထံသို့ ပေါင် ၃၄ သန်းဖြင့် ရောင်းထုတ်ခဲ့သည်။

ထို့အပြင် မာတင် အိုဒီဂတ်ကိုလည်း ပေါင်သန်း ၃၀ ဝန်းကျင်ဖြင့် အာဆင်နယ်အသင်းထံသို့ ရောင်းချခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ယခုအခါ ရီးရဲမက်ဒရစ်အသင်း၏ ဘဏ္ဍာရေးလုံလောက်မှု ရှိလာခဲ့ပြီး ကမ္ဘာ့အဆင့် ကစားသမားတစ်ဦးခေါ်ယူရန် လုပ်ဆောင်နေခြင်း ဖြစ်သည်။

ရီးရဲမက်ဒရစ်အသင်း အနေဖြင့် အမ်ဘတ်ပီကို အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ ခေါ်ယူ နိုင်ခဲ့မည်ဆိုပါက ပီအက်စ်ဂျီအသင်းအနေဖြင့် ဂျူဗင်တပ်စ်အသင်းတွင် အနာဂတ် မရေမရာဖြစ်နေသည့် စီရော်နယ်ဒိုကို အစားထိုး ခေါ်ယူသွားဖွယ်ရှိနေသည်။ သို့သော်လည်း စီရော်နယ်ဒိုကို မန်စီးတီးအသင်းကလည်း ခေါ်ယူရန် စိတ်ဝင်စားနေသည်။

အမ်ဘတ်ပီသည် ၂၀၁၇ ခုနှစ်တွင် မိုနာကိုအသင်းမှ ကနဦးအငှားဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ၂၀၁၈ ခုနှစ်တွင်မှ အမ်ဘတ်ပီကို ပေါင် ၁၆၅ ဒသမ ၇ သန်းဖြင့် အပြီးသတ် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ၎င်းပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၇၄ ပွဲ ပါဝင်ကစားထားပြီး ၁၃၃ ဂိုးသွင်းယူပေးထားသည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ရာသီ လီဂူးဝမ်းပြိုင်ပွဲတွင် သုံးပွဲကစားထားပြီး သုံးပွဲစလုံး အနိုင် ရရှိထားသည့်အတွက် ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ လာမည့်ပွဲစဉ်အဖြစ် ဩဂုတ် ၃၀ ရက်တွင် ရိမ်းစ်အသင်းနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဆိုပါပွဲစဉ်သည် မက်ဆီ၏ ပီအက်စ်ဂျီအသင်းနှင့် ပွဲဦးထွက်ပွဲစဉ်ဖြစ်လာဖွယ်ရှိနေသည်။ **အောင်ဇော်**

# ပြည်သူများ၏အသက်ကို ကာကွယ်ရန် ဆေးဘက်ဆိုင်ရာစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ဆူဂါပြော

တိုကျို ဩဂုတ် ၂၅

**ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲက ပြည်သူများ၏အသက်ကို ကာကွယ်ရန် ဆေးဘက်ဆိုင်ရာစနစ်များ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိပ်တန်းဦးစားပေးကိစ္စရပ်ဖြစ်ကြောင်း ဩဂုတ် ၂၅ ရက်က ပြောကြားလိုက်သည်။ ဩဂုတ် ၂၅ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးဆိုင်ရာ အစိုးရလုပ်ငန်းအဖွဲ့ အစည်းအဝေး၌ ဆူဂါက သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ ဂျပန်နိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုသည် မှတ်တမ်းတင်သည့်အဆင့်အထိဆက်လက်မြင့်တက်ပြီး ပြည်သူ့ကျန်းမာရေးစင်တာများနှင့် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအပေါ် ဝန်ပိလျက်ရှိသည်။**



ဂျပန်ဝန်ကြီးချုပ် ဆူဂါယိုရှီဟိဒဲ

ဆေးဘက်ဆိုင်ရာ စနစ်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ၎င်းက လမ်းညွှန်ခဲ့သည်။ ပြည်သူ့ကျန်းမာရေးစင်တာက ကိုဗစ်-၁၉ လူနာများကို ကိုင်တွယ်ဖြေရှင်းခြင်းမပြုခင် လူနာများအနေဖြင့် ပထမဆုံး ကျန်းမာရေးဆွေးနွေး တိုင်ပင်ထားသော ဆရာဝန်များအား ဖုန်းဖြင့်သော်လည်းကောင်း အိမ်တိုင်ရာရောက်ပင့်ဆောင်ခြင်းအားဖြင့်သော်လည်းကောင်း မိမိတို့နေအိမ်တွင်၌ပင် နာလန်ပြန်ထူလာအောင် လုပ်ဆောင်သည့်စနစ်တစ်ခုကို အစိုးရက ခွင့်ပြုပေးရန် လိုကြောင်း ဆူဂါက ပြောကြားသည်။

နောက်ထပ်ဆောင်ရွက်ချက်တစ်ခုမှာ ကိုယ်ဝန်ဆောင်မိခင်များကို အရေးပေါ်ကုသမှုပေးရန် ဒေသတစ်ခုချင်းစီတွင် အရေးပေါ်ဆေးဘက်ဆိုင်ရာအဖွဲ့အစည်းရှိရန် ဖြစ်သည်။

ဆေးရုံနှင့် ဝေးသည့်နေရာများတွင် အောက်ဆီဂျင် ထောက်ပံ့မှုလုပ်ဆောင်နိုင်သည့် ယာယီဆေးဘက်ဆိုင်ရာ အဆောက်အအုံများ ရှိရန်လည်းစီစဉ်ထားရှိကြောင်း ဆူဂါက ပြောသည်။

ဒယ်လ်တာအသွင်ပြောင်းကိုဗစ်-၁၉ မျိုးစိတ်သစ်က အရှိန်အဟုန်ကောင်းကောင်းဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိသည့်အတွက် အဆိုပါ အခက်အခဲကိုကျော်လွှားရန် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ဆူဂါက ဆက်လက်ပြောကြားသည်။

ဝန်ကြီးများကို ဆေးဘက်ဆိုင်ရာစနစ် လုံခြုံစိတ်ချကောင်းမွန်ရန် အကောင်းဆုံး ဆောင်ရွက်ကြရန် ၎င်းက ဆက်လက်တိုက်တွန်းပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားသမ္မတနှင့် တရုတ်သမ္မတတို့ အာဖဂန်၏ခြိမ်းခြောက်မှုများကို ရင်ဆိုင်ဖြေရှင်းရန် အားသွန်ခွန်စိုက် ကြိုးစားရန် သဘောတူ

**မော်စကို ဩဂုတ် ၂၅**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် တာလီဘန်တို့သိမ်းပိုက်ပြီးနောက် ဖြစ်ပေါ်လာနိုင်သော အာဖဂန်နစ္စတန်နိုင်ငံ၏ ခြိမ်းခြောက်မှုများကို တန်ပြန်ရင်ဆိုင်ဖြေရှင်းရန် အားသွန်ခွန်စိုက်ကြိုးစားဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်။




ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်

**ဆေးမှောင်ခိုမှု နှိမ်နင်းနိုင်ရေး**

ဖုန်းခေါ်ဆိုမှုတွင် နှစ်ဖက်ခေါင်းဆောင်များက အကြမ်းဖက်ဝါဒ၏ ခြိမ်းခြောက်မှုများကို အနိုင်ယူတိုက်ခိုက်ရန်နှင့် အာဖဂန်နစ္စတန် ပိုင်နက်နယ်မြေမှထွက်ပေါ်လာနိုင်သည့် ဆေးမှောင်ခိုမှုတွေကို နှိမ်နင်းနိုင်ရေး အားသွန်ခွန်စိုက်လုပ်ကိုင်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ကရင်မလင်က ထုတ်ပြန်လိုက်သော ထုတ်ပြန် ကြေညာချက်တွင် ဖော်ပြထားသည်။

**ငြိမ်းချမ်းရေး တည်ဆောက်ရန် အရေးကြီး**

ထို့အပြင် အာဖဂန်နစ္စတန်တွင် ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အရေးကြီးကြောင်းနှင့် ကပ်လျက်ဒေသများတွင်ပါ မငြိမ်သက်မှု ကူးစက်ပျံ့နှံ့သွားမည်ကို ကာကွယ်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ပူတင်နှင့် ရှီတို့သည် နှစ်နိုင်ငံဆက်သွယ် ဆောင်ရွက်မှုများ ချဲ့ထွင်ရန် သဘောတူခဲ့ကြသည်။

**အေအက်ဖ်ပီ**

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၆၇၁ ဦးရှိလာပြီး ၁၀၄၁ ဦး ထပ်မံသေဆုံး

ဂျကာတာ ဩဂုတ် ၂၅

အင်ဒိုနီးရှားနိုင်ငံတွင် ဩဂုတ် ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၆၇၁ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၀၂၆၈၃၇ ဦးအထိ ရောက်ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၁၀၄၁ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ သေဆုံးသူ ၁၂၉၂၉၃ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူ ၃၃၇၀၃ ဦးရှိလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည်ကောင်းမွန်လာသူ ၃၆၃၉၈၆၇ ဦးအထိ ရှိလာသည်။

အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို လျှော့ချရန် ရည်ရွယ်ပြီး ပီပီကေအမ်ဟုခေါ်သော အဆင့်ဆင့်သော လူထုလှုပ်ရှားမှုကန့်သတ်ချက် အစီအစဉ်စတင်ခဲ့ပြီး သက်ဆိုင်ရာ အာဏာပိုင်များကလည်း ကိုဗစ်-၁၉ ထိတွေ့မှုဆိုင်ရာ ခြေရာခံမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးများသည် အင်ဒိုနီးရှားနိုင်ငံသားများအားလုံးအတွက် အခမဲ့ဖြစ်သည်။ ဩဂုတ် ၂၅ ရက်အထိ လူပေါင်းအနည်းဆုံး ၃၃ ဒသမ ၀၉ သန်း ကိုဗစ်-၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ပေါင်း ၅၉ ဒသမ ၀၁ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

**ဆင်ဟွာ**

# ဗီယက်နမ်၏ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ၁၂၀၀၀ ကျော်လွန်လာ

ဟနွိုင်း ဩဂုတ် ၂၅

ဗီယက်နမ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၁၂၀၉၆ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ယခင်ဩဂုတ် ၂၁ ရက်က စံချိန်တင်ခဲ့သော ကိုဗစ်-၁၉ အများဆုံး ကူးစက်ဖြစ်ပွားသူအရေအတွက် ၁၁၃၂၁ ဦးကို ကျော်လွန်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူများအနက် ၁၂၀၉၃ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ပြီး သုံးဦးမှာပြည်ပကူးစက်မှုဖြစ်သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူ စုစုပေါင်းအရေအတွက်မှာ ၃၈၁၃၆၃ ဦးအထိ ရှိလာပြီး ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း မှာ ၉၃၄၉ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ဆက်လက်ဖော်ပြသည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းစီးတီးမှ ၅၂၉၄ ဦး၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၄၁၂၉ ဦးနှင့် ဒွန်နိုင်ပြည်နယ်မှ ၆၁၈ ဦးတို့ ဖြစ်ကြသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကျန်းမာလာသူ ၁၆၉၉၂ ဦးရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၁၈ သန်း ကျော်လွန်လာပြီဖြစ်သည်။

**ဆင်ဟွာ**

# မလေးရှားတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၁ ဒသမ ၆ သန်းကျော်လွန်လာ

**ကွာလာလမ်ပူ ဩဂုတ် ၂၅**

မလေးရှားနိုင်ငံတွင် ဩဂုတ် ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၂၂၆၄၂ ဦးအထိ ရှိလာခဲ့ပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ အတည်ပြုလူနာစုစုပေါင်း ၁ ဒသမ ၆ သန်း ကျော်လွန်လာပြီဖြစ်သည်။



ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးရေးဌာနတွင် ဆေးဝန်ထမ်းများ အလုပ်လုပ်နေကြစဉ်။

ထို့အပြင် ကိုဗစ်-၁၉ ကြောင့် ၂၆၅ ဦး ထပ်မံသေဆုံးခဲ့သည်။ ဆီလန်ဂေါတွင် ဩဂုတ် ၂၅ ရက်က ကိုဗစ်-၁၉ ကူးစက်မှု စံချိန်တင်ခဲ့ပြီး တစ်နေ့တည်း ကိုဗစ်-၁၉ ကူးစက်သူ ၆၃၂၅ ဦး ရှိသည်။ ကွာလာလမ်ပူတွင် ကိုဗစ်-၁၉ ကူးစက်သူ ၁၁၂၈ ဦး ရှိခဲ့ပြီး ပူတရာဂျာရာ၊ ကလန်ဗယ်လီတို့တွင် ကိုဗစ်-၁၉ ကူးစက်သူ ၇၄၇၄ ဦးရှိသည်။

ဆာဘာတွင် ကိုဗစ်-၁၉ ကူးစက်သူ ၃၀၀၀ ကျော်လွန်လာခဲ့ပြီး ကီဒါတွင်လည်း ကိုဗစ်-၁၉ ကူးစက်သူ ၂၀၀၀ ကျော်လွန် ခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်သူ ၁၀၀၀ ကျော်လွန်ခဲ့သော ပြည်နယ်ငါးခုမှာ ဂျိုဟောတွင် ၁၈၃၂ ဦး၊ ဆာရာဝက်ခ်တွင် ၁၆၆၇ ဦး၊ ပီနန်တွင် ၁၄၂၇ ဦး၊ ကီလန်တန်တွင် ၁၄၂၄ ဦးနှင့် ပီရက်တွင် ၁၃၉၀ တို့ ဖြစ်ကြသည်။ မလေးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ဩဂုတ် ၅ ရက်က ပထမဆုံး ၂၀၀၀၀ ကျော်လွန်ခဲ့ပြီး ဩဂုတ် ၂၀ ရက်က ၂၃၅၆၄ ဦးရှိခဲ့သည်။ ဩဂုတ် ၂၀ ရက်က အမျိုးသားပြန်လည်ကုစားရေး အစီအစဉ်အောက်ရှိ ပြည်နယ်များအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝ ထိုးထားသူများအတွက် ကန့်သတ်ချက်များကို ဖြေလျှော့ပေးလိုက်သည်။ အဆိုပါဒေသများတွင် ကာကွယ်ဆေးအပြည့်အဝထိုးထားသူများအနေဖြင့် အပန်းဖြေအနားယူမှုများ၊ တစ်ဦးနှင့်တစ်ဦး တိုက်ရိုက်မထိတွေ့ရသည့် အားကစားပွဲများကို ကြည့်ရှုသွားလာခွင့်ပြုထားကြောင်း သိရသည်။

**စီအင်န်အေ**

# ဒယ်လ်တာကိုဗစ်– ၁၉ မျိုးစိတ်သစ်ကူးစက်မှုမြင့်တက်လာတဲ့အတွက် လေးကြိမ်မြောက် ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေကို ဂျပန်ပြဋ္ဌာန်း

**လင်းဟန်သစ်**

ဩဂုတ် ၂၀ ရက်က ဂျပန်အစိုးရဟာ သူ့ရဲ့လေးကြိမ်မြောက် ကိုရိုနာဗိုင်းရပ်စ်အရေးပေါ်အခြေအနေကို ခရိုင် ၁၃ ခုအထိ ပါဝင်အောင် တိုးချဲ့လိုက်ပါတယ်။ ထို့အတူ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ တားဆီးရေးဆောင်ရွက်ချက်တွေကိုလည်း ခရိုင် ၁၆ ခုအထိ ဖြန့်ကြက်ထားလိုက်ပါတယ်။ အဲဒီ ကိုဗစ်– ၁၉ အရေးပေါ်ကြေညာချက်နဲ့ တားဆီးရေးဆောင်ရွက်ချက်နှစ်ခုစလုံးဟာ စက်တင်ဘာ ၁၂ ရက်အထိ ကြာမြင့်မှာ ဖြစ်ပါတယ်။

### ကူးစက်မှုမြင့်လာ

နိုင်ငံတစ်ဝန်း ကူးစက်မြန်ပြင်းထန်ဒယ်လ်တာကိုဗစ်– ၁၉ သန္ဓေပြောင်းမျိုးစိတ်သစ် ကူးစက်မှုမြင့်တက်လာပြီးနောက် အစိုးရက အခုလို ဆောင်ရွက်လိုက်ခြင်းဖြစ်ပါတယ်။ ဩဂုတ် ၂၀ ရက်မှာ နိုင်ငံတစ်ဝန်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၂၅၈၇၆ ဦးအထိရှိပြီး ကိုဗစ်– ၁၉ စတင်ဖြစ်ပွားကတည်းက တစ်ရက်တည်း ကူးစက်မှုအမြင့်ဆုံး နေ့တစ်နေ့ ဖြစ်လာခဲ့ပါတယ်။ အဲဒီနေ့တစ်နေ့တည်းမှာပဲ တိုကျိုအစိုးရက တိုကျိုရဲ့ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ ၅၄၀၅ ဦး ရှိကြောင်းအတည်ပြုဖော်ပြခဲ့ပါတယ်။ အခုအခါမှာတော့ တိုကျိုမှာ ကိုဗစ်– ၁၉ ဖြစ်ပွားသူအရေအတွက်ဟာ ပထမဆုံးအကြိမ်အဖြစ် သုံးရက်ဆက်တိုက် ၅၀၀၀ ကျော်ရောက်ရှိလာခဲ့ပါတယ်။

### နေအိမ်မှာပဲသေဆုံးကြ

ကူးစက်မှုပြင်းထန်တဲ့ လူနာအရေအတွက်လည်း မြင့်တက်လာခဲ့ပါတယ်။ ဆေးဘက်ဆိုင်ရာ စနစ်ဟာ ပြိုလဲလုနီးနီးဖြစ်နေတာကြောင့် တိုကျိုအနီးမှာရှိတဲ့ လူတွေဟာ ဆေးရုံတင်ဖို့တောင် မလွယ်ကူပါဘူး။ တချို့လူနာတွေဆို နေအိမ်မှာပဲ သေဆုံးကြရပါတယ်။

မကြာသေးမီက ချီဘာခရိုင်မှာရှိတဲ့ ကိုဗစ်– ၁၉ ကူးစက်ခံထားရတဲ့ မိခင်လောင်းကို ဘယ်ဆေးရုံမှ တင်လို့မရတဲ့အတွက် မွေးကင်းစကလေးဟာ သေဆုံးခဲ့ရပါတယ်။ အဲဒီအမျိုးသမီးဟာကိုယ်ဝန်ရှစ်လအရောက်မှာ သွေးဆင်းပြီးနောက် လူနာတင်ယာဉ်ကို အကူအညီတောင်းခဲ့ပါတယ်။ သို့သော်လည်း အရေးပေါ်အဖွဲ့က သူ့အတွက် ဆေးဘက်ဆိုင်ရာ စောင့်ရှောက်မှုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့တဲ့အတွက် နေအိမ်မှာပဲ ကလေးမွေးလိုက်ရပါတယ်။ အချိန်မတိုင်ခင်မွေးဖွားခဲ့တဲ့ ကလေးငယ်ကို ဆေးရုံသို့ အလျင်အမြန် ပို့ပေမယ့်လည်း သူ့ကို အရေးပေါ်စောင့်ရှောက်မှုပေးဖို့ အလွန်နောက်ကျခဲ့ပါတယ်။

### ခရိုင်ခုနစ်ခုပေါင်းထည့်

ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းလိုက်တဲ့ ခရိုင်ထဲကို နောက်ထပ်ခရိုင်ခုနစ်ခု ပေါင်းထည့်လိုက်ပါတယ်။ အဲဒီပေါင်းထည့်လိုက်တဲ့ ခရိုင်တွေကတော့ အီဘရာကီ၊ တိုချီဂီ၊ ဂမ်မာ၊ ရှီဇူအိုကာ၊ ကျိုတို၊ ယိုဂိုနဲ့ ဖူကူအိုမာတို့ပဲ ဖြစ်ပါတယ်။ ကိုဗစ်– ၁၉ အရေးပေါ်ကြေညာခဲ့ပြီးတဲ့ ခရိုင်တွေအဖြစ် တိုကျို၊ ဆိုင်တာမာ၊ ကာနာဂါဝါ၊ ချီဘာ၊ အိုဆာကာနဲ့ အိုကီနာဝါခရိုင်တွေ ပါဝင်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်က စက်တင်ဘာ ၁၂ ရက်အထိ ကြာမြင့်မှာ ဖြစ်ပါတယ်။



ဂျပန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားနေသည့်အချိန်တွင် ပြည်သူများ ပါးစပ်၊ နှာခေါင်းစည်းတပ်ဆင်ပြီး သွားလာနေကြသည်ကို တွေ့ရစဉ်။

**❍ ကိုဗစ်- ၁၉ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းလိုက်တဲ့ ခရိုင်ထဲကို နောက်ထပ်ခရိုင်ခုနစ်ခု ပေါင်းထည့်လိုက်ပါတယ်။ အဲဒီပေါင်းထည့်လိုက်တဲ့ ခရိုင်တွေကတော့ အီဘရာကီ၊ တိုချီဂီ၊ ဂမ်မာ၊ ရှီဇူအိုကာ၊ ကျိုတို၊ ယိုဂိုနဲ့ ဖူကူအိုမာတို့ပဲ ဖြစ်ပါတယ်။ ကိုဗစ်- ၁၉ အရေးပေါ်ကြေညာခဲ့ပြီးတဲ့ ခရိုင်တွေအဖြစ် တိုကျို၊ ဆိုင်တီမာ၊ ကာနာဂါဝါ၊ ချီဘာ၊ အိုဆာကာနဲ့ အိုကီနာဝါခရိုင်တွေ ပါဝင်ပါတယ်။ အဲဒီပြဋ္ဌာန်းချက်က စက်တင်ဘာ ၁၂ ရက်အထိ ကြာမြင့်မှာ ဖြစ်ပါတယ်။**

### ဖြန့်ကြက်ကြေညာ

ဒါ့အပြင် အစိုးရဟာ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်ကို မီယာဂီ၊ ယာမာနာရှီ၊ တိုယာမာ၊ ဂီဖု၊ မီအီ၊ အိုကာယာမာ၊ ဟီရိုရှီးမား၊ ကာဂါဝါ၊ ဟီမီနဲ့ ကာဂိုရှီမာခရိုင်တွေကို ဖြန့်ကြက်ကြေညာထားပါတယ်။ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်ထဲမှာ အကျုံးဝင်ပြီးသား ခရိုင်တွေကတော့ ဟော့ကိုင်းဒိုး၊ ဖူကူရှီးမား၊ အီရှီကာဝ၊ အိုင်ချီနဲ့ ကူမာမိုတိုခရိုင်တွေဖြစ်ပါတယ်။ အဲဒီကြေညာချက်လည်း စက်တင်ဘာ ၁၂ ရက်အထိ အကျုံးဝင်မှာ ဖြစ်ပါတယ်။

ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်နဲ့ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်တွေဟာ တိုကျိုအိုလံပစ်နဲ့ ဩဂုတ်လလယ် အားလပ်ရက်တွေကို ကာကွယ်ပေးထားသလို ဩဂုတ် ၂၄ ရက်မှာ ကျင်းပပြီး စက်တင်ဘာ ၅ ရက်မှာ ပြီးဆုံးမယ့် မသန်စွမ်း အားကစားပြိုင်ပွဲကိုလည်း လွှမ်းခြုံကာကွယ်မှု ပေးထားပါတယ်။

### အပြင်ထွက်ခြင်းမှ ရှောင်ရှား

ဩဂုတ် ၁၈ ရက်က ကျန်းမာရေးဝန်ကြီးဌာနရဲ့ ကျွမ်းကျင်သူများ အစည်းအဝေးကို ကျင်းပခဲ့ပါတယ်။ နိုင်ငံတွင်းမှာ ဖြစ်ပျက်နေတဲ့ လက်ရှိအခြေအနေဟာ သဘာဝဘေးဒုက္ခအဆင့်ဖြစ်ပြီး အသေအပျောက် များနိုင်တယ်ဆိုတာကို ပြည်သူတွေ နားလည်သင့်တယ်လို့ ကျွမ်းကျင်သူတွေက ပြောပါတယ်။ သူတို့က ပြည်သူတွေကို အပြင်ထွက်ခြင်းမှ ရှောင်ရှားကြဖို့နဲ့ မိမိကိုယ်နဲ့ မိသားစုကိုကာကွယ်ဖို့ တတ်နိုင်သလောက် ခရီးမသွားကြဖို့ကိုလည်း ကန့်သတ်တားဆီးထားပါတယ်။

### လှုပ်ရှားဆောင်ရွက်မှုကိုထိန်းချုပ်

ပြည်သူတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုကို ထိန်းချုပ်ခြင်းဟာလည်း ကိုဗစ်– ၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်တဲ့နေရာမှာ အရေးပါတယ်လို့ အစိုးရက ပြောပါတယ်။ ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့ စတိုးဆိုင်တွေနဲ့ ဈေးဝယ်ကုန်တိုက်တွေကို အဝင်အထွက် ကန့်သတ်စေခြင်း၊ ပြည်သူတွေကို အပြင်ထွက်ခြင်းမှ ရှောင်ရှားစေခြင်း၊ အလုပ်သမားများ နေ့စဉ်အလုပ်သွားအလုပ်တက် အခြေအနေကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ချပြီး နေအိမ်မှ အလုပ်လုပ်စေခြင်းများ အပါအဝင် ကိုဗစ်– ၁၉ ထိန်းချုပ်ဆောင်ရွက်မှု အတော်များများကို ပြုလုပ်ထားသင့်ပါတယ်။

### အထူးဥပဒေရဲ့အစိတ်အပိုင်းတစ်ခု

တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေး ဆောင်ရွက်ချက်ဟာ ဖေဖော်ဝါရီလက ပြဋ္ဌာန်းခဲ့တဲ့ အသစ်ပြင်ဆင်ထားတဲ့ ကိုရိုနာဗိုင်းရပ်စ်အထူးဥပဒေရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ အဲဒီဥပဒေဟာ သတ်မှတ်ထားတဲ့ ခရိုင်တွေမှာရှိတဲ့ အုပ်ချုပ်ရေးမှူးတွေကို ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေ မကြေညာဘဲ အထူးအခြေအနေများကို ပြုလုပ်ဆောင်ရွက်ခွင့် ပေးထားပါတယ်။ ဝန်ကြီးချုပ်က ဘယ်ခရိုင်ကို ဘယ်လောက်ကြာကြာ အဲဒီအခြေအနေကို ပြဋ္ဌာန်းသွားမလဲဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ကိုဗစ်–၁၉ အရေးပေါ်အခြေအနေက ခရိုင်တစ်ခုလုံးကို လွှမ်းခြုံသွားတဲ့အခါမှာတော့ အုပ်ချုပ်ရေးမှူးတွေအနေနဲ့ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ တားဆီးရေးဆောင်ရွက်ချက်ကို တိကျတဲ့နေရာတွေကို ဦးတည်ချက်ထားပြီး ဆောင်ရွက်နိုင်ပါတယ်။

### အရေးပေါ်အခြေအနေကြေညာနိုင်

အစိုးရရဲ့ သတိပေးချက်အဆင့်လေးဆင့်ရှိသည့်အနက် အမြင့်ဆုံးအဆင့်ကို ရောက်ရှိခဲ့မယ်ဆိုရင်တော့ ကိုဗစ်– ၁၉ အရေးပေါ်အခြေအနေကို ကြေညာနိုင်ပါတယ်။ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်ဟာ အဆင့်သုံးနဲ့ညီမျှပါတယ်။ သို့သော်လည်း ကိုဗစ်– ၁၉ ကူးစက်မှုက ပြင်းထန်မယ်ဆိုရင်တော့ အဆင့်နှစ်မှာတင် ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်ကို ပြဋ္ဌာန်းနိုင်ပါတယ်။

### စီးပွားရေးလုပ်ငန်းများကို ပိတ်ဖို့တောင်းဆိုနိုင်

တင်းကျပ်တဲ့ ကိုဗစ်– ၁၉ ကာကွယ်တားဆီးရေးဆောင်ရွက်ချက်နဲ့ အရေးပေါ်အခြေအနေကြေညာချက်အောက်မှာ အုပ်ချုပ်ရေးမှူးများအနေနဲ့ စီးပွားရေးလုပ်ငန်းများကို ပုံမှန်လည်ပတ်ချိန် လျှော့ချခြင်းတွေပြုလုပ်ဖို့ တောင်းဆိုနိုင်ပါတယ်။ အကယ်၍ စီးပွားရေးလုပ်ငန်းတွေရဲ့ တောင်းဆိုချက်ကို မျက်ကွယ်ပြုခဲ့မယ်ဆိုပါက အုပ်ချုပ်ရေးမှူးများက အမိန့်တစ်ရပ် တရားဝင်ထုတ်ပြန်နိုင်ပြီး စီးပွားရေးလုပ်ငန်းနာမည်ကို လူထုကို အသိပေးနိုင်ပါတယ်။ ဒေသအရာရှိများအနေဖြင့် လုပ်ငန်းခွင်ကြည့်ရှုစစ်ဆေးခြင်းများကိုလည်း ခွင့်ပြုပေးထားပါတယ်။ ကိုဗစ်–၁၉ အရေးပေါ်အခြေအနေကြေညာခြင်းရဲ့အောက်မှာ စီးပွားရေးလုပ်ငန်းများကိုပိတ်ဖို့ တောင်းဆိုနိုင်ပါတယ်။

### ဒဏ်ရိုက်သွားမယ်

ခရိုင်အစိုးရအနေဖြင့် လုပ်ငန်းခွင်ကြည့်ရှုစစ်ဆေးခြင်းကို ငြင်းဆိုခြင်းသို့မဟုတ် အလုပ်ချိန်မလျှော့တဲ့ စီးပွားရေးလုပ်ငန်းတွေကို ဒဏ်ရိုက်နိုင်ပါတယ်။ တင်းကျပ်တဲ့ ကိုဗစ်– ၁၉ တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်ကို မလိုက်နာပါက ယန်းနှစ်သိန်းခန့် ဒဏ်ရိုက်နိုင်ပါတယ်။ ကိုဗစ်– ၁၉ အရေးပေါ်ကြေညာခြင်းရဲ့ အောက်မှာဆိုရင်တော့ အမြင့်ဆုံး ယန်းသုံးသိန်းအထိ ဒဏ်ရိုက်နိုင်ပါတယ်။ ။

**အင်န်အိတ်ချ်ကေ**

◆ *ကျောဖုံးမှ*

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၄-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၅-၈-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၁,၈၆၆)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၂,၅၀၂)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၅၉,၁၄၅)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၈၀,၈၇၉) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃,၁၈၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၀၉,၀၃၂)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁၁၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၄,၇၃၇) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများ သတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၈-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၄,၅၄၂,၃၆၃) ဦးအား ထိုးနှံပေးပြီးဖြစ်ပြီး၊ ကာကွယ်ဆေး နှစ်ကြိမ် အပြည့်ထိုးနှံပြီးစီးသူ (၁,၇၉၇,၅၅၀) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၇၄၄,၈၁၃) ဦး ရှိပြီဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၅-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၇၈)ခု | (၃၄၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆၇)ခု | (၁၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၅၆)ခု | (၁၆)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၆)ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၉၃)ခု | (၈)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၅၆)ခု | (၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၇၄)ခု | (၄၃၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၈၇၆)ခု | (၁,၆၅၂)ဦး |
| **စုစုပေါင်း** | (၁၁,၈၆၆)ခု | (၂,၅၀၂)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၂၅- ၈ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၈၉၆၈၉၂၅ | ၃၀၆၁၈၆၄၄ | ၆၄၈၁၆၁ |
| ၂။ | အိန္ဒိယ | ၃၂၅၁၂၃၆၆ | ၃၁၇၅၄၂၈၁ | ၄၃၅၇၈၈ |
| ၃။ | ဘရာဇီး | ၂၀၆၁၅၀၀၈ | ၁၉၅၃၀၈၄၃ | ၅၇၅၈၂၉ |
| ၄။ | ရုရှား | ၆၈၀၄၉၁၀ | ၆၀၇၃၁၅၇ | ၁၇၈၄၂၃ |
| ၅။ | ပြင်သစ် | ၆၆၄၉၆၃၀ | ၆၀၉၃၈၄၄ | ၁၁၃၅၇၂ |
| ၆။ | ဗြိတိန် | ၆၅၅၅၂၀၀ | ၅၁၄၆၀၂၄ | ၁၃၁၈၅၄ |
| ၇။ | တူရကီ | ၆၂၅၃၇၁၁ | ၅၇၃၉၇၅၅ | ၅၄၉၉၅ |
| ၈။ | အာဂျင်တီးနား | ၅၁၄၈၀၈၆ | ၄၈၂၈၁၁၄ | ၁၁၀၈၀၆ |
| ၉။ | ကိုလံဘီယာ | ၄၈၉၄၇၀၂ | ၄၇၂၅၀၁၈ | ၁၂၄၃၈၈ |
| ၁၀။ | စပိန် | ၄၈၀၄၄၂၄ | ၄၁၉၇၀၉၂ | ၈၃၅၂၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၅- ၈ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၀၂၆၈၃၇ | ၃၆၃၉၈၆၇ | ၁၂၉၂၉၃ |
| ဖိလစ်ပိုင် | ၁၈၈၃၀၈၈ | ၁၇၂၅၂၁၈ | ၃၂၄၉၂ |
| မလေးရှား | ၁၆၁၆၂၄၄ | ၁၃၃၇၁၃၄ | ၁၄၈၁၈ |
| ထိုင်း | ၁၁၀၂၃၆၈ | ၉၀၃၀၁၅ | ၁၀၀၈၅ |
| ဗီယက်နမ် | ၃၈၁၃၆၃ | ၁၆၉၉၂၁ | ၉၃၄၉ |
| မြန်မာ | ၃၈၀၈၇၉ | ၃၀၉၀၃၂ | ၁၄၇၃၇ |
| ကမ္ဘောဒီးယား | ၉၀၅၃၅ | ၈၆၇၀၂ | ၁၈၃၅ |
| စင်ကာပူ | ၆၆၈၁၂ | ၆၅၇၇၂ | ၅၀ |
| လာအို | ၁၃၉၀၉ | ၄၆၀၄ | ၁၁ |
| ဘရူနိုင်း | ၂၁၅၉ | ၁၃၇ | ၆ |

## ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက် လက်ခံလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နန်းတော်စစ်ဆေးရေးဂိတ်မှ အမျိုးသား ၁၇၂ ဦး၊ အမျိုးသမီး ၁၆၅ ဦး၊ စုစုပေါင်း ၃၃၇ ဦးနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် စစ်ဆေးရေးဂိတ်၊ ရန်လုံကျိုင်းတံတားမှ အမျိုးသား သုံးဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ခြောက်ဦးကိုလည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားမှ အမျိုးသား ၁၁၃ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၂၀၀ ကိုလည်းကောင်း အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၅

**မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှိ အာယုဒီကပျိုးဥယျာဉ်စာသင်တိုက်၊ မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သိင်္ဂီဦးပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဘုရားကြီးရပ်ကွက်ရှိ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အောင်ချမ်းသာပရိယတ္တိစာသင်တိုက်၊ သပိတ်ကျင်းမြို့နယ် ညောင်ပင်သာကျေးရွာရှိ ဇောတိရတနာကျောင်းတိုက်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သန်းတောကုန်းကျေးရွာ ရွာဦးကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

### လှည့်လည်ကြည့်ရှု

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ကျောက္ကာ(တောင်)ကျေးရွာရှိ ကျောက္ကာရွှေဂူနီစေတီတော်မြတ်ကြီးသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဖြိုးသန့်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ပြီး ဘုရားဖူးလာပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖူးမြော်ကြည်ညိုနိုင်ရေးနှင့် စေတီတော်ကြီး ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု၍ အလှူငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် ဓမ္မပါရဂူပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ၊ သားငါးများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကားရောင်းချပေးသည့်အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုအရ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာနအဆောက်အအုံ၌ ဒုတိယအစီအစဉ်အဖြစ် အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ ၂၀ မှအိမ်သုံးဆေးဝါး ၁၇၉ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ်သိန်း ၈၀ ကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ် (၁၀၄/၁၀၈) နေရာ၌လည်း အဋ္ဌမမြောက်နေ့အဖြစ် ဆက်လက် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ၃၉ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရန်ကုန် မြို့တော်စည်ပင်သာယာရေး ကော်မတီက ရွှေ့လျားဈေးကားဖြင့် သားငါးများရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၅

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွင်း၌ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသည့် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ပြတ်လပ်မှုမရှိစေဘဲ အမြန်ဆုံးဝင်ရောက်နိုင်ရေးအတွက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူအလုပ်ပိတ်ရက်များတွင်လည်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ Oxygen Concentrator ၂၅၉ ခု၊ PPE ၂၀၀၀၊ နှာခေါင်းစည်း (Mask) လေးတန်၊ ဆိပ်ကမ်းများမှ အောက်ဆီဂျင်



မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်စက် သယ်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။



ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်များကို တွေ့ရစဉ်။

(အိုးခွံ) ၈၇၀၊ Oxygen Concentrator ၂၀ အပါအဝင် ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်၊ ကော့သောင်း၊ ထီးခီး ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးဖြင့် ၅၇ တန်၊ အောက်ဆီဂျင်(အရည်) အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင်အိုး(အခွံ) ၄၂၇၀၊ Oxygen Plant တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၂၇၉ ခု၊ PPE ဝတ်စုံ ၃၁၀၀ နှင့် နှာခေါင်းစည်း (Mask) ၃၅ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါ ပစ္စည်းများအား ကုမ္ပဏီ ၁၆ ခုမှ ယာဉ်စီးရေ ၂၅ စီးဖြင့် တင်သွင်းလာခြင်းဖြစ်ပြီး အောက်ဆီဂျင်အရည်(Bowser) ယာဉ် သုံးစီးနှင့် Oxygen Plant တစ်ခုမှာ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက်ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person) များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်၌ အောက်ဆီဂျင်အရည်စက်ရုံ ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ဖောင်စိန်ရပ်ကွက်၌ အောက်ဆီဂျင်အရည် စက်ရုံဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါစက်ရုံနေရာ၌ ပြုလုပ်ရာ သံဖြူဇရပ်မြို့ မြို့လယ်ကျောင်း ပရိယတ္တိစာသင်တိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇောတိပါလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စက်ရုံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုမောင်တို့ အောက်ဆီဂျင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အောက်ဆီဂျင်အရည် စက်ရုံကို သံဃာတော်များ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူး တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်စက်ရုံအတွင်း အောက်ဆီဂျင်အရည် ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါစက်ရုံအား ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မွန်ပြည်နယ်အတွင်းမှ ရဟန်းရှင်လူ၊ ပြည်သူများနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများ၏ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၇၀၀ ဖြင့် ဇူလိုင် ၁၅ ရက်တွင် စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ စလင်ဒါအိုး ၁၂၀၀ ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အောက်ဆီဂျင်အိုးများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ဆက်လက်ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၅**

**တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။**



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင် တို့ ထားဝယ်မြို့ အောက်ဆီဂျင်ထုတ်စက်ရုံ စတင်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

### သွားရောက်လှူဒါန်း

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ပရဟိတအသင်းများသို့ အောက်ဆီဂျင်အိုး ရှစ်လုံးကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ မိဘဂုဏ် အောက်ဆီဂျင်စက်ရုံမှ ထုတ်လုပ်သည့် အောက်ဆီဂျင်အိုး ၁၀၅ လုံးကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး အလုံး ၂၀ ကို လည်းကောင်း တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုကူညီရေး အဖွဲ့အစည်းများက သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

### ညှိနှိုင်းဆောင်ရွက်

ထို့ပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ စံလင်းဖြိုးကုမ္ပဏီမှ ပြည်သူ့ဆေးရုံ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ လှူဒါန်းရန်အတွက် တရုတ်နိုင်ငံမှ မှာယူထားသော အောက်ဆီဂျင်ထုတ်စက်တစ်စုံနှင့် အောက်ဆီဂျင်အိုးအလုံး ၅၁၀ ရောက်ရှိနေမှုတို့ကိုသက်ဆိုင်ရာ တပ်နယ်မှ တာဝန်ရှိသူများက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြောင်းပုလဲ မြို့သစ်ရပ်ကွက်၌ အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်ထုတ်လုပ်မှုနှင့် အောက်ဆီဂျင်ထုတ်စက်ရုံ ထပ်မံတိုးချဲ့တည်ဆောက်နေမှု အခြေအနေများ၊ မြိတ်မြို့ ပြည်သူ့ဆေးရုံ၌ အောက်ဆီဂျင် ထုတ်လုပ်သည့် စက်ပစ္စည်းရောက်ရှိမှု၊ ဇီဝလုံခြုံရေးအဆင့်မြင့် ခွဲခန်း တည်ဆောက်မည့် မြေနေရာနှင့် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ဘုတ်ချောင်းရပ်ကွက်၌ အောက်ဆီဂျင်စက်ရုံ တိုးချဲ့တည်ဆောက်နေမှု အခြေအနေများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများက လည်းကောင်း သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်၊ ပြီးစီးသည့်စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၅၃ ဦးနှင့် အမျိုးသမီး ၈၄ ဦး စုစုပေါင်း ၂၃၇ ဦးကို လည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသားတစ်ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၄၆ ဦးနှင့် အမျိုးသမီး ၅၆ ဦး စုစုပေါင်း ၁၀၂ ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခွဲခွဲအတည်ပြု ပိုးတွေ့လူနာအမျိုးသား ၃၈ ဦးနှင့် အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၄၄ ဦးကို လည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အဆိုပါစောင့်ကြည့်လူနာများနှင့် ခွဲခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံ ဆေးကုသရေး အဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နောင်ချိုမြို့နယ် ယာပြင်ကျေးရွာရှိ ဒေသခံပြည်သူများ၏ သီးနှံစိုက်ခင်းများမှ သီးနှံများအား နယ်မြေခံတပ်မတော်သားများက ဝယ်ယူအားပေး

**နေပြည်တော် ဩဂုတ် ၂၅**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ ဖြစ်ပေါ်ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်နေသည့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ သီးနှံစိုက်ခင်းများသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ဝယ်ယူပေးလျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ယာပြင်ကျေးရွာရှိ ဒေသခံပြည်သူများ၏ သီးနှံစိုက်ခင်းများမှ ဂေါ်ဖီထုပ် ၂၀၀၀ နှင့် ပန်းဂေါ်ဖီ ၂၀၀၀ တို့ကို နယ်မြေခံတပ်မတော်သားများက သွားရောက်ဝယ်ယူခဲ့ပြီး ယနေ့တွင် လားရှိုးမြို့၊ သိန္နီမြို့နှင့် နမ့်ပေါင်မြို့များရှိ တပ်မတော်သားမိသားစုဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မုတ်သုံလေ အားနည်းနေ

**နေပြည်တော် ဩဂုတ် ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားနည်းနေသည်။

**မိုး/ဇလ**

# ပူတာအိုနှင့် မချမ်းဘောမြို့နယ်များအတွင်း ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



ပူတာအို ဩဂုတ် ၂၅

ပူတာအိုခရိုင်အတွင်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဩဂုတ် ၂၄ ရက်က ပူတာအိုမြို့နယ်အတွင်း ပူတာအိုလွင်ပြင် ပတ်လမ်း ဖောက်လုပ်နေမှုနှင့် မချမ်းဘောမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့သည် နံနက် ၈ နာရီတွင် ပူတာအိုမြို့ မြို့မရပ်ကွက်ရှိ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင် ပူတာအိုမြို့နယ်နှင့် မချမ်းဘောမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနတို့အတွက် အားကစားပစ္စည်း ငါးမျိုးနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် အ.ထ.က(ပူတာအို)ကျောင်း၌ ဒေသခံများအား ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ဆောင်ရွက်နေကြသူများအား ထောက်ပံ့ငွေများနှင့် ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသူများအား နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မချမ်းဘောမြို့သို့ သွားရောက်ပြီး မလိခတံတား (မချမ်းဘော)အနီး မန်ဂျန်ရှား အရိပ်ရအပင်များ ၀.၅၀ ဧက စိုက်ပျိုးထားရှိမှုနှင့် မြို့အဝင်စစ်ဆေးရေးဂိတ်၌ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဦးစီးမှူးများက မချမ်းဘောမြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများနှင့် Oxygen Concentrator နှစ်လုံး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက် ငါးရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ဘာသာရေးအသင်းအဖွဲ့ ကိုးခုနှင့် စာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ သုံးခုတို့အတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၄၁ သိန်းအပါအဝင် မန်ဂျန်ရှားအရိပ်ရသစ်ပင် ၃၀၀ နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံ နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးရန် မျိုးစေ့များ ဖြန့်ဝေပေးအပ်သည်။

ထို့နောက် ထဝါဒမ်းကျေးရွာ၌ လပြည့်ဝန်းကုမ္ပဏီက စိုက်ပျိုးထားသည့် ဧက ၁၅၀ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါလက်ဖက်စိုက်ခင်းမှ လက်ဖက်ညွန့်များကို ပူတာအိုဒေသထွက် ဖာ့ခါးအမည်ဖြင့် အဆင့်မြင့် လက်ဖက်ခြောက်ထုတ်လုပ်နေမှု လုပ်ငန်းအဆင့်ဆင့်တို့ကို လက်ဖက်ခြောက် စက်ရုံအတွင်း စက်ရုံပိုင်ရှင် ဦးဖေဝမ်က လိုက်လံရှင်းလင်းပြသမှုကို ကြည့်ရှုအားပေးကာ အဆိုပါ ကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနမှ ၂.၀၈ ဧကပေါ်တွင် ဝဥပျိုးပင်များ စိုက်ပျိုးထားရှိမှုနှင့် ရွက်သီး၊ ဖူးတံသီးများဖြင့် အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (ဓာတ်ပုံ) ပြည်နယ်(ပြန်/ဆက်)

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# မူဆယ်မြို့၌ ကိုဗစ်-၁၉ ရောဂါ အကာအကွယ်ပစ္စည်းများ လှူဒါန်း

မူဆယ် ဩဂုတ် ၂၅

ရှမ်းပြည်နယ် မူဆယ်မြို့တွင် ကိုဗစ်ရောဂါကူးစက်မှုကြောင့် Quarantine Center တွင် ကုသမှုခံယူသူများနှင့် အများပြည်သူအသုံးပြုရန်အတွက် စေတနာလုပ်ငန်းရှင်များက အကာအကွယ်ဆက်စပ်ပစ္စည်းများကို အဆက်မပြတ် လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းမှုတွင် ယနေ့နံနက်ပိုင်းက ခရိုင်စုပေါင်းရုံး ရှေ့မျက်နှာစာ၌ မူဆယ်မြို့ အေးကမ္ဘာစိုပြေကုမ္ပဏီလီမိတက်မှ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာသို့ ပေးအပ်လှူဒါန်းရာ အောက်ဆီဂျင်ဘူး ၆၀၊ PPE ဝတ်စုံ ၂၀၀၊ Mask ၂၅၀၀၀၀၊ ပိုးသတ်ဆေး ၂၀၊ Face shield ၁၀၀ကို ကုမ္ပဏီဒါရိုက်တာများဖြစ်ကြသော ဦးကျော်ကျော်အေးနှင့် ဦးကျော်ထွန်းဝင်း တို့က ပေးအပ်ရာ မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇေယျာလင်းတို့က လက်ခံရယူပြီး (အောက်ပုံ) ဂုဏ်ပြု လက်မှတ် ပြန်လည်ပေးအပ်ကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)



သက်ရှိလောက တည်မြဲဖို့
သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၈-၂၀၂၁ ကြာသပတေးနေ့

### MRTV HD

**၀၆:၀၀** မေတ္တာသုတ်၊ရတနသုတ်၊မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၄၀** ပြည်သူ့နီတိ 'စိတ်'
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-10 ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်'
**၁၇:၀၅** မျက်မှောက်ရေးရာအမြာမြာ
**၁၇:၂၅** Soccer View
**၁၇:၄၀** လူမှုစီးပွားမြင်ကွင်းများ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၅** ခေတ်အလိုက်ကြေးမုံပြင် 'ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ပြခန်း' (အမျိုးသားပြတိုက်)
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်ဆောင်ရာ' (အပိုင်း-၅၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၂၀)
**၂၂:၁၀** ပြည်သူ့နီတိ 'ငွေခံထိုက်ဝေ'

### mitv

**07:01** News
**07:27** Ecotourism: Shwebo & Hanlin (Ancient Pyu City)
**07:41** Myanmar Betels
**08:00** Sons of the Lake
**08:23** Myanmar Puppeteers (Duet Dance)
**08:33** Yoga & Health
**08:53** Sticky Shan Snack
**09:01** Impressionist Myanmar Master Artist - U Lun Gywe
**09:18** Myanmar Childhood Games (Episode-3)
**09:28** Myanmar Handicrafts
**10:01** Pan Tamawt... Stone Carving
**10:28** Bamboo Fashion in Style
**10:39** Myanmar Masterclass: Artist Hla Phone Aung
**11:26** Myanmar's Entrepreneurs: Soe Moe Aung

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာကယားရိုးရာအိမ်ကလေး
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ဂွန္တဝင်ဆန်တဲ့အချစ်(အပိုင်း-၃)(ဇာတ်လမ်း)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်ငါးဆုပ်ဆန်လှော်ဟင်းနှင့်ဆန်လှော်ကြော်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၂)
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
နှလုံးသားထဲကထာဝရရိဒ်ရေကန်
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
သားရေကွင်းပြုလုပ်ပုံအဆင့်ဆင့်
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လခြမ်းမြေမှရိုးရာအလှ(အပိုင်း-၂)
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
မျိုးဆက်ပွားကျန်းမာရေး
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ချဉ်ပြုလုပ်နည်း

### MRTV PARLIAMENT

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း(အပိုင်း-၇)
**၁၁:၀၀** ဥပဒေရေးရာအမြာမြာဇာတ်လမ်းတို 'တံစိုးလက်ဆောင်ရယူခြင်း'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၇)

### MRTV SPORTS

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အင်းစိန်မြို့နယ် ရွေ့လျားဈေးကား ရောင်းချမှုနှင့် မြို့နယ်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ရန်ကုန် ဩဂုတ် ၂၅

အင်းစိန်မြို့နယ် ဖန်ချက်စက်ရုံလမ်းရှိ စံပြချမ်းမြေ့စည်ပင်အိမ်ရာဝင်း၌ ရွေ့လျားဈေး ကား(Mobile Market) စနစ်ဖြင့် ကုန်စိမ်းများ၊ မီးဖိုချောင်သုံး ကုန်ခြောက်မျိုးစုံ၊ အသားမျိုးစုံနှင့် ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနမှ ငါး၊ ပုစွန်အမျိုးမျိုး ရောင်းချပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ယင်းအိမ်ရာဝင်းအတွင်းဖြတ်သန်းစီးဆင်းနေသော ကသွယ်ချောင်းကို ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ဆယ်ယူရှင်းလင်းတူးဖော်နေမှု၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အလျားပေ ၉၀ ၊ အနံ ၃၆ ပေရှိ ၆ ခန်းတွဲ ဝန်ထမ်းအိမ်ခန်းအဆောက်အအုံလေးလုံး တည်ဆောက်နေမှု၊ ဖန်ချက်စက်လမ်းတစ်လျှောက် မြေသားမြောင်းများတူးဖော်နေမှု၊ အမှိုက်များ၊ မြောင်းချေးများ ဆယ်ယူရှင်းလင်းနေမှုနှင့် လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းဘေး ဝဲ/ယာနှင့် မြကျွန်းသာအတွင်း သစ်ပင်များအား ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ ရှင်းလင်းခြင်း၊ ပုံသွင်းခုတ်ထွင်ခြင်း ဆောင်ရွက်နေမှုများကို လည်းကောင်း၊ အင်းလျားကန်ပေါင်တစ်လျှောက် လူသွားစင်္ကြံ ပြုပြင်ထိန်းသိမ်းထားမှုနှင့် လမ်းနီဘတ်စ်ကားမှတ်တိုင်၊ တက္ကစီယာဉ်များ ရပ်နားရန် နေရာတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅ - ၈ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၇၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၆၇၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၅၇၃၀၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၉၀/၁၀၀၅ ကျပ် | ၁၀၁၅/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၁၀ ကျပ် | ၁၀၃၀/၁၀၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၃၅/၁၀၇၅ ကျပ် | ၁၀၉၅/၁၁၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၇၀/၁၀၉၅ ကျပ် | ၁၁၇၅/၁၁၉၅ ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၆၃ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၅၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၂၈ . ၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၈၄၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၁၅ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၉၄ . ၅၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၆ . ၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၂ . ၃၈၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၁၀၈၇ | ၉၅၆၅၆၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၉၅၂ | ၃၀၉၄၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၃ | ၈၁၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၈ | ၁၃၇၆၀၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ပုလောမြို့နယ်၌ အရှည် ၂၄ ပေရှိ ဝေလငါးမန်းကြီးတစ်ကောင် သေဆုံးလျက်တွေ့ရှိ



**ပုလော ဩဂုတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ကျောက္ကာကျေးရွာအုပ်စု၊ ကော့ဒွေးကျွန်းကျေးရွာ အရှေ့သဲသောင်ပြင်တွင် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက သောင်တင်သေဆုံးလျက်ရှိသော ဒေသအခေါ် ဝစီပြောက်ငါးမန်း(Whale Shark) တစ်ကောင်ကို ဒေသခံရေလုပ်သားများက တွေ့ရှိခဲ့သည်။

ကျောက္ကာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ပုလောမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြားသဖြင့် ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက သောင်တင်သေဆုံးနေသည့် ငါးမန်းကြီးကို သွားရောက်ကြည့်ရှုစိစစ်တိုင်းတာမှုများ ပြုလုပ်ခဲ့ရာ ငါးအမျိုးအစားမှာ ဒေသအခေါ် ဝစီပြောက်ငါးမန်းအထီးဖြစ်ကြောင်းနှင့် အရွယ်အစားမှာ အလျား ၂၄ ပေ၊ လုံးပတ်အရွယ်အစား ၁၀ ပေ၊ ပါးစပ် အရွယ်အစား ၃ ဒသမ ၆ ပေခန့်ရှိကြောင်း သိရသည်။

ကော့ဒွေးကျေးရွာရှိ ရေလုပ်သားများ၏ ပြောကြားချက်အရ အဆိုပါ ငါးမန်းကြီးသည် သဘာဝဘေးအန္တရာယ်ကြောင့်သေဆုံးကာ ရေတက်ချိန်တွင် မျောပါလာပြီး သောင်တင်နေခြင်းဖြစ်နိုင်ကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများက အဆိုပါ ငါးမန်းကြီးအား စိစစ်တိုင်းတာမှုများ ပြုလုပ်ပြီးနောက် ကော့ဒွေးကျေးရွာ ရာအိမ်မှူးနှင့် ရေလုပ်သားများက ငါးမန်းသေကို မြေမြှုပ်ခဲ့ကြောင်း မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မြင့်ဦး(မြိတ်)**

# ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်သို့ တဖြည်းဖြည်းနီးလာ

**ညောင်ဦး ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ဩဂုတ်၂၄ ရက် မွန်းတည့် ၁၂ နာရီတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေမှတ်သည် ၂၀၃၂ စင်တီမီတာသို့ ရောက်ရှိနေပြီး ညောင်ဦးမြို့၏ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာသို့ ရောက်ရှိရန် ၈၄ စင်တီမီတာသာလိုတော့ကြောင်း ညောင်ဦးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



မြစ်ရေသည် ဩဂုတ် ၂၄ ရက် နံနက် ၆ နာရီတွင် ၂၀၂၈ စင်တီမီတာရှိပြီး မွန်းလွဲပိုင်းတွင် ၂၀၃၂ စင်တီမီတာသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဧရာဝတီမြစ်ရေကြီးမှု အခြေအနေနှင့် ပတ်သက်သည့် အချက်အလက်များကို ညောင်ဦးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ပြည်သူများထံ နေ့စဉ်သတင်းထုတ်ပြန်ပေးနေကြောင်းနှင့် ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ကလည်း မြစ်အတွင်း စက်လှေများဖြင့် လှည့်လည်၍ မြစ်ကမ်းဘေးနေပြည်သူများ မြစ်ရေကြီးမှု အခြေအနေကို သိရှိစေရန် အသံချဲ့စက်များဖြင့် သတိပေးနှိုးဆော်ပေးနေကြောင်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

# မိုးကုတ်မြို့နယ်၌ မြေပြိုကျမှုကြောင့် လူ ၁၁ ဦး သေဆုံး

**မိုးကုတ် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့အနောက်ပိုင်း အောင်သစ်လွင်ရပ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမန်နေ့က မြေပြိုမှုဖြစ်ပွား၍ လူနေအိမ်လေးလုံး ပြိုကျပျက်စီးခဲ့ပြီး သုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့ကာ အမျိုးသားငါးဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း (၁၁) ဦး သေဆုံးကြောင်း သိရသည်။

အဆိုပါ မြေပြိုကျမှုဖြစ်ပွားသည့်နေရာ၌ မြို့နယ်ရဲမှူးနှင့်အဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ မိုးကုတ်မြို့နယ်တွင် ဩဂုတ်လအတွင်း မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် မြေပြိုကျမှုများဖြစ်ပွားကာ ဩဂုတ် ၂၄ ရက်အထိ သေဆုံးသူ စုစုပေါင်း ၁၆ ဦးရှိကြောင်း သိရသည်။

**နန်းခွာညိုနှင်း(ပြန်/ဆက်)**

# အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြက်ခြေနီအသင်းအနေဖြင့် မြို့နယ်အတွင်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များတွင် အသုံးပြုနိုင်စေရန် ရည်ရွယ်လျက် အောက်ဆီဂျင်အိုးများကို Myanmar Trading ကုမ္ပဏီလီမိတက်က ယမန်နေ့နံနက်ပိုင်းတွင် ကြက်ခြေနီအသင်းရုံး၌ လာရောက်လှူဒါန်းသည်။

အောက်ဆီဂျင်လီတာ၄၀ ဆံ့ ၁၅ အိုး၊ ၁၅ လီတာဆံ့ ငါးအိုးနှင့် Flow Meter ၁၇ ခု တို့ကို လှူဒါန်းခြင်းဖြစ်ပြီး ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ အဆိုပါ အလှူရှင်သည် ကြက်ခြေနီအသင်း၏ အရေးပေါ် လူနာတင်ယာဉ်တစ်စီးအတွက် စက်သုံးဆီများကိုလည်း ကိုဗစ်- ၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ ယနေ့အထိ ဖြည့်ဆည်းပေးနေသလို အခြားလိုအပ်သော အကူအညီမှန်သမျှကိုလည်း ပေးလျက်ရှိကြောင်း မြို့နယ်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ အောက်ဆီဂျင်ထုတ်စက်ရုံမှ အောက်ဆီဂျင်များ အခမဲ့ဖြန့်ဝေ

**သုံးခွ ဩဂုတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သိုက်တူးကန်ကျေးရွာ (ရဲနွံ့တာအနီး) ဧရိယာ ၄ ဒသမ ၉၄ ဧကရှိ ဘိုးဘွားရိပ်သာအတွင်း တည်ဆောက်ပြီးစီးခဲ့သော အောက်ဆီဂျင်ထုတ်စက်ကို စမ်းသပ်လည်ပတ်နေပြီဖြစ်ကာ အောက်ဆီဂျင်များ အခမဲ့ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် လျှပ်စစ်မီးသွယ်တန်းမှု မပြီးသေးသဖြင့် အင်ဂျင်မီးစက်ဖြင့် လုပ်ငန်းများ ဆောင်ရွက်နေပြီး တစ်ရက်လျှင် နာရီ ၂၀ စက်လည်ပတ်၍ လီတာ ၄၀ ဆံ့အိုး အလုံး ၁၀၀ ရရှိကြောင်းနှင့် အဆိုပါ အောက်ဆီဂျင်အိုးများကို မြို့နယ်အတွင်းမှ ကိုဗစ်- ၁၉ လူနာများ၊ အောက်ဆီဂျင်အသုံးပြုရန်လိုအပ်သော အခြားလူနာများအတွက် သာမက အခြားမြို့နယ်များရှိ ပရဟိတအသင်းများနှင့် အောက်ဆီဂျင်အသုံးပြုရန်လိုအပ်သော လူနာများအတွက်ပါ ဖြန့်ဝေပေးနေကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်မှ အောက်ဆီဂျင်ထုတ်လုပ်ဖြန့်ဖြူးရေးအတွက် တာဝန်ခံနှစ်ဦးထားရှိပြီး ပရဟိတအဖွဲ့ခြောက်ဖွဲ့က အလှည့်ကျအစီအစဉ်ဖြင့် လုပ်ငန်းများ ကူညီဆောင်ရွက်ပေးသည့်အပြင် စက်ရုံတွင်းသန့်ရှင်းရေးနှင့် ဆေးဖျန်းခြင်းကိုပါ ဆောင်ရွက်ပေးနေကြောင်း၊ အောက်ဆီဂျင်လိုအပ်သူများအနေဖြင့် ဖုန်း ၀၉-၇၉၉၃၆၉၉၀၄၊ ၀၉-၇၉၉၃၆၆၄၄၂ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း တာဝန်ခံဦးဇော်လွင်ဦးက ဩဂုတ် ၂၅ ရက်တွင် ပြောသည်။

တန်ဖိုးငွေကျပ်သိန်း ၉၀၀ ကျော်ရှိ အဆိုပါအောက်ဆီဂျင်ထုတ်စက်ကို ဦးအုန်းဆိုင်မိသားစု(New Golden Gate 1991 ကုမ္ပဏီလီမိတက်)၊ ခေတ်သစ်ပွဲရုံ (ဘုရင့်နောင်)၊ ဦးကျော်ဝင်း (Bright Light Group ကုမ္ပဏီလီမိတက်)နှင့် ကြက်တံဆိပ်ပဲမျိုးစုံ ရောင်းဝယ်ရေးမိသားစု (သုံးခွမြို့)တို့က လှူဒါန်းခြင်းဖြစ်ပြီး အောက်ဆီဂျင်ထုတ်စက်ထားရှိရန် ငွေကျပ်သိန်း ၃၅၀ ခန့် တန်ဖိုးရှိတစ်ထပ်တိုက်အဆောက်အအုံကို ဦးဆာသရားမိသားစု (ရတနာတောင်ကုမ္ပဏီလီမိတက်)က ဆောက်လုပ်လှူဒါန်းကြောင်း၊ စက်လည်ပတ်နိုင်ရန် ငွေကျပ်သိန်း ၃၄၀ တန်ဖိုးရှိ Power Max 150 KVA မီးစက်ကိုမူ ဦးအောင်သန်းမိသားစု (သဃ်န်းကျွန်းမြို့နယ်)က လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**



# ဘိုကလေးမြို့နယ်၌ ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် စံပြဈေးအတွင်း ကြပ်မတ်စစ်ဆေး

**ဘိုကလေး ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် စံပြဈေးအတွင်း ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် ဈေးရောင်းဈေးဝယ်များအနေဖြင့် နှာခေါင်းစည်း တပ်ဆင်ရောင်းချမှုရှိ မရှိနှင့် ဈေးအတွင်း အခြေခံစားသောက်ကုန်ဆိုင်များမှအပ အဝတ်အထည်၊ ထီး၊ ဖိနပ်ကဲ့သို့သော အခြားဆိုင်များ ရောင်းချနေမှု ရှိ မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ အမှတ်(၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ ဩဂုတ် ၂၅ ရက်က လိုက်လံစစ်ဆေးပြီး သတ်မှတ်ချက်များနှင့်မညီသော ဈေးဆိုင်များအား သတိပေးမှုများ ဆောင်ရွက်ကြသည်။

**မိုးစက်(ဘိုကလေး)**

# ကျောက်ဆည်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေး

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အိမ်ထောင်စုလူဦးရေစာရင်း ၄၅၁ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ် ၄၀၈ ကတ်အသစ် ပြုလုပ်ပေးသည်။




ထိုသို့ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားကတ်များ ပြုလုပ်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးသောင်းဒန်နှင့် တိုက်နယ်မှူး ရှစ်ဦးတို့က လုပ်ငန်းများ လျင်မြန်စွာ ပြီးစီးနိုင်ရေး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံးနှင့် ရပ်ကွက်၊ ကျေးရွာများ၊ စက်ရုံ၊အလုပ်ရုံများသို့ ကွင်းဆင်းပြီး ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ကျောက်ဆည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးမှူးရုံးအနေဖြင့် ပန်းခင်းစီမံချက်ဖြင့် မုံ့ပေါင်း၊ ဇရပ်ဖြူကြောင်ပန်းကုန်း၊ လယ်ကြီး၊ မြင်းကဘက်၊ မယ်ဇယ်ပင်၊ ပေါက်ပင်ကွေ့၊ ရဲစု၊ ပုထိုနီ စသည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကိုးအုပ်စုနှင့် စက်ရုံ၊ အလုပ်ရုံ သုံးရုံ/တပ်ရင်း၊ တပ်ဖွဲ့ သုံးနေရာတို့တွင် ဆောင်ရွက်ပေးခဲ့ပြီး ကျန်ရှိနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်များကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

# စလင်းမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာမတည်စီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ် ထုတ်ချေး

**စလင်း ဩဂုတ် ၂၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဩဂုတ်လအတွင်း ကျေးရွာ ၁၁ ရွာအား ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေ ဒုတိယအကြိမ် ကွင်းဆင်း ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါကျေးရွာ ၁၁ ရွာမှာ ကျွဲဦးကျေးရွာ၊ ကန်ချောက်ကျေးရွာ၊ ပုလဲကုန်းကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ မြို့အိုကျေးရွာ၊ ရေမကျေးရွာ၊ ညောင်ပင်လှကျေးရွာ၊ ချောင်းဖြူကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ တောင်ဖီလာကျေးရွာနှင့် ပေါက်ခြံကျေးရွာတို့ဖြစ်ပြီး စီမံကိန်းဝင်အသင်းသား စုစုပေါင်း ၁၁၈၃ ဦး စုစုပေါင်းငွေကျပ် ၂၉၅ ဒသမ ၁ သန်းအား စလင်းမြို့နယ်ဦးစီးမှူး ဦးစိုးခိုင်၊ ဦးစီးအရာရှိ ဒေါ်ကေဇင်မိုးနှင့် တာဝန်ခံဝန်ထမ်းများက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကွင်းဆင်း ထုတ်ချေးပေးလျက်ရှိသည်။



ယင်း ကျေးရွာများသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများအတွက် တစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း သုံးရာစီ၊ ကျေးရွာ ၁၁ ရွာအတွက် ရန်ပုံငွေ စုစုပေါင်းငွေကျပ် ၃၃ သန်း ထုတ်ချေးပေးခဲ့ပြီး အရင်းဆပ်ကာလ ၁၂ လ အတိုးဆပ်ကာလ သုံးလ၊ ငွေတစ်ရာကျပ်လျှင် အတိုးနှုန်း ပြားငါးဆယ်အား ကျေးရွာကော်မတီများနှင့် အသင်းသား အသင်းသူများ၏ သဘောတူညီ ဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ခဲ့ကြောင်း အဆိုပါဦးစီးဌာနမှ သိရ သည်။

**အထွေး**

# လဟယ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေး

**လဟယ် ဩဂုတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှဆောင်ရွက်သော လဟယ်မြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၃၇ ကတ် ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက လဟယ်မြို့ အထကကျောင်း ဇေယျာသီရိခန်းမဆောင်(၂) ၌ ဆောင်ရွက်သည်။

ပေးအပ်ပွဲတွင် နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအသီးသီးမှ ကိုယ်စားလှယ်များသို့ ပေးအပ်ကာ တိုင်းရင်းသားမိဘပြည်သူများကိုယ်စား မြို့နယ်နာဂရိုးရာ စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးပေါင်ခုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် နာဂဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဦးစီးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်အောင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာများမှ ကိုယ်စားလှယ်များ တက်ရောက်ကြောင်း သိရသည်။

**ပါမင်းလိုင်(လဟယ်)**

# လဲချားမြို့နယ်၌ အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူများအား ဆောင်ရွက်ပေး

**လဲချား ဩဂုတ် ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း လဲချားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စု၊ လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက်ပိုင်းက နယ်မြေခံတပ်နယ်တပ်ရင်းတွင် ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါလုပ်ငန်းများကို ပန်းခင်းစီမံချက်ဖြင့် လဲချားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ဒုတိယဦးစီးမှူး ဦးမျိုးမြင့်ဇော်နှင့်ဝန်ထမ်းများက အိမ်ထောင်စု ၄၅ စုရှိ နိုင်ငံသား စိစစ်ရေးကတ်ပြားမရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

လဲချားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ရုံးမှ ပန်းခင်းစီမံချက်ဖြင့် မေ ၃ ရက်မှစတင်ကာ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊**
**အစဉ်ထာဝရ ထိန်းသိမ်းကြ**


**လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ် မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ မြို့နယ်လဝကရုံးများရှိ ရုံးလက်ခံအိမ်ထောင်စုစာရင်းများမှ (၃-၁၁-၂၀၂၂) ရက်တွင် အသက် (၁၈) နှစ် ပြည့်လာမည့်သူများနှင့် အသက်(၁၈) နှစ်ပြည့်ပြီးသူများအနက် မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ထားခြင်းမရှိသူ တစ်ဦးချင်း အမည်စာရင်းကို ရပ်ကွက်/ကျေးရွာအလိုက် ကောက်ယူစာရင်းပြုစုခြင်း၊
- ❖ ပြုစုထားရှိသည့် အမည်စာရင်းနှင့် ရွှေ့ပြောင်းလျှောက်လွှာပုံစံများအား သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု စီမံအုပ်ချုပ်ရေးမှူးများထံပေးပို့၍ အမှန်တကယ်နေထိုင်မှုရှိ/မရှိ၊ လူကျန်ခြင်း ရှိ/မရှိ စိစစ်ဖြည့်စွက်ပြီး ရွှေ့ပြောင်းလျှောက်လွှာများအား မြို့နယ်လဝကရုံးများသို့ ပြန်ကြားခြင်း၊
- ❖ မြို့နယ်လဝကရုံးများ၏ တစ်နေ့တာဆောင်ရွက်ပေးနိုင်မည့်ဦးရေနှင့် အမည်စာရင်းကို (၃)ရက် ကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ စီမံအုပ်ချုပ်ရေးမှူးများ ထံပေးပို့ထားပြီး ယူဆောင်လာရမည့် စာရွက်စာတမ်းနှင့် လိုအပ်ချက်များကို စာဖြင့် အကြောင်းကြားခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့ တိုက်ရိုက်ထုတ်ပေးခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့် အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊
- ❖ ရုံးလက်ခံ အိမ်ထောင်စုစာရင်းနှင့် ကာယကံရှင်လက်ဝယ်ရှိ အိမ်ထောင်စုစာရင်းများတွင် ရေးသွင်းခြင်း၊

**ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်း ရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း (ပန်းခင်းစီမံချက်)**

- ❖ အကြောင်းအမျိုးမျိုးကြောင့် ပုံစံ (၁၀) မပါရှိဘဲ ရွှေ့ပြောင်းအခြေချနေထိုင်သူများအား ရပ်ကွက်/ ကျေးရွာအလိုက် စာရင်းကောက်ယူပြီး မူလဒေသရှိ မြို့နယ်ရုံးများနှင့် ဆက်သွယ်မေးမြန်းစိစစ်ခြင်း၊ မှန်ကန်သော အိမ်ထောင်စုများအား မူလမြို့နယ်စာရင်းမှလျှော့ခြင်းနှင့် ပြောင်းရွှေ့ပုံစံ (၁၀) ထုတ်ပေး ခြင်း၊ မိမိမြို့နယ်တွင် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းတရားဝင်ပြောင်းရွှေ့ရောက်ရှိပြီးမှ လက်ရှိဒေသတွင် ဥပဒေနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ဆောင်ရွက်ပေးခြင်း၊
- ❖ မွေးရာပါနိုင်ငံသားများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်ရုံးများ၌ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များအတိုင်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်၍ ကာယကံရှင်ထံသို့တိုက်ရိုက်ထုတ်ပေး ခြင်း၊
- ❖ အိမ်ထောင်စုလူဦးရေစာရင်းအား လက်ရှိဒေသသို့ မပြောင်းရွှေ့လိုသူများအတွက် လူကိုယ်တိုင် အိမ်ထောင်စုလူဦးရေစာရင်းရှိရာမူလဒေသသို့သွားရောက်၍ ကိုင်ဆောင်သင့်သည့်ကတ်ပြား တစ်မျိုးမျိုးရရှိရေး ဆောင်ရွက်ခြင်း၊
- ❖ ဥပဒေအရနိုင်ငံသားများအတွက် ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးထုတ်ပေးရေးကို လိုအပ်သည့်အထောက်အထားများ တင်ပြလျှောက်ထားလာပါက အမြန်ဆုံးဆောင်ရွက်ပေးခြင်း၊

# မန်းရွှေစက်တော်ဘုရားရှိ ဓာတ်လှေကားတာဝါကို လာမည့်ဘုရားပွဲတော်ရာသီချိန်မတိုင်ခင် အပြီးတည်ဆောက်နေ

**မင်းဘူး ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားကြီးတွင် ဓာတ်လှေကား တည်ဆောက်နေမှုလုပ်ငန်းများအားလုံးကို လာမည့် ၂၀၂၂ ခုနှစ် ဘုရားပွဲတော်ရာသီချိန် မတိုင်ခင် အပြီးတည်ဆောက်မည်ဖြစ်ပြီး ယနေ့အချိန်ထိ လုပ်ငန်းအားလုံး ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရားဓာတ်လှေကားတာဝါ အရည်အသွေးစစ်ရေးအဖွဲ့ခေါင်းဆောင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ပြောသည်။

မန်းရွှေစက်တော်ဘုရားကြီးရှိ နှစ်ကျိပ်ရှစ်ဆူစေတီတော်အနီးမှ ကိုးခန်းကြီးဘုရားအထိ ဆောက်လုပ်နေသော ဓာတ်လှေကားတာဝါ (Lift Tower နှင့် Walk Way Bridge)တည်ဆောက်နေမှုလုပ်ငန်းများ၊ ပြီးစီးမှုအခြေအနေများနှင့် အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီရေး၊ သတ်မှတ်ကာလအချိန်မီ ပြီးစီးရေးအတွက် မန်းရွှေစက်တော် ဘုရား



ဓာတ်လှေကားတာဝါ အရည်အသွေးစစ်ရေးအဖွဲ့ ခေါင်းဆောင်နှင့် စစ်ဆေးရေးအဖွဲ့ဝင် အင်ဂျင်နီယာများက ဩဂုတ် ၂၄ ရက်က ကြည့်ရှုစစ်ဆေးသည်။

မန်းရွှေစက်တော်ဘုရား ဓာတ်လှေကားတာဝါကို ဆောက်လုပ်ရာတွင် အလျားပေ ၂၁၀၊ အမြင့် ၁၁၉ ပေ၊ အကျယ် ၁၂ ပေ ရှိသည့် အတက်နှင့် အဆင်းဟူ၍ Lift Tower နှစ်စင်းကို ဘုရားရန်ပုံငွေမှ ခွင့်ပြုငွေကျပ်သိန်းပေါင်း ၁၆၀၀၀ ခန့်ဖြင့် တည်ဆောက်နေကြောင်း၊ ဘိုးပိုင်တူးခြင်းလုပ်ငန်းများ ပြီးစီးပြီဖြစ်၍ Lift Colum ဆောက်လုပ်မှုများကို ယခုလကုန်တွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းကာလမှာ ၂၉.၆.၂၀၂၁ ရက်မှ ၉.၁.၂၀၂၂ အထိ ရှစ်လအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုဆောက်လုပ်နေသည့် ဓာတ်လှေကား တည်ဆောက်ပြီးစီးပါက သက်ကြီးဘိုးဘွားများ၊ ကလေးငယ်များ၊ မသန်စွမ်းသူများနှင့် ဘုရားဖူးပြည်သူများအနေဖြင့် နှစ်ကျိပ်ရှစ်ဆူစေတီတော်အနီးမှနေ၍ အထက်ကိုးခန်းကြီးဘုရားအထိ သက်သောင့်သက်သာ တက်ရောက်ဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်စိုးက ပြောသည်။

**မောင်မောင်**
**(မင်းဘူး)**

# နတ်မောက်မြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေး

**နတ်မောက် ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား ၂၀၂၁ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို မေ ၂၇ ရက်မှ စတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးလျက်ရှိသည်။

နတ်မောက်မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၂၅ ရက်က အင်းကုန်းအုပ်စု၊ တောင်ထောင့်အုပ်စု၊ ဆုံမကျည်းပင် (နောက်ဆက်တွဲ)အုပ်စုများမှ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၈၂ ဦးအား စပါး ၂၉ ဧက၊ နှမ်း ၁၁၇၉ ဧကအတွက် ချေးငွေပမာဏငွေကျပ် ၁၂၂၂ ဒသမ ၅ သိန်း ထုတ်ချေးပေးလျက်ရှိပြီး ၂၅.၈.၂၀၂၁ ရက်အထိ ကျေးရွာအုပ်စု ၃၀ မှ ဘဏ်အဖွဲ့ဝင် တောင်သူ ၂၅၆၅ ဦးအား စပါး ၁၀၄၇ ဧက၊ နှမ်း ၁၁၇၂၉ ဧကအတွက် ချေးငွေကျပ် ၁၃၂၉၉ ဒသမ ၅ သိန်း ထုတ်ချေးပေးပြီးဖြစ်ကြောင်း၊ ထုတ်ချေးရန် ကျန်ရှိနေသော ကျေးရွာအုပ်စုများမှ ၂၀၂၀ မိုးပြေကျေသည့် ဘဏ်အဖွဲ့ဝင် တောင်သူများအား ၂၀၂၁ ခုနှစ် စက်တင်ဘာလအတွင်း အပြီးသတ်ထုတ်ချေးပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်မိုးမိုးသိန်းက ပြောသည်။



**လှဝင်း(နတ်မောက်)**

# ကျောက်ဆည်မြို့၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများထုတ်ပေး

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်း (ပင်စင်စား)များအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းအထိ အငြိမ်းစားဝန်ထမ်း(ပင်စင်စား) ဦးရေ ၁၇၁၂ ဦး အား ပင်စင်လစာငွေများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ယခင်လတွင် ပင်စင်စားဦးရေ ၂၄၂၈ ဦးအား လစာငွေများ ထုတ်ပေးကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်း(ပင်စင်စား)များ လစာငွေများ လာရောက်ထုတ်ယူရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေစေရေး သတ်မှတ်ပေးထားပြီး ပင်စင်လစာငွေ လာရောက်ထုတ်ယူသူတိုင်း နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်စေခြင်း၊ လက်ဆေးဘေစင်များ၊ လက်ဆေးဆပ်ပြာများ ဆောင်ရွက်ပေးထားကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူနိုင်ခြင်း မရှိသူများကိုလည်း ဘဏ်ဖွင့်ရက်များတွင် မိမိတို့ အဆင်ပြေမည့်ရက်များ၌ လစာငွေများ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# စပါးစိုက်ရာသီ ပိတ်ဆို့မှုမဖြစ်ရန် အရှည် ၁၀ မိုင်ရှိ ယောမြောင်းကြီးအတွင်း အမှိုက်ရှင်းလင်း

**ကျောက်ထု ဩဂုတ် ၂၅**

မကွေးတိုင်းဒေသကြီးကျောက်ထုမြို့ဒေသတွင် မိုးစပါးစိုက်ပျိုးရာသီရောက်ရှိလာပြီဖြစ်၍ ချောင်းမှရေကို လယ်မြေများသို့ သွယ်ယူရန် ဖောက်လုပ်ထားသည့် အရှည် ၁၀ မိုင်၊ အကျယ် ၆ ပေခန့်ရှိ ယောမြောင်းကြီးအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၂၄ ရက်မှစတင်၍ ဒေသခံများက ရပ်ရွာဒေသအလိုက် ကိုယ့်အားကိုယ့်ကိုးစနစ်ဖြင့် စုပေါင်းဆောင်ရွက်လျက်ရှိကြသည်။

ယောမြောင်းကြီးသည် မြန်မာသက္ကရာဇ် ၁၀၃၂ ခုနှစ်က ယောမြို့စား စော်ဘွားမင်းကျော်သူက ဦးဆောင်ကာ ဖောက်လုပ်ခဲ့သောမြောင်းကြီးဖြစ်ပြီး ယခုအခါ နှစ်ပေါင်း ၃၅၀ ခန့် သက်တမ်းရှိပြီဖြစ်သည်။ အဆိုပါရေမြောင်းကို နိုင်ငံတော်၏ ပံ့ပိုးမှုများ အပါအဝင် ဒေသခံများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် နှစ်စဉ် ပြုပြင်လျက်ရှိ၍ လက်ရှိအချိန်တွင် ကျေးရွာပေါင်း ၁၂ ရွာရှိ လယ်ဧက ၄၀၀ ကျော် စိုက်ပျိုးရေရရှိစေရန် အကျိုးပြုလျက်ရှိသည်။

ယောမြောင်းကြီးသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် သာမက မြောင်းဖြတ်သန်း စီးဆင်းသည့် ကျေးရွာများအနက် ခုနစ်ရွာနှင့် ကျောက်ထုမြို့ သုံးရပ်ကွက်ကိုပါ သုံးရေ ဖြည့်ဆည်းပေးနေသော မြောင်းကြီးလည်းဖြစ်ကာ ယောမြောင်းကြီးပတ်ဝန်းကျင် ကျေးရွာအချို့တွင် မြောင်းရေဖြင့် ရေအားလျှပ်စစ်ထုတ်ယူ၍ လျှပ်စစ်မီးပေးခြင်း၊ စပါးကြိတ်ခြင်း၊ ဆီကြိတ်ခွဲခြင်းများကိုပါ ဆောင်ရွက်နေကြသည်။

**မောဟေမာန်**



# ကဝမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ချေးငွေများထုတ်ပေး

**ကဝ ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကိုဗစ်-၁၉ ကာလအတွင်း ကျေးလက်ဒေသနေ ပြည်သူများ၏ မိသားစုဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးရန်ရည်ရွယ်လျက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ကျေးရွာအချို့၌ ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ပိုင်ကျုံကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာ၌ စီမံကိန်းရန်ပုံငွေမှ ချေးငွေများ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးပေးသည်။

သရက်ပင်ဆိပ်ကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်က ငွေကျပ်သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၂ ဦး၊ စုစုပေါင်း ၆၈ ဦးတို့အား စီမံကိန်းရန်ပုံငွေကျပ် ၂၀၈ သိန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လူစုလူဝေးမဖြစ်စေရန် အိမ်တိုင်ရာရောက် သွားရောက်ထုတ်ပေးကြောင်း သိရသည်။

**ရည်ရည်မြ**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊**
**သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

## အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာ၌ အခြေခံအိမ်ထောင်စုများအား စားသောက်ကုန်များလှူဒါန်း

**အင်းတော်ကြီး ဩဂုတ် ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာ၌ အလှူရှင်မိသားစုများက ဩဂုတ် ၂၄ ရက်တွင် အခြေခံ အိမ်ထောင်စု ၂၀၀ ကို စားသောက်ကုန်များ ထောက်ပံ့လှူဒါန်းပေးသည်။

မိုင်းနောင် ကျေးရွာတွင် ကိုဗစ်-၁၉ ရောဂါကာလ၌ စားသောက်ရေး အခက်အခဲဖြစ်နေကြသော လက်လုပ်လက်စား အခြေခံ အိမ်ထောင်စု ၂၀၀ ကို အလှူရှင်မိသားစုများ ဖြစ်ကြသော မိုင်းနောင်ကျေးရွာနေ ဦးဇော်ငွေး- ဒေါ်သန်းအေး မိသားစုက ငွေကျပ် ၁၂ သိန်း၊ ဦးအောင်စိုးဦး- ဒေါ်နှင်းထွေး မိသားစုက ငွေကျပ် ၁၂ သိန်း၊ ဦးဆန်းထွန်း- ဒေါ်ကြည်ကြည်ထွန်း မိသားစုကငွေကျပ် ၁၀ သိန်းနှင့် အခြားအလှူရှင်များမှ စုပေါင်းထည့်ဝင် ငွေကျပ် ၁၇၅၄၀၀ ဖြင့် အိမ်ထောင်တစ်စုလျှင် ဆန် ၁၂ ပြည်၊ ဆီ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၅၀ ကျပ်သား၊ ကြက်သွန်နီ ၁ ပိဿာကို အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်၊ ရပ်ကွက်ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် စေတနာရှင် သုံးဘီးပိုင်ရှင်များဖြင့် ရပ်ကွက်အသီးသီးသို့ သွားရောက်လှူဒါန်းပေးကြောင်း သိရသည်။



မိုင်းနောင် ကျေးရွာတွင် အိမ်ထောင်စု ၇၀၀ ခန့်ရှိပြီး လက်လုပ်လက်စား အခြေခံ အိမ်ထောင်စုများ များစွာရှိနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**လှိုင်ဘွား(ဗန်းမော်က်)**

## သပိတ်ကျင်း၌ မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့လေ့ကျင့်မှု သရုပ်ပြ

**သပိတ်ကျင်း ဩဂုတ် ၂၅**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရေး စွမ်းရည်ထက်မြက်စွာနှင့် ထိရောက်စွာ ကူညီကယ်ဆယ်နိုင်ရေးတို့အတွက် မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့တွင် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းကာ စုဖွဲ့လေ့ကျင့်ခြင်း သရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ သရုပ်ပြပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဦး ဦးဆောင်ကာ တပ်ဖွဲ့ဝင်အင်အား ၃၅ ဦးတို့က ယာဉ်မတော်တဆဖြစ်စဉ်များနှင့် ပိတ်မိနေသောလူများအား ကူညီကယ်ဆယ်သည့် သရုပ်ပြမှုနှင့် အခြားကယ်ဆယ်ခြင်းသရုပ်ပြမှုများကို စုဖွဲ့လေ့ကျင့်ပြသပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်က သပိတ်ကျင်းမြို့နယ်အတွင်း ကြုံတွေ့ရလျက်ရှိသည့် သဘာဝဘေးအန္တရာယ်များ၌ မီးသတ်တပ်ဖွဲ့ဝင်များ၏ ကူညီကယ်ဆယ်ရေးဆောင်ရွက်ချက်များကို အသိအမှတ်ပြု ချီးကျူးပြီး မီးသတ်တပ်ဖွဲ့ဝင်များကို အားပေးစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များက မြို့နယ်မီးသတ်ဦးစီးဌာနက ခင်းကျင်းပြသထားသည့် ကူညီကယ်ဆယ်ရှာဖွေရေးပစ္စည်းများကို လိုက်လံကြည့်ရှုရာ မြို့နယ်မီးသတ်ဦးစီးမှူးက ရှင်းလင်းပြသကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**

## ကျောက်ဆည်မြို့နယ်၌ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ဆက်လက်ပေးအပ်

**ကျောက်ဆည် ဩဂုတ် ၂၅**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်တွင် အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးဘိုးဘွား ၁၁၄၉ ဦးအား နိုင်ငံတော်မှတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ကလိုင်ကျော်ကျေးရွာ၊ စင်းကွန်းကျေးရွာ၊ ပတ္တာကျေးရွာနှင့် ဆူလေကုန်း ကျေးရွာများမှ သက်ကြီး ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ငွေများ လက်ဝယ်အရောက် ဆက်လက် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ထောက်ပံ့ငွေများကို နိုင်ငံတော်မှ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ၊ ဒုတိယ သုံးလပတ်အတွက် အသက် ၈၅ နှစ်နှင့် အထက် သက်ကြီး ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ကျောက်ဆည် မြို့နယ်အနေဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု ၉၇ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၁၄၉ ဦးအား စုစုပေါင်း ထောက်ပံ့ ငွေကျပ် ၃၄၄ သိန်း ခုနစ်သောင်းကို ထောက်ပံ့ ပေးအပ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ကျောက်ဆည် မြို့နယ်တွင် အသက် ၈၅ နှစ်နှင့် အထက် သက်ကြီး ဘိုးဘွားများအား ကလိုင်ကျော်ကျေးရွာမှ သက်ကြီးဘိုးဘွား ၁၈ ဦး၊ စင်းကွင်းကျေးရွာမှ သက်ကြီးဘိုးဘွား ၂၅ ဦး၊ ပတ္တာကျေးရွာမှ သက်ကြီးဘိုးဘွား ၂၇ ဦးနှင့် ဆူးလေကုန်းကျေးရွာမှ သက်ကြီးဘိုးဘွား ၃၃ ဦးအား စုစုပေါင်း ထောက်ပံ့ငွေကျပ် ၃၀၉၀၀၀၀ ကို ကလိုင်ကျော် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသိန်းမြင့်၊ စင်းကွန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ ပတ္တာကျေးရွာ အုပ်ချုပ်ရေးမှူး မောင်တိုး၊ ဆူးလေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမင်းထွန်းဦးနှင့် ဝန်ထမ်းများက ဘိုးဘွားများ လက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်ကြောင်း သိရသည်။

**တင်တင်ထွေး**



## မိုင်းခုတ်မြို့၌ မိုးစပါးမျိုးသန့်စံပြစိုက်ခင်း ယူရီးယားဓာတ်မြေဩဇာ ကြဲပက်

**မိုင်းခုတ် ဩဂုတ် ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းခုတ်မြို့ စိုက်ပျိုးရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဆင်းရေီ-၃ မိုးစပါးမျိုးသန့်စံပြစိုက်ခင်းများအား သွင်းအားစု ယူရီးယားဓာတ်မြေဩဇာ ကြဲပက်ခြင်းကို ဩဂုတ် ၂၅ ရက်က တောင်သူဦးစိုင်းဆမ်၏ လယ်၌ ပြုလုပ်သည်။

ယူရီးယားဓာတ်မြေဩဇာ ကြဲပက်ရာတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဦးစငွေးဝင်းက ဓာတ်မြေဩဇာကျွေးရာ၌ သွင်းအားစုမြေဩဇာကို အခဲဖြစ်မှုမရှိစေရေး စနစ်တကျချေဖျက်ပြီး နေရာကွက်ကျန်မှုမရှိစေရန် လယ်ကွင်းအနှံ့စနစ်တကျ ကြဲပက်ရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့ဦးစီးမှူးနှင့် ဝန်ထမ်းများက ယူရီးယားမြေဩဇာများ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

မိုင်းခုတ်မြို့တွင် ၂၀၂၁-၂၀၂၂ မိုးစပါး စိုက်ပျိုးထားရှိမှုမှာ လယ် ၃၆၀၂ ဧက၊ ယာ ၁၈၆၅ ဧကနှင့် တောင်ယာစိုက်ပျိုးမှု ဧက ၁၁၀၀ စုစုပေါင်း ၆၅၆၇ ဧကရှိကြောင်း မြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**အားချာ**

## နတ်တလင်းမြို့၌ ဆန်တစ်ပြည် ငွေကျပ်တစ်ထောင်နှုန်းရောင်းချပြီး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**နတ်တလင်း ဩဂုတ် ၂၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ဆန်တစ်ပြည်လျှင် ငွေကျပ်တစ်ထောင်နှုန်းဖြင့် ရောင်းချပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေခြင်းကို နတ်တလင်းမြို့မဈေးလူစည်ကားရာနေရာ၌ ဩဂုတ် ၂၄ ရက်က ဆောင်ရွက်သည်။

ဆန်များရောင်းချရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဈေးသွားဈေးလာ ပြည်သူများအား ဆန်တစ်ပြည် ငွေကျပ်တစ်ထောင်နှုန်းဖြင့် ရောင်းချပေးကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ၍ အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်း မဖြစ်မနေ တပ်ဆင်သွားလာကြရန် အသိပေးပြောကြားသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## သီပေါ၌အခြေခံစားသောက်ကုန်များ အခမဲ့ဖြန့်ဝေလှူဒါန်း

**သီပေါ ဩဂုတ် ၂၅**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကိုဗစ်-၁၉ Stay at Home ကာလအတွင်း အခက်အခဲဖြစ်နေသော အိမ်ထောင်စုပြည်သူများအား စားသောက်ရေးအဆင်ပြေစေရန်အတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် နယ်စည်းမခြားပရဟိတ၊ သီပေါလူငယ်နှင့် အလှူရှင်များ စုပေါင်း၍ ယနေ့နံနက်ပိုင်းက ကူညီလှူဒါန်းမှုများ ပြုလုပ်ကြသည်။ ထိုသို့ လှူဒါန်းမှုတွင် အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ဟင်းခတ်မှုန့်၊ ကြက်ဥ၊ ခရမ်းချဉ်သီး၊ အာလူး စသည့် အခြေခံစားကုန်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ထိထိရောက်ရောက်

## သိုက်စိုးထွန်း(နတ်ရွာ)

**တစ်ခါတုန်းက သမုဒ္ဒရာတစ်ခုရဲ့ကမ်းစပ်မှာ လူတွေက နဂါးတွေကို ပူဇော်တယ်။ နဂါးစာကျွေးတယ်လို့လည်း ပြောနိုင်မှာပေါ့။ နို့တွေ၊ အသားငါးတွေအပြင် သေရည်တွေလည်းပါသတဲ့။ ဒါကိုမြင်တဲ့ ကျီးဖို၊ ကျီးမ စုံတွဲက နဂါးစာကျွေးထားတဲ့ အစားအသောက်တွေကို တစ်ဝကြီး စားကြသောက်ကြတာပေါ့။ စားသောက်တဲ့အထဲမှာ သေရည်တွေလည်းပါတော့ မူးမူးနဲ့ ဆော့ကစားဖို့၊ ရေချိုးဖို့လုပ်နေတုန်းမှာ ကျီးမက လှိုင်းထဲပါသွားပြီး ငါးကြီးတစ်ကောင်က ဟပ်သွားရောတဲ့။ ကျီးမ သေတော့ ကျီးဖိုကငို၊ ကျီးဖိုငိုသံကြားတော့ တခြားကျီးတွေက အုပ်လိုက်ကြီးရောက်လာ၊ ကျီးတွေရဲ့ထုံးစံအတိုင်း အိုးအိုးအာအာ ဆူဆူညံညံအသံတွေဟစ်ကြပြီး အစည်းအဝေးလုပ်ကြသတဲ့။ အစည်းအဝေး ဆုံးဖြတ်ချက်အရ ကိုယ်တတ်နိုင်တဲ့နည်းနဲ့ လုပ်ရမှာပဲဆိုပြီး ကျီးမကို ပြန်ဆယ်ဖို့အတွက် သမုဒ္ဒရာရေတွေကိုခပ်ထုတ်ဖို့ ပြင်ကြသတဲ့။ နှုတ်သီးနဲ့ ရေအပြည့်ငုံ၊ တခြားနေရာသွား၊ ထွေးချ၊ ပြန်လာ၊ ပြန်ငုံ၊ ပျံသွား၊ ပြန်ထွေး။ သမုဒ္ဒရာခန်းခြောက်စေရေး စီမံချက်ကြီးအောက်မှာ ကျီးတစ်အုပ် အာခေါင်တွေခြောက်၊ မေးတွေညောင်း၊ မျက်စိတွေနီ။ သမုဒ္ဒရာကိုပြန်ကြည့်ပြန်တော့ အရာတောင်မယွင်းဘဲဖြစ်နေရော။ မတတ်နိုင်တဲ့အဆုံးမှာတော့ “ငါတို့ကျီးမလေး ဟောဒီသမုဒ္ဒရာသူခိုးကြောင့် သေရပါပြီ”ဆိုပြီး ငိုင်းအာကြသတဲ့။ ကျီးတွေရဲ့အဖြစ်ကို ကြည့်ပြီး မနေနိုင်တော့တဲ့ သမုဒ္ဒရာစောင့်နတ်က ခြောက်လှန့်လွှတ်လိုက်ရသတဲ့။ (ကကဏ္ဍကဝဂ်၊ သမုဒ္ဒကာကဇာတ်)**

ဒီကျီးတွေထဲမှာ သမုဒ္ဒရာရေတွေကို နှုတ်သီးနဲ့ခပ်ထုတ်မယ့် အစီအစဉ်ကတော့ ဘယ်လိုမှထိရောက်မှုမရှိနိုင်ဘူးဆိုတာကို အစောကြီးကတည်းက ကြိုသိနေတဲ့ ကျီးတစ်ကောင်တလေ ပါချင်ပါမှာပါပဲ။ သိနေတဲ့ကျီးက သူ့ကျီးအုပ်ကြားမှာ ဩဇာမညောင်းလို့ မပြောဝံ့တာလည်း ဖြစ်ချင်ဖြစ်မှာပါပဲ။ ဒါမှမဟုတ် သူပြောလိုက်လို့ အများဖြစ်သလို မဖြစ်ရကောင်းလားဆိုပြီး ဝိုင်းအာမယ့်ဒဏ်ကို မခံဝံ့လို့ ရေငုံရမယ့် အလုပ်ကိုသာ အသာလေးကျိတ်လုပ်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မှာပါပဲ။ ဒါမှမဟုတ် သမုဒ္ဒရာခန်းခြောက်စေရေးအစီအမံက ဘယ်လိုမှ မထိရောက်နိုင်ဘူးဆိုတာကို ဘယ်ကျီးမှ ကြိုမသိနိုင်ခဲ့ကြတာလည်း ဖြစ်ချင် ဖြစ်မှာပါပဲ။

### သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသူတွေ

သမုဒ္ဒရာရေကို ကုန်အောင်ခပ်ထုတ်ဖို့ကြိုးစားကြတဲ့ ကျီးတွေရဲ့ အဖြစ်က ပြုံးစရာဖြစ်ပေမယ့် လူ့လောကနယ်ပယ်မှာလည်း ထိထိရောက်ရောက်မဖြစ်နိုင်တာကို သိနေပါလျက်နဲ့ ငါ့ဘက်ကတော့ တာဝန်ကျေခဲ့တာပဲလေဆိုတဲ့ စတိသဘော တာဝန်ကျေမှုကို ပြချင်တာနဲ့ သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသူတွေ ရှိနေတုန်းပါပဲ။ အလုပ်တစ်ခုလုပ်တဲ့အခါ ထိရောက်မှုရှိဖို့လိုပါတယ်။ တွန်းလိုက်ရင် ရွေ့သွားရမယ်။ ချိုးလိုက်ရင် ကျိုးသွားရမယ်။ မရွေ့မှန်းသိနေရင် ဘာကြောင့် အားအကုန်ခံပြီး တွန်းနေမလဲ။ မကျိုးမှန်းသိပြီးသားဆိုရင် ဘာ့ကြောင့် ချိုးကြည့်ဖို့ ကြိုးစားနေမလဲ။ “ငါလည်း တတ်နိုင်သလောက်တော့ တွန်းနေတာပဲ၊ မရွေ့တာတော့ ဘယ်တတ်နိုင်မလဲ”ဆိုတာမျိုးနဲ့ စစ်မရောက်ခင် မြားကုန်နေဖို့တော့ မသင့်ပါ။

ထိရောက်မှုမရှိခြင်းမှာ အကြောင်းတရားတွေ အများကြီးရှိပါတယ်။

### ပြင်းပြထက်သန်တဲ့ဆန္ဒ

အလုပ်တစ်ခုကို လုပ်တော့မယ်၊ ဦးတည်ချက်တစ်ခုဆီ အရောက်လှမ်းတော့မယ်ဆိုရင် ပြင်းပြထက်သန်တဲ့ဆန္ဒပါနေမှ ဖြစ်မှာပါ။ အထူးသဖြင့် အသင်းအပင်း၊ အဖွဲ့အစည်းလိုက် လုပ်ကြကိုင်ကြရတဲ့အခါမျိုးမှာ အဖွဲ့ရဲ့ဦးတည်ချက်ဆီကို အရောက်လှမ်းလိုတဲ့ဆန္ဒတွေ အဖွဲ့အစည်းဝင်တိုင်း၊ အသင်းဝင်တိုင်းမှာ ပြင်းပြင်းပြပြ ထက်ထက်သန်သန် ရှိနေကြရမှာပါ။ ဒီလို ပြင်းပြထက်သန်နေဖို့ဆိုတာကလည်း ကိုယ့်အဖွဲ့အစည်းက ဘာအဖွဲ့အစည်းလဲ၊ ဘာအတွက် ဖွဲ့စည်းထားတာလဲ၊ ရည်မှန်းချက်က ဘာလဲ၊ ဦးတည်ချက်က ဘာလဲ၊ မူဝါဒက ဘယ်လိုလဲ၊ မူတွေကိုဖော်ဆောင်မယ့် နည်းနာနိဿယတွေက ဘယ်လိုတွေလဲ၊ ဒီရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေကိုဖော်ဆောင်လိုက်ရင် ဘယ်လိုအကျိုးတွေရမလဲ၊ ရလာတဲ့အကျိုးကို ဘယ်သူတွေခံစားရမလဲ ဆိုတာမျိုးတွေကို ရှင်းရှင်းလင်းလင်း သိမြင်ထားဖို့ လိုမှာပါ။ သိထား မြင်ထားမှလည်း သက်ဆိုင်ရာပန်းတိုင်ကို အရောက်လှမ်းလိုတဲ့ဆန္ဒတွေ ဖြစ်ပေါ်လာမှာပါ။ ပြင်းပြထက်သန်တဲ့ဆန္ဒတွေ မပါဘဲ ဟိုလူခိုင်းလို့သာ လုပ်နေရတယ်၊ ဒီလူခိုင်းလို့သာလုပ်နေရတယ်ဆိုတဲ့ပုံမျိုး ခင်းနေရင်တော့ ဝေဝေဝါးဝါးတွေဖြစ်ပြီး လျှောက်ရမယ့်ခရီးက ရှည်လျားထွေပြားနေဦးမှာပါပဲ။ ထိထိရောက်ရောက်ဆိုတဲ့အနေအထားကို ရောက်နိုင်မှာမဟုတ်သေးပါဘူး။

ဆန္ဒရှိနေရုံနဲ့လည်း မရသေးဘူး။ လုံလောက်တဲ့ ကြိုးစားအားထုတ်မှု လိုပါသေးသတဲ့။ ကျောင်းသားတွေကိုမေးကြည့်ရင်တော့ တော်တော်များများက ဂုဏ်ထူးတွေတသီကြီးနဲ့အောင်ချင်တယ်လို့သာ ဖြေကြမှာပါပဲ။ ဒါက သူတို့ဆန္ဒ။ ဒါပေမယ့် စာကျတော့ ကြည့်သလားဆိုတော့ ဟုတ်တိပတ်တိ မကြည့်တဲ့သူက ခပ်များများ။ တော်ရိလျော်ရိနဲ့သာ စခန်းသွားတတ်ကြတာမျိုး။

### မှန်ကန်တဲ့ဝီရိယ

ဝီရိယထားရမှာ။ ဝါယမစိုက်ရမှာ။ အစောကြီးထပြီး နောက်ကျမှ အိပ်တာမျိုးကိုသာ မှန်ကန်တဲ့ဝီရိယလို့ မမှတ်ယူစေချင်ပါ။ လုပ်ရမယ့် အခြေအနေ အချိန်အခါမှာ လုပ်သင့်တာထက်မလျှော့ဘဲ အင်ပြည့်အားပြည့်နဲ့ လုပ်ကိုင်ဆောင်ရွက်တာကို မှန်ကန်တဲ့ဝီရိယလို့ ပြောနိုင်မှာပါ။ အရိုးကြေကြေ၊ အရေခန်းခန်းဆိုတာမျိုးအထိ ဝီရိယစိုက်နိုင်ဖို့ ခက်ပေမယ့် ထိုက်သင့်တဲ့အနေအထားမျိုးအထိတော့ ကြိုးစား အားထုတ်မှ လိုရာခရီးကိုရောက်မှာပါ။ ထိထိရောက်ရောက်ဖြစ်ဖို့ဆိုရင်တော့ ပေါ့ပေါ့လျော့လျော့လောက်နဲ့ အဆင်ပြေမှာမဟုတ်ပါဘူး။

> **ထိထိရောက်ရောက်မဖြစ်နိုင်တာကို သိနေပါလျက်နဲ့ ငါ့ဘက်ကတော့ တာဝန်ကျေခဲ့တာပဲလေဆိုတဲ့ စတိသဘော တာဝန်ကျေမှုကို ပြချင်တာနဲ့ သက်ငယ်ချောင်းနဲ့ ခေါင်းလောင်းထိုးသူတွေ ရှိနေကြတုန်းပါပဲ။ အလုပ်တစ်ခုလုပ်တဲ့အခါ ထိရောက်မှုရှိဖို့လိုပါတယ်။ တွန်းလိုက်ရင် ရွေ့သွားရမယ်။ ချိုးလိုက်ရင် ကျိုးသွားရမယ်။ မရွေ့မှန်းသိနေရင် ဘာကြောင့် အားအကုန်ခံပြီး တွန်းနေမလဲ။ မကျိုးမှန်းသိပြီးသားဆိုရင် ဘာ့ကြောင့် ချိုးကြည့်ဖို့ကြိုးစားနေမလဲ။ “ငါလည်း တတ်နိုင်သလောက်တော့ တွန်းနေတာပဲ၊ မရွေ့တာတော့ ဘယ်တတ်နိုင်မလဲ”ဆိုတာမျိုးနဲ့ စစ်မရောက်ခင် မြားကုန်နေဖို့တော့ မသင့်ပါ**

ဒီဘက်ကမ်းကနေ ဟိုဘက်ကမ်းကို ခုန်ဖို့လိုနေတယ်။ ကြားမှာက အလွန်အင်မတန်နက်တဲ့ ချောက်ကြီး။ ခုန်မယ်ဆိုရင်တော့ လွတ်အောင် ခုန်ပေတော့။ ဝီရိယကို သေချာတင်းပေတော့။ သေသေချာချာ အားမစိုက်ဘဲခုန်လိုက်လို့ ချောက်ထဲပြုတ်ကျရင်တော့ အကျိုး၊ အကန်းနဲ့ အသေ တစ်ခုခုရွေးရုံ ရှိတော့တာပေါ့။ တချို့ကိစ္စတွေမှာ ဝီရိယလျှော့လိုက်တာက သေတာထက်တောင်ဆိုးတဲ့ရလဒ်တွေ ဖြစ်သွားစေနိုင်တယ်ဆိုတာကို သတိပြုကြရမှာပါ။

“ကိုယ်လည်း တတ်နိုင်သလောက်တော့ လုပ်နေတာပဲ၊ မထိရောက်တာတော့ ဘယ်တတ်နိုင်မလဲ” ဆိုသူတွေဟာ ချောက်ကိုခုန်ကူးတဲ့ ဥပမာကို သတိမူသင့်ပါတယ်။ မခုန်ဝံ့ရင်၊ မခုန်နိုင်ရင် လုံးလုံးလျားလျား မခုန်ဘဲနေလိုက်တာက သိပ်ပြဿနာမရှိပါဘူး။ ခုန်တော့မယ်လို့ စိတ်ပိုင်းဖြတ်ပြီးရင် လွတ်အောင်၊ ရောက်အောင် ခုန်ပေတော့။

### စိတ်ရောကိုယ်ပါ နှစ်မြှုပ်နိုင်မှ

စိတ်ပါလက်ပါလုပ်ဖို့လည်း လိုသေးသတဲ့။ ကြည့်လိုက်တာနဲ့ အသိသာကြီးပါ။ စိတ်မပါလက်မပါ လုပ်နေသလား၊ တကယ့်ကို ထဲထဲဝင်ဝင် စိတ်ရောကိုယ်ပါနှစ်မြှုပ်ပြီး လုပ်ကိုင်နေသလား။ ကိုယ်ဆောင်ရွက်ရမယ့်အလုပ်ရဲ့ ကြီးမားလေးနက်မှု အတိမ်အနက်အပေါ် မူတည်ပြီး စိတ်ကို သေသေချာချာနှစ်ထားဖို့ လိုပါတယ်။ စားလည်းဒီစိတ်၊ သွားလည်းဒီစိတ်ဆိုတာမျိုးနဲ့ အာရုံစိုက်ထားမှ ဘယ်နေရာမှာ ဘယ်လိုလေး ပြုပြင်လိုက်ရင် ကောင်းမလဲ၊ ဘယ်ဟာလေးတော့ ဘယ်လိုလေး ဖြည့်စွက်လိုက်ရင် ပိုပြီးအဆင်ပြေမယ်ဆိုတဲ့ အကြံဉာဏ်မျိုး ထွက်လာတတ်တာပါ။ လုပ်တော့လုပ်နေတယ်၊ စိတ်က မပါတပါဆိုရင် အောင်မြင်မှုဆီကို ရောက်ဖို့ကလည်း မရေမရာဖြစ်နေမှာပါပဲ။ အလုပ်ထဲမှာ စိတ်တော့ နှစ်ထားတာပဲဆိုပြီး လက်တွေ့မှာ စိတ်က ဟိုရောက်လိုက် ဒီရောက်လိုက်၊ ဒီဟာလေးလုပ်မယ်ဆိုတော့ ဟိုအကြောင်းတွေးမိလိုက်၊ ဟိုဟာလေးလုပ်မယ်ဆိုပြန်တော့ နောက်တစ်ခုအကြောင်းတွေးမိလိုက်နဲ့ ဂနာမငြိမ်ဖြစ်နေရင်၊ အာရုံစူးစိုက်မှုမကောင်းရင်လည်း အဆင်ပြေမှာမဟုတ်ပါဘူး။ ထိထိရောက်ရောက် လုပ်နိုင်မှာမဟုတ်သေးပါဘူး။ တစ်ချောင်းတည်းသောစိတ်၊ သန့်စင်တဲ့စိတ်၊ မဝေဝါးတဲ့စိတ်၊ နှစ်ထားတဲ့စိတ် လိုပါတယ်။

### ပညာ

အရေးအကြီးဆုံးကတော့ ပညာပါတဲ့။ ပညာမပါရင် ဦးတည်ချက်လည်း ကောင်းကောင်းချခဲ့နိုင်မှာ မဟုတ်ပါဘူး။ ဦးတည်ချက်ကို ဖော်ဆောင်မယ့် နည်းနာနိဿယတွေကိုလည်း ကောင်းကောင်း သတ်မှတ်နိုင်မှာမဟုတ်ပါဘူး။ ဒါဆိုရင် သွားရတဲ့ခရီးကလည်း ကောင်းကောင်းတွင်တော့မှာမဟုတ်ပါဘူး။ သမုဒ္ဒကာကဇာတ်လာ ကျီးတွေကို ကြည့်လိုက်ရင် ကျီးမကိုကယ်လိုတဲ့ဆန္ဒလည်း ရှိတယ်၊ သမုဒ္ဒရာရေခန်းအောင် နှုတ်သီးနဲ့ ရေခပ်ထုတ်မှုဆိုတဲ့ ကြိုးစားအားထုတ်မှုလည်းရှိတယ်၊ ဒီအလုပ်အပေါ်မှာ နှစ်မြှုပ်ထားတဲ့စိတ်လည်း ရှိကြတယ်။ မရှိတာက ဉာဏ်ပညာပဲ။ မဟာသမုဒ္ဒရာထဲကရေတွေကို နှုတ်သီးတွေနဲ့ ခပ်ထုတ်လိုက်ရင် ကုန်သွားနိုင်မလား၊ အချည်းနှီးဖြစ်မလားဆိုတာကို ခွဲခြားနိုင်တဲ့ဉာဏ်ပညာ မရှိဘူး။ ဒီအတွက် သူတို့ကြိုးစားမှုက သဲထဲရေသွန် ဖြစ်သွားရတာ။

ပန်းချီကားတစ်ချပ် ဆွဲမယ်ဆိုရင်တော့ ပန်းချီပညာ၊ ပန်းပုရုပ်တစ်ခုထုတော့ ပန်းပုပညာ၊ ရွှေထည်တစ်ခုဖန်တီးတော့ ပန်းထိမ်ပညာ၊ ဘာအလုပ်ပဲဖြစ်ဖြစ် သူ့ပညာနဲ့သူ လိုနေမှာပါပဲ။ ပန်းချီကားတစ်ချပ် ဖန်တီးချင်တယ်၊ ပန်းချီပညာ မတတ်ဘူး၊ ဝါသနာတော့ပါတယ်။ ဒါဆိုရင် နီးစပ်ပါသေးတယ်။ လေ့လာရမှာပေါ့။ ပန်းချီပညာရှင်တစ်ယောက်ဆီ ချဉ်းကပ်ပြီး လေ့လာဆည်းပူးရမှာပေါ့။ လေ့ကျင့်ရင်း၊ သင်ယူရင်းနဲ့ တဖြည်းဖြည်းတော့ ကိုယ်မျှော်လင့်ထားတဲ့အတိုင်း လက်ရာမြောက်ပန်းချီကားတွေ ရေးနိုင်မှာပေါ့။

ပညာလိုအပ်ချက်ရှိနေသရွေ့ ဦးတည်ရာလမ်းကြောင်းကိုလျှောက်လှမ်းရာမှာ လုပ်နည်းလုပ်ဟန်တွေ လွဲနေဦးမယ်၊ လုပ်နည်းလုပ်ဟန်တွေ လွဲနေသရွေ့ ပန်းတိုင်နဲ့ ကြာလေဝေးလေ ဖြစ်နေဦးမယ်။

### အချိန်ကာလ

တစ်ခုရှိတာက အချိန်ကာလပါ။ ဘယ်ပညာမဆို လေ့လာသင်ယူလို့ရတာမှန်ပေမယ့် ကိုယ်လုပ်ရမယ့်အလုပ်ရဲ့ အလျင်စလိုရှိမှု၊ မရှိမှုအပေါ် မူတည်ပြီး ကိုယ်ကိုယ်တိုင် ထလုပ်ရမလား၊ ကျွမ်းကျင်သူတစ်ဦးတစ်ယောက်၊ တစ်စုတစ်ဖွဲ့ကို လွှဲအပ်ပြီး ဆောင်ရွက်ရမလားဆိုတာကို ဆုံးဖြတ်ရမှာပါ။ ကိုယ့်ရှေ့ကလူကို မြွေကကိုက်လိုက်ပြီ၊ အဆိပ်ပြင်းတဲ့မြွေဆိုတာလည်း မြင်တာနဲ့သိပြီ။ အကိုက်ခံရတာက ကိုယ့်လူဆိုပါတော့။ ကိုယ့်လူကို ကိုယ်တိုင်ကိုယ်ကျပဲ ကယ်တင်ချင်တယ်၊ သူများကယ်တင်ပေးတာ ကုသပေးတာ လက်မခံချင်ဘူးဆိုပြီး ဆေးပညာကို

*စာမျက်နှာ ၂၆ သို့*

# ချင်းပြည်နယ် တီးတိန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို CDF အကြမ်းဖက်သောင်းကျန်းသူများက ပစ်ခတ်တိုက်ခိုက်ကာ ဘဏ်အတွင်းရှိငွေများ လုယက်ယူဆောင်

နေပြည်တော် ဩဂုတ် ၂၅

**ချင်းပြည်နယ် တီးတိန်မြို့ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို CDF အကြမ်းဖက်သောင်းကျန်းသူများက အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦး ကျဆုံးကာ ၎င်းတို့ကိုင်ဆောင်သော လက်နက်ငယ်အချို့နှင့် ဘဏ်အတွင်းရှိ ငွေများ လုယက်ယူဆောင်သွားကြောင်း သိရသည်။**

**အနီးကပ်ပစ်ခတ်**

ဖြစ်စဉ်မှာ ယနေ့တွင် တီးတိန်မြို့ မြို့မရပ်ကွက်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ လုံခြုံရေး တပ်ဖွဲ့ဝင် သုံးဦး ဘဏ်လုံခြုံရေး ဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် CDF အကြမ်းဖက် သောင်းကျန်းသူများက ဘဏ်တွင် ငွေလာရောက် ထုတ်ယူသည့် သာမန်ငွေထုတ်သူ အသွင်ဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအနီး ချဉ်းကပ်ကာ ပစ္စတိုသေနတ်များဖြင့် အနီးကပ် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးသည် ကျည်ထိမှန် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် ကျဆုံးခဲ့သည်။



သိမ်းဆည်းရမိသည့် ကျည်ခွံများ။

ထို့နောက် အကြမ်းဖက် သောင်းကျန်းသူများ သည် သေနတ်များပစ်ဖောက်၍ အသံပေး ခြောက်လှန့်ကာ ဘဏ်အတွင်းသို့ ဝင်ရောက်ပြီး ဘဏ်အတွင်းရှိ ရုံးလုပ်ငန်းသုံးပစ္စည်းများကို ရိုက်ခွဲဖျက်ဆီးကာ ကွန်ပျူတာနှင့် CCTV များကို သေနတ်ဖြင့် ပစ်ခတ်ဖျက်ဆီး၍ ဘဏ်ငွေထုတ်ကောင်တာရှိအများပြည်သူများနှင့် ပင်စင်စား မိဘပြည်သူများကို ငွေထုတ်ပေးရန် အသင့်ပြင်ဆင်ထားရှိသည့် နိုင်ငံတော်ပိုင်ငွေကျပ် ၃၈၈ သိန်းကျော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သည့် လက်နက်ငယ်အချို့အား လုယက်ယူဆောင်ကာ ဘဏ်အတွင်းမှ ပြန်လည်ထွက်ပြေးသွားခဲ့သည်။



တီးတိန်မြို့ မြန်မာ့စီးပွားရေးဘဏ်။

**ပိတ်ဆို့ရှာဖွေစစ်ဆေး**

ထိုကဲ့သို့ လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ကာ ဘဏ်အတွင်းရှိ နိုင်ငံတော်ပိုင်ငွေများ လုယက်ယူဆောင်သွားသည့် CDF အကြမ်းဖက် သောင်းကျန်းသူများကို ဖမ်းဆီးရမိနိုင်ရေး လိုအပ်သော ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်အတွင်း ဖျက်ဆီးဝင်ရောက်ကာ အိမ်သားများကို အကြမ်းဖက်တိုက်ခိုက်၍ ရွှေထည်ပစ္စည်းများ လုယက်

နေပြည်တော် ဩဂုတ် ၂၅

**စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်အတွင်းသို့ ဖျက်ဆီးဝင်ရောက်ကာ အိမ်အတွင်း အိပ်ပျော်နေသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို ဓားဖြင့်ထိုးကာ အမျိုးသမီးဝတ်ဆင်ထားသော ရွှေလက်ကောက် ငါးကွင်း လုယက်ယူဆောင်သွားကြောင်း သိရသည်။**



(ဝဲမှယာ) ဒေါ်မြမြသန်း၊ ကျော်ခိုင်ဝင်း (ဒဏ်ရာရ)

ဖြစ်စဉ်မှာ ဩဂုတ် ၂၄ ရက် ည ၁၁ နာရီခွဲတွင် ကလေးမြို့ အောင်သစ္စာရပ်ကွက်နေ ဦးကံမြင့် (၄၅) နှစ်၊ (ဘ) ဦးဝင်းမောင်သည် မိသားစု နှင့်အတူ နေအိမ်၌ အိပ်ပျော်နေစဉ် နေအိမ်ရှေ့ ခြံဝင်းတံခါး အပြင်ဘက်မှ အကြမ်းဖက်သူ အမျိုးသား ခုနစ်ဦးက ခြံဝင်းတံခါး ဖွင့်ပေးရန် အော်ဟစ်နေသဖြင့် ဦးကံမြင့်နှင့် ၎င်း၏သားဖြစ်သူ မောင်အောင်ချမ်းငြိမ်းတို့ နှစ်ဦးက သွားရောက်ကြည့်ရှုချိန်တွင် အဆိုပါ အမျိုးသား ခုနစ်ဦးအနက် အကြမ်းဖက်သူ အမျိုးသား သုံးဦးမှာ တူမီးသေနတ်များကိုယ်စီဖြင့် ခြံဝင်းတံခါးကို ကျော်တက်ဝင်ရောက်လာကာ နေအိမ်တံခါးအား ထပ်မံဖျက်ဆီးနေသည်ကို တွေ့မြင်ရသဖြင့် ဦးကံမြင့်သည် ၎င်း၏သားဖြစ်သူ မောင်အောင်ချမ်းငြိမ်းကို ခေါ်ဆောင်ကာ အသက်အန္တရာယ်ကို စိုးရိမ်ရသဖြင့် နေအိမ်အတွင်း အိပ်ပျော်နေသည့် ကျန်မိသားစုဝင်များအား နှိုးယူနိုင်ခြင်းမရှိဘဲ နေအိမ်အနောက်ဘက် ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရသည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူများသည် နေအိမ်တံခါး ဖျက်ဆီး၍ အိမ်အတွင်း ဝင်ရောက်လာပြီး နေအိမ်ရှေ့ခန်း၌ အိပ်ပျော်နေသည့် ဦးကံမြင့်၏သားဖြစ်သူ မောင်ကျော်ခိုင်ဝင်း (၁၈) နှစ်နှင့် နေအိမ်အိပ်ခန်းအတွင်း အိပ်ပျော်နေသည့် ဦးကံမြင့်၏ ဇနီးဖြစ်သူ ဒေါ်မြမြသန်း (၄၅) နှစ်တို့ကို ဓားများဖြင့်ထိုးကာ အော်ဟစ်ပြောဆိုခြိမ်းခြောက်ပြီး ဒေါ်မြမြသန်း ဝတ်ဆင်ထားသည့် ရွှေလက်ကောက် ငါးကွင်းကို အဓမ္မဆွဲချွတ် လုယက်ယူဆောင်ကာ နေအိမ်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။

ထိုကဲ့သို့ အကြမ်းဖက်သူများ၏ ဓားဖြင့်ထိုးနှက်တိုက်ခိုက်ခဲ့မှုကြောင့် မောင်ကျော်ခိုင်ဝင်း၏ လည်ပင်းနှင့် ဝမ်းဗိုက်တို့တွင်လည်းကောင်း၊ ဒေါ်မြမြသန်း၏ ဝမ်းဗိုက်တွင်လည်းကောင်း ထိုးသွင်းဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုပေးလျက်ရှိပြီး အကြမ်းဖက် လုယက်မှုကျူးလွန်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီးအတွင်း တပ်မတော်အရာရှိဟန်ဆောင်ကာ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးကောက်ခံရယူသူကို ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၅

NUG၊ CRPH အဖွဲ့တို့ကို ထောက်ခံအားပေးသည့် အကြမ်းဖက်သူများ အနေဖြင့် ကိုဗစ်-၁၉ ကူးစက် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစဉ်များကို ပျက်ပြားစေရန် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပုံရိပ်ပျက်ပြားစေရန် နည်းမျိုးစုံ အသုံးပြုကာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် တပ်မတော်အရာရှိတစ်ဦးအဖြစ် ဟန်ဆောင်ကာ မန္တလေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကြေးများ အကြောင်းအမျိုးမျိုးပြကာ တောင်းခံနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသွင်ယူစောင့်ဆိုင်းကာ ချမ်းအေးသာစံမြို့နယ် ၃၃ လမ်း၊ ၈၅ လမ်းနှင့် ၈၆ လမ်းကြားတွင် ထက်ဝေဖြိုး (ခ)ကိုထက် (၃၀) နှစ်၊ (ဘ) ဦးစိုးဝင်း၊ ၈၆ လမ်း၊ ၄၂ လမ်းထောင့်၊ သံလျက်မှော် အနောက်ရပ်ကွက် မဟာအောင်မြေမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ၏ ထွက်ဆိုချက်များအရ ဖေဖော်ဝါရီလလယ်ခန့်မှစ၍ တပ်မ(၉၉)မှ ဗိုလ်မှူး ဇော်လင်းထွန်း ဟု အမည်နာမသုံးကာ မဟာအောင်မြေမြို့နယ်၊ "အောင်မိတ်ဆက်" ဆန်ဆိုင်၊ "ရွှေထိုက်" ဆန်ဆိုင်၊ "ချမ်းချမ်း"ကုန်စုံဆိုင်၊ "ဖိုးလုံး" ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်၊ "ရွှေသီး" ကုန်မာဆိုင်၊ "စိန်ဝင်းဝင်း"လက်ဖက်ရည်ဆိုင်၊ "မိုးမိုးကျော်" သကြားဆိုင်တို့ကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့ နယ် "တျန်တင်" စတိုးဆိုင်၊ "ငွေလမင်း" ဆန်ဆိုင်နှင့် "ဂြိုလ်တု" စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်တို့ကိုလည်းကောင်း လိမ်လည်၍ ငွေတောင်းခံခဲ့ကြောင်း သိရသည်။

ယခုနောက်ဆုံးအကြိမ်တွင် ချမ်းအေးသာစံမြို့ နယ်ရှိ "ရွှေပြည်မိုး" စိုက်ပျိုးရေးပစ္စည်း အရောင်းဆိုင်ကို ဩဂုတ် ၂၂ ရက် ညနေပိုင်းက ဖုန်းဖြင့်ဆက်သွယ်ကာ ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခဲ့ပြီး အဆိုပါ ငွေများ သွားရောက်ယူဆောင်စဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် ငွေကြေးလိမ်လည်ကောက်ခံမှုများတွင် စုစုပေါင်း ငွေကျပ် သိန်း ၁၁၀ ခန့်ရရှိခဲ့ပြီး အဆိုပါ ငွေများကို လောင်းကစားပြုလုပ်ရာတွင် အသုံးပြုခဲ့ကြောင်း သိရှိရသည်။

အထက်ပါ ဖမ်းဆီးရမိသူကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ခရီးသည်များ အဆင်ပြေရေး ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲပို့ဆောင်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၅

**ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ဧရာဝတီ တိုင်းဒေသကြီးအခြေပြု ပြေးဆွဲပေးနေသော အဝေးပြေးယာဉ်လိုင်းများနှင့် ရန်ကုန်တိုင်းဒေသကြီး အခြေပြုပြေးဆွဲပေးနေသော ယာဉ်လိုင်းများအနေဖြင့် အနယ်နယ်အရပ်ရပ်မှ ခရီးသွားမိဘပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ယာဉ်လိုင်းများ ပုံမှန် ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိကြောင်း ယနေ့နံနက်က ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ဒလမြို့နယ်ရုံးခွဲမှ သိရသည်။**

### နေ့စဉ်ပုံမှန်ပြေးဆွဲ

ထိုသို့ ပြေးဆွဲပေးရာတွင် ဧရာဝတီတိုင်းဒေသကြီး အခြေပြု ပြေးဆွဲပေးနေသော (ဒေးဒရဲ-ဒလ) ရွှေမြန်မာ ယာဉ်လိုင်း၊ (မအူပင်-ဒလ) ယာဉ်လိုင်းများဖြစ်သည့် ပန်းရိုးမ၊ ကောင်းထက်သူ/ရွှေလမင်း၊ တိုးရော၊ မြစ်ရောကျော်နှင့် (ဖျာပုံ-ဒလ) ယာဉ်လိုင်းများဖြစ်သည့် ရာသက်ပန်၊ အောင်စစ်သည် စသည့်အဝေးပြေး ယာဉ်လိုင်း ခုနစ်လိုင်းအနေဖြင့် နေ့စဉ် ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီးအခြေပြု၍ ပြေးဆွဲပေးနေသော ယာဉ်လိုင်းများအနေဖြင့် ထက်အောင်ကျော် (ဒလ-ဖျာပုံ) ခရီးစဉ်၊ ပိုင်ရော (ဒလ-ကျိုက်လတ်) ခရီးစဉ်၊ ရွှေသူဌေး (ဒလ-ဖျာပုံ) ခရီးစဉ်၊ ထာဝရ (ဒလ-ဖျာပုံ) ခရီးစဉ်၊ ရွှေခြံသား (ဒလ-ဖျာပုံ) ခရီးစဉ် စသည့် ယာဉ်လိုင်း ငါးလိုင်းမှာ ခရီးသည်များ သွားလာရေး အဆင်ပြေစေရေးအတွက် နေ့စဉ် ပုံမှန်ပြေးဆွဲ ပို့ဆောင်ပေးလျက်ရှိကြောင်းသိရသည်။

ထို့အတူ ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း မြို့နယ်များနှင့် လှိုင်သာယာ မြို့နယ်တို့သို့ ပြေးဆွဲပေးနေသော YBS 47 (တွံတေး-လှိုင်သာယာ)၊ YBS 48 (တွံတေး-ဒလ)၊ YBS 49 (ကွမ်းခြံကုန်း-လှိုင်သာယာ)၊ YBS 50 (ကွမ်းခြံကုန်း-ဒလ) ယာဉ်များအနေဖြင့် နေ့စဉ် ကားလေးအစီးရေ ၁၂၀ ကျော်၊ မိုက်ခရိုဘတ်စ်ကား အစီးရေ ၁၂ စီးခန့် နေ့စဉ် ပြေးဆွဲပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားနေသော ကာလမှစတင်၍ ကားတစ်စီးလျှင် ခရီးသည် ငါးဦးနှုန်းဖြင့် နေ့စဉ်ခရီးသည် ၆၀၀ ကျော်ခန့် ပြေးဆွဲပို့ဆောင်ပေးလျက်ရှိကြောင်း (YRTC) ဒလမြို့နယ်ရုံးခွဲမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လက်ရှိအချိန်တွင် ဧရာဝတီတိုင်းဒေသကြီးအခြေပြု ပြေးဆွဲနေသော ယာဉ်လိုင်းများအနေဖြင့် တစ်ရက်ပျမ်းမျှ ခရီးသည် ၁၂၀ ကျော်နှင့် ရန်ကုန်တိုင်းအခြေပြု၍ ပြေးဆွဲပေးသော ယာဉ်လိုင်းများအနေဖြင့် ခရီးသည် ၆၀၀ ကျော် ပို့ဆောင်ပေးလျက်ရှိရာ ခရီးသည်များ အဆင်ပြေစေရေးအတွက် ယာဉ်များကို ပုံမှန်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

### ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိ

ဒလမြို့နယ် အဝေးပြေးကားဝင်း၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီး အခြေပြုပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၂၃ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၂၆၄ စီး ရှိကြောင်း သိရသည်။

နိုင်လင်းကျော်(IPRD)



ယနေ့နံနက်က ဒလမြို့နယ်အဝေးပြေးကားဝင်း၌ ခရီးသည်တင် မော်တော်ယာဉ်များကို တွေ့ရစဉ်။



# မိတ္ထီလာမြို့ခံများစုပေါင်း၍ စည်သူချောင်းကူးတံတားကို ပြန်လည်ပြုပြင်ပြီးစီး

မိတ္ထီလာ ဩဂုတ် ၂၅

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်မှ ပျက်စီးယိုယွင်းနေသော စည်သူချောင်းကူးတံတားကို ဒေသခံများစုပေါင်း၍ ပြန်လည်ပြုပြင်တည်ဆောက်ခဲ့ရာ ဩဂုတ် ၂၃ ရက်တွင် ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်အတွင်းရှိ နယ်မြေ(၁၁)၊ နယ်မြေ(၁၂)နှင့် နယ်မြေ(၁၃)တို့မှ ဒေသခံပြည်သူများ ဖြတ်သန်းသွားလျက်ရှိသော စည်သူချောင်းကူးတံတားကို ၂၀၁၀ ပြည့်နှစ်က သစ်သားတံတားအဖြစ် တည်ဆောက်ခဲ့ရာ အချိန်ကြာမြင့်လာသည်နှင့်အမျှ တံတားမှာ ယိုယွင်းပျက်စီးလာခဲ့၍ တံတားပေါ် ဖြတ်သန်းသွားလာရသူများ အန္တရာယ်ဖြစ်မည်စိုးရိမ်၍ အဆိုပါရပ်ကွက်အတွင်းနေပြည်သူများ စုပေါင်းကာ ဇူလိုင် ၁၉ ရက်မှ စ၍ အရှည် ၁၅ ပေ၊ အကျယ် ၁၁ ပေခွဲ၊ အမြင့် ခြောက်ပေရှိ သံကူကွန်ကရစ်တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါ တံတားပြုပြင်တည်ဆောက်မှုများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ အောင်ဇေယျာရပ်ကွက်အတွင်းမှ ဒေသခံပြည်သူများအနေဖြင့် အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# ကျိုင်းတုံမြို့၌ ဖျားနာလူနာ ကုသဆေးခန်း ဖွင့်လှစ်

ကျိုင်းတုံ ဩဂုတ် ၂၅

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့တွင် ဆေးရုံ ဆေးခန်းပြသရန် အခက်အခဲရှိသူများ အဆင်ပြေစေရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်နိုင်စေရန်အတွက် အခမဲ့ပြသနိုင်သည့် ဖျားနာလူနာကုသဆေးခန်းကို အမှတ်(၃) ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ယမန်နေ့က ဖွင့်လှစ်သည်။

အဆိုပါ ဆေးခန်းကို ကျိုင်းတုံခရိုင် ကိုဗစ်-၁၉ ရောဂါတားဆီးရေးနှင့် ရန်ပုံငွေ ရှာဖွေရေးကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံဆရာဝန်အသင်းခွဲ (ကျိုင်းတုံ) တို့မှ ဦးဆောင်ကာ စေတနာ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ အပတ်စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ဖွင့်လှစ်ထားရှိပေးမည်ဖြစ်သည်။

ကျိုင်းတုံမြို့နယ်အတွင်း ဖျားနာလူနာ ကုသ ဆေးခန်းကို ၂၀၂၀ ပြည့်နှစ် မေ ၁၄ ရက်တွင် စတင်ဖွင့်လှစ်ပေးခဲ့ပြီး ကျိုင်းတုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ နေ့စဉ်တွေ့ရှိလာရပြီး ရောဂါပိုးကူးစက်သူ မြင့်တက်လာသည့်အတွက် ဆေးရုံ၊ ဆေးခန်းပြသရန်အခက်အခဲရှိသူများ အဆင်ပြေစေရန်အတွက် ဩဂုတ် ၂၃ ရက်မှစ၍ အဆိုပါ ဆေးခန်းကို ဆက်လက်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

စိုင်းရွှေအောင်(ပြန်/ဆက်)

*စာမျက်နှာ ၂၄ မှ*

အခုချက်ချင်း ကောက်ကာငင်ကာထသင်နေလို့ မဖြစ်နိုင်ပါဘူး။ ကိုယ်က စလုံးရေစ ရှိသေး၊ ကိုယ့်လူက အသက်ထွက်သွားနိုင်ပါတယ်။

### သူ့နေရာနဲ့သူ

ဒါ့ကြောင့် ဘယ်ပညာမဆို သင်ရင်တတ်ပါတယ်ဆိုတဲ့စိတ်နဲ့ အရာရာကို ကိုယ်တိုင်သာဆောင်ရွက်ချင်တယ်ဆိုပြီး 'ပေတစ်ပင်လုံး ဘုန်းကြီးယပ်တောင်'လုပ်မယ့်အကြံမျိုးက နေရာတော်တော်များများနဲ့ မသင့်လျော်တာကို သတိချပ်ကြရမှာပါ။ သူ့ကဏ္ဍနဲ့ သူ၊ သူ့ အတတ်ပညာနဲ့သူ သပ်သပ်ရှိနေကြတယ်ဆိုတာကို အသိအမှတ်ပြုကြရမှာပါ။ သူ့ကဏ္ဍနဲ့သူ၊ သူ့နေရာနဲ့သူ ရှေ့တန်းတင်ပေးလိုက်ရင် ပြဿနာအတော်များများကို သိပ်အခက်အခဲမရှိဘဲ ထိထိရောက်ရောက် ဖြေရှင်းနိုင်ပါတယ်။

ပညာရပ်နယ်ပယ်အလိုက် သက်ဆိုင်ရာပညာရှင်တွေကို နေရာပေးတယ်။ ပညာရှင်က ပညာပြနေတာနဲ့ပဲ လိုရာခရီးကို မရောက်တော့ဘူးဆိုတာမျိုးလည်း ဖြစ်တတ်ပါသတဲ့။ ဒါဆိုရင် ပညာအစစ်အမှန် မဟုတ်လို့ပါတဲ့။ ဝီမံသဆိုတဲ့ ပညာမျိုးဆိုရင် ပညာကြောင့် အစွန်းရောက်ပြီး ဆိုးကျိုးထွက်လာတာမျိုး မဖြစ်နိုင်ပါဘူးတဲ့။ ပညာကြီးလေ ပိုကောင်းလေ၊ ပိုအကျိုးများလေပါပဲတဲ့။ ကိုယ့်ကိုယ်ကိုယ် ပညာရှင်ပါလို့ ခံယူထားရင်လည်း ကိုယ့်ပညာကိုအကြောင်းပြုပြီး ဘယ်သူတွေကို အခက်တွေ့အောင် ပညာပြနေမိပြီလဲဆိုတာကို သတိကျပ်ကျပ်ပြုပြီး ကိုယ့်ပညာ မှန်မြတ်သန့်စင်ရေးအတွက် ကိုယ့်စိတ်ကိုယ် ဆေးကြောသန့်စင်ကြရမှာပါ။

ဆန္ဒရှိတော့ရှိတယ်။ တော်ရုံတန်ရုံနဲ့တော့ ထိရောက်မှာ မဟုတ်ပါဘူး။ ဝီရိယ ရှိတော့ရှိတယ်။ တော်ရုံတန်ရုံနဲ့တော့ ထိရောက်မှာ မဟုတ်ပါဘူး။ စိတ်တော့ပါတယ်။ တော်ရုံတန်ရုံနဲ့တော့ ထိရောက်မှာ မဟုတ်ပါဘူး။ ပညာရှိတော့ရှိတယ်။ သာမန်ကာလျှံကာအသိမျိုးနဲ့တော့ ထိရောက်မှာ မဟုတ်ပါဘူး။

### အဖန်ဖန်အထပ်ထပ် သုံးသပ်နိုင်မှ

ပန်းတိုင်ဆီကိုတော့ ချီတက်နေကြတယ်။ ကိုယ်ချီတက်နေတဲ့ ပန်းတိုင်ဆီ၊ ဒါမှမဟုတ် ကိုယ့်အဖွဲ့အစည်းချီတက်နေတဲ့ ပန်းတိုင်ဆီကို ရောက်ဖို့ အတော်နီးလာပြီလား၊ အဝေးကြီးကျန်သေးသလားဆိုတာကို အခါအားလျော်စွာ ဆန်းစစ်သုံးသပ်မှုတွေ ပြုနေရမှာပါ။ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲဆိုတဲ့ စိတ်မျိုးနဲ့ ခရီးသွား သွားနေရင်တော့ ပုဂံက ဘယ်မှမပြေးပေမယ့် ပုဂံမရောက်ခင် ကိုယ်က အနိစ္စသဘောဆိုက်သွားနိုင်ခြေရှိနေတာကိုလည်း သတိပြုရမှာပါ။ ပုဂံဆီကို သွားနေတာတော့ မှန်တယ်။ ဒါပေမယ့် ပုဂံကို အချိန်မီရောက်ဖို့ လိုသေးတယ်လေ။

ကိုယ်တစ်ယောက်တည်းသွားရတဲ့ခရီးမျိုးကို နှင်နေရသူလား။ ဒါဆိုရင်လည်း ကိုယ့်မှာ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ဝီမံသ၊ ဒီ အဓိပတိ လေးပါးထဲက ဘယ်အရာတွေက ဘယ်အတိုင်းအတာအထိ ရှိနေပြီလဲဆိုတာကို အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ပြီး လိုအပ်တာတွေကို ပြုပြင်ရမှာပါ။ ဖြည့်စွက်ရမှာပါ။ အဖွဲ့အစည်းနဲ့နှင်ရတဲ့ခရီးရှည်မျိုးဆိုရင်တော့ ပိုပြီး သတိထားရမှာပါ။ ဘယ်နေရာမှာ ဘာတွေလိုနေသလဲ၊ ဘယ်လိုပြန်ဖြည့်ရင်ကောင်းမလဲ။

တွန်းလိုက်တယ်၊ ရွေ့ရဲ့လား။ မြားတွေပစ်လိုက်တယ်၊ ပစ်မှတ်ကို ထိမှန်ရဲ့လား။ သွားနေတယ်၊ ရောက်ရဲ့လား။ ရောက်ဖို့ အတော်နီးလာပြီလား။ ဝေလေလေ ဖြစ်နေတုန်းပဲလား။ အဖန်ဖန်အထပ်ထပ် သုံးသပ်နိုင်မှ တန်ကာကျတာမျိုးပါ။ အကြောင်းတွေကို ပေါ့ပေါ့လျော့လျော့ ဖန်တီးနေရင် အကျိုးတွေက ဆိုးဆိုးရွားရွား ဖြစ်လာတတ်ပါတယ်။ ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာ ဒီလေးဖြာပြည့်စုံနိုင်ပါမှ။

ရွှေ့အောင်တွန်းနိုင်ကြပါစေ။ ရောက်အောင်သွားနိုင်ကြပါစေ။ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြပါစေ။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးဆေးနှင့် ပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၂၅ ရက်၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီ ၂၆ ခုမှ Azeath ၄၂၀၅၃ ခု၊ Nuronem Injection ၂၂၀၀၊ Immurich Tablets ၁၁၀၀၀ ၊ Glarine Injection ၃၀၀၀၊ Nutrivit C Tablet ၄၂၆ ခု၊ Baricent Tablets ၄၀၄၄၀၊ Valprol-CR Tablets ၁၉၄၇၈ ခု၊ Calcogard Retard Tablets ၃၉၃၅၀ ၊ Enzystal Tablet ၅၄၀၀ ၊ Oxygen Concentrator ၂၅၉ ခု၊ Face Mask ၄၂၁၀၊ Automatic Machine For Individual Use တစ်ခု၊ Detection Kit ခု ၃၀၊ Gloves ၂၅ ခု၊ Oxygen Mask ၁၀ ခု၊ Nasal Cannula ငါးခု၊ Face Shield ၃၀၊ Oxygen Regulator ၁၀၀၊ Oxygen Concentrator Spare parts တစ်ခု၊ PPE အခု ၂၀၀၀၊ Humidifier Bottles ၅၀၊ Oximeter ၉၅၁ ခု၊ Thermometer တစ်ခု၊ ရန်ကုန်ဆိပ်ကမ်းများမှ PPE ၆၁၈၈၀ ၊ Oxygen Cylinder ၈၇၀ ၊ Oxygen Concentrator ၃၀ ၊ Oximeter အခု ၅၀၀၊ ဆေးဝါးမျိုးစုံ ၅၃ မျိုး (၁၇၁၂၁၈.၁၉၂ Kg) ၊ နယ်စပ်(ချင်းရွှေဟော်၊ တာချီလိတ်၊ ကော့သောင်း၊ မြဝတီ)တွင် ကုမ္ပဏီ ၂၄ ခုမှ Oxygen Cylinder ၃၉၂၀ ၊ Oxygen Concentrator ၂၄၉ ခု၊ Mask ၇၉၂၆၉ Kg၊ Liquid Oxygen ၁၄၉၂၇ m³၊ Liquid Oxygen ၆၀.၈၄ တန်၊ Flow meter ၂၈၆၀ ၊ PPE ၅၃၀၀ ၊ Oxygen Plant တစ်ခု၊ Oxygen Mask ၈၀၀၀ ၊ Oximeter ၃၀၀၀၀၊ Cannula ၅၀၀၊ Thermometer ၁၅၀၀၀၊ Enoxaparin Sodium Injection ၁၈၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# မူဆယ်နှင့် ပင်လောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၄ ရက် နံနက် ၁၁ နာရီခွဲတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် အိမ်အမှတ် ၂၄၈ နေ မဆိုင်းနန် (ခ) အားဟွေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်စတိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ဘိန်းဖြူ ၀ ဒသမ ၀၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၁)လမ်းတွင် လှမြင့် (ခ) ရန်ချောင်မြင့် မောင်းနှင်လာသည့် သုံးဘီးဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ မွန်းလွဲ ၁ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် မူဆယ်-နမ့်ခမ်းသွား ကားလမ်း စယ်လန့်ကျေးရွာအုပ်စု နောင်မိုကျေးရွာအနီးတွင် မကျန်းယုံကျီး မောင်းနှင်လာသည့် TOYOTA HILUX SURF အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၁၂၀၀၀ကိုလည်းကောင်း။

ဩဂုတ် ၂၄ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပင်လောင်းမြို့နယ် ပင်လောင်း-နေပြည်တော် သွားကားလမ်း လိန်းလီကြိုးတံတားအနီးတွင် မျိုးမင်းဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



မဆိုင်းနန်(ခ)အာဟွေ၊ လှမြင့်(ခ)ရန်ချောင်မြင့်နှင့် မကျန်းယုံကျီးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ဝိုင်းမော်မြို့နယ်၌ မိုးသည်းထန်စွာရွာမှုကြောင့် ကွန်ကရစ်တံတား ရေလယ်တိုင်နိမ့်ကျမှုဖြစ်

**ဝိုင်းမော် ဩဂုတ် ၂၅**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် မိုးသည်းထန်စွာရွာမှုကြောင့် ဩဂုတ် ၂၄ ရက် နံနက်ပိုင်းက သုံးလွှာတစ်ထပ်ကွန်ကရစ်တံတား ရေလယ်တိုင်နိမ့်ကျမှု ဖြစ်ပွားခဲ့သည်။

ဩဂုတ်လအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် နန့်မလိချောင်းရေကြီးမြင့်ပြီး ချောင်းရေတိုက်စားလာမှုကြောင့် ဝိုင်းမော်နှင့် ဆဒုံးသွားကားလမ်းဟောင်းပေါ်ရှိ ဖုန်တန်ကောင်ကျေးရွာအုပ်စု ဝူရာယန်ကျေးရွာအနီးရှိတံတား နိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါတံတားကို ၁၉၉၈ ခုနှစ်က တည်ဆောက်ထားပြီး အရှည်ပေ(၂၅၀x၁၂)၊ ၁၃ တန်ခံနိုင်ဝန်ရှိကာ ကားလေးတစ်စီးသာ ဖြတ်သန်းအသုံးပြုနိုင်သည့် သုံးလွှာတစ်ထပ် သံပေါင်ဘောလီကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။

လတ်တလောတွင် အဆိုပါတံတားမှာ ယာဉ်များ ဖြတ်သန်းသွားလာ၍ မရကြောင်းနှင့် အဆိုပါတံတားသည် ဒေသခံပြည်သူများအတွက် သွားလာရေးအပိုင်းတွင် အဓိကအရေးပါသည့် တံတားဖြစ်ပြီး တံတားကို သက်ဆိုင်ရာဌာနများက အမြန်ပြန်လည်မွမ်းမံပေးရန် အကြောင်းကြားထားကာ ပြည်သူများ အန္တရာယ်မဖြစ်အောင် အသိပေးဆိုင်းဘုတ်စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လပွတ္တာမြို့နယ်၌ သုံးလောင်းပြိုင်လူသတ်မှုကျူးလွန်သူ သုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ဩဂုတ် ၂၃ ရက်က သုံးလောင်းပြိုင် လူသတ်မှုကျူးလွန်သူ သုံးဦးအား သက်သေခံ ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၃ ရက် ည ၆ နာရီခွဲတွင် လပွတ္တာမြို့နယ် တူးမြောင်းကျေးရွာနေ အောင်စန်းမင်း (ခ) ဝက်သိုး (၃၀နှစ်)၊ မျိုးလင်းအောင် (၃၀နှစ်)၊ ရဲနိုင်ဝင်း(၃၀ နှစ်)တို့ သုံးဦးသည် အောင်စန်းမင်း (ခ) ဝက်သိုး၏ နေအိမ်ရှေ့၌ အရက်အတူ သောက်စားကြပြီးနောက် တစ်ရွာတည်းနေ ရာအိမ်မှူး ဦးမြင့်အေး (၅၁နှစ်)၏နေအိမ်သို့ သွားရောက်၍ ကျေးရွာအတွင်း ကျွဲပျောက်၊ နွားပျောက်ဖြစ်တိုင်း ၎င်းတို့အား ရဲစခန်းမှ ခေါ်ယူစစ်ဆေးခြင်းမှာ ဦးမြင့်အေး၏ သတင်းပေးမှုကြောင့်ဟု စွပ်စွဲပြောဆိုကာ ဓားများဖြင့် ဝိုင်းဝန်းထိုးခုတ်သောကြောင့် ဦးမြင့်အေး(၅၁နှစ်)၊ ဇနီးဖြစ်သူ ဒေါ်မိုးမိုး (၄၁နှစ်)နှင့် သားဖြစ်သူ မောင်ချစ်ညီညီ (ရှစ်လ)တို့တွင် ဒဏ်ရာများ အသီးသီးရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ အောင်စန်းမင်း(ခ)ဝက်သိုးပါ သုံးဦးအား တူးမြောင်းနယ်မြေရဲစခန်းက အမှုဖွင့်လှစ်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာမှ ဩဂုတ် ၂၄ ရက်တွင် တရားခံ သုံးဦးအား သက်သေခံ ၄က်ကြီးတောင်ဓားတစ်ချောင်း၊ ဓားမြှောင်တစ်ချောင်း၊ ကိုင်းခုတ်ဓားတစ်ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိသောကြောင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သီပေါ၌ မိုးရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် တုံစင့်ကျေးရွာချောင်းရေလျှံကာ စိုက်ကွင်းများရေနစ်မြုပ်

**သီပေါ ဩဂုတ် ၂၅**

သီပေါမြို့နယ်တွင် မိုးရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ဒုဋ္ဌဝတီမြစ်နှင့် နမ့်ပေ့ါချောင်းတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ ရေကြီးရေလျှံမှုကြောင့် တုံစင့်ကျေးရွာအနိမ့်ပိုင်းများတွင် တုံစင့်ချောင်းရေလျှံကာ လူနေအိမ်အချို့နှင့် ရွှေတံခါးစိုက်ပျိုးရေးခြံ၊ အိမ်များတွင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ရေနစ်မြုပ်ပြီး ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**



# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၆ စီး၊ သွင်းကုန် ၁၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၄ ရက်တွင် မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၃၅၀ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ Lactasoy Soy Milk (125 mlx60) (50 Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၁)လပြည့်လွမ်းဆွတ်သတိရခြင်း
## ဦးပို

**တရားလွှတ်တော်ရှေ့နေ-နိုတြီပဗ္ဗလစ်**

**(ပြည်နယ်/တိုင်းတရားသူကြီးနှင့် ဖြစ်မှုညွှန်ကြားရေးမှူး-အငြိမ်းစား)**

**၂၆-၇-၂၀၂၁ရက်မှ ၂၆-၈-၂၀၂၁ရက်**

**အသက်(၇၈)နှစ်**

ကျေးဇူးရှင်ချစ်ခင်ပွန်း ကွယ်လွန်ခဲ့သည်မှာ ၂၆-၈-၂၀၂၁ရက်တွင် (၁)လပြည့် မြောက်ခဲ့ပြီးဖြစ်ပါသည်။ ကွယ်လွန်သွားတာ (၁)လပြည့်သွားပေမယ့် ယနေ့တိုင် သက်ရှိထင်ရှားရှိနေတယ်လို့ ထင်ယောင်နေဆဲပါ။ ကျန်ရစ်သူဇနီးနှင့်မိသားစု ခင်ပွန်း ဦးပိုအားရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးနေပါတယ်။ ယခုဘဝတစ်လျှောက် လုံးမှာ ဒါနကုသိုလ်ကောင်းမှုစုစုအတွက် သာဓုခေါ်ဆိုနိုင်ပါစေ။

**ချစ်ဇနီး ဒေါ်လှဝင်းရီ(ခ)ဒေါ်ယဉ်မေနှင့် မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၊ လူမှုထူးချွန်ပထမဆင့်**

## ဦးကိုကိုထွေး

**ဥက္ကဋ္ဌ**

**တော်ဝင်မိသားစုကုမ္ပဏီလီမိတက်**

**အသက်(၆၇)နှစ်**

သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးသန်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝတ်ရည်ထွေး၊ မသီရိထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးကိုကိုထွေးသည် ၂၃-၈-၂၀၂၁ရက် (တနင်္လာနေ့) ည ၉:၁၀နာရီတွင် (၆၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးတင်လှိုင်(ငြိမ်း)၊ ပြည်ထဲရေးဝန်ကြီး(ငြိမ်း)နှင့် မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

